www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

သစ္စာမွန်စာပေတိုက်
ရဲ့
စင်တင်ကလောင်ရှင်

# ရှိုင်းမဟာ

ဒီဇင်ဘာသတ္တရာဇ်

(လျှို့ဝှက်စွန့်စားခန်းလုံးချင်းဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

# ◀◀ အဖွင့် ▶▶

ဒီဇင်ဘာ၏နှင်းစက်နှင်းပွင့်တွေက မြေပြင်ပေါ်တွင် ကြွေခလျက်ဆောင်းည၏သရုပ်ကိုဖော်ပြ၍နေသည်။ ရေတမာပင်ကြီးများဝိုင်းရံစိုက်ပျိုးထားသောမဏ္ဍပ်ရ ဘဏ်တိုက်ကြီးကိုနှင်းပွင့်တွေကြားတွင် တွေ့နေရသည်။ မြန်မာနိုင်ငံတွင် အစိုးရဘဏ်ကြီးပြီးလျှင်အင်္ဂလိကဘဏ်တွေထဲတွင် အကြီးမားဆုံးဘဏ်ကြီးဆိုလျှင် မမှား။ နိုင်ငံတကာကုန်သွယ်မှုငွေပြောင်းငွေလွှဲလုပ်ငန်းကြီးကို အကြီးအကျယ်လုပ်ကိုင်နေသောဘဏ်ကြီးပင်ဖြစ်သည်။

အချိန်ကည (၁း၀၀)နာရီ ထိုးလုလုတွင် ဘဏ်ကြီးထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ကား(၂)စီးမောင်းဝင်လာသည်။ ရှေ့ဆုံးမှကားမှာ အနက်ရောင်မာစီးဒီး ကားလေးဖြစ်ပြီး နောက်တွင် ကပ်ပါလာသောကားမှာ ကုန်တင်အလုံပိတ်ထရပ်ကားငယ်တစ်စီးပင်ဖြစ်သည်။

ဘဏ်လုံခြုံရေးဂိတ်မှာ စောင့်ကြပ်နေသော လုံခြုံရေးဝန်ထမ်း(၃)ဦးမှ ရှေ့ဆုံးကားကိုလှမ်းပြီးတားလိုက်တော့...

"ဟာ... ဆရာကောင်းဝိလျံ"

"ဟုတ်တယ်..ကိစ္စရှိလို့လာတာ... တံခါးဖွင့်"

"ဟုတ်...ဟုတ်ကဲ့"

ကောင်းဝိလျံဆိုသူမှာ ဘဏ်ကြီး၏အကြီးဆုံးမန်နေဂျာချုပ်ကြီးဖြစ်သဖြင့် တံခါးကိုဖွင့်ပေးလိုက်ရသည်။

ဘဏ်ကြီး၏ဂိတ်တံခါးများကို ခေတ်မီ အီလက်ထရောနစ်စနစ်ဖြင့်သာ အဖွင့်အပိတ်ပြုလုပ်နိုင်သောကြောင့် ဂိတ်အတွင်းမှ ခလုတ်တစ်ခုကိုနှိပ်လိုက်မှ တံခါးမကြီးပွင့်သွားလေတော့သည်။

"ဝှီး..."

ကား(၂)စီးသည် ဘဏ်ကြီး၏ဂိတ်ပေါက်ထဲသို့ မောင်းဝင်လာပြီးနောက် ကားပေါ်မှ အသံတိတ်တပ်ထားသော သေနတ်တစ်လက်ထွက်လာပြီး





"ဒုတ်...ဒုတ်...ဒုတ်..."

"အင့်...အီး...အီး.."

လုံခြုံရေးလူငယ် (၃)ဦးစလုံး မြေပြင်ပေါ်တွင် လဲကျသွားတော့သည်။ ကား(၂)စီးလုံး ဘဏ်အပေါက်ဝတွင်ရပ်လိုက်ကာ ကောင်းဝိလျံဆိုသူ ဆင်းလာပြီး အတွင်းတံခါးချပ်လျှို့ဝှက်နံပါတ်ခလုတ်နှိပ်ပြီးဖွင့်လိုက်သည်။ ဘဏ်ကြီးထဲတွင် လုံခြုံရေးတာဝန်ကျနေသော သူတွေက ကောင်းဝိလျံကိုတွေ့တာကြောင့်

"ဆရာ..ဘာကိစ္စများရှိလို့လဲ"

"ကိစ္စရှိလို့လာတာပေါ့။ မင်းတို့ခေါင်းဆောင် ညဏ်ဦးရော"

"ရှိပါတယ်ဆရာ၊ ဟိုဘက်ခန်းမှာ မနက်ဖြန်အတွက် လွှဲပြောင်းရေးကိစ္စတွေလုပ်နေပါတယ်"

"ဘယ်နှစ်ယောက်လဲ"

"အားလုံး(၃)ယောက်ပါဆရာ၊ ကျွန်တော်သွားပြီး အကြောင်းကြားလိုက်ရမလားဆရာ"

"မကြားနဲ့.... ငါကိုယ်တိုင်သွားတွေ့လိုက်မယ်"

"ဟုတ်ကဲ့"

ကောင်းဝိလျံဆိုသူနောက်တွင် ကပ်လိုက်လာတဲ့သေနတ်



www.burmeseclassic.com

www.burmeseclassic.com



သမား(၃)ဦးဆီမှသေနတ်သံတွေထွက်ပေါ်လာခဲ့သည်။

"ဒုတ်...ဒုတ်...ဒုတ်.."

ကြမ်းပြင်ပေါ်တွင်အတုံးအရုံးလဲကျသွားတော့သည်။

"ဟင်...ခင်...ဗျား...ကောင်း...ဝီ...လျံ"

အခန်းထဲမှထွက်လာသောဘဏ်လက်ထောက်မန်နေဂျာကိုညာဏ်ဦးက တွေ့သွားပြီးအံ့အားသင့်ချိန်တွင်

"ဒုတ်.."

"အား.."

ကိုညာဏ်ဦး ရင်ဝကို ကျည်ထိမှန်သွားပြီးနောက်သို့လှန်ပြီးကျသွားတော့သည်။

"နောက်ကလူတွေပါဆက်ရှင်း"

အခန်းထဲမှထက်ပြီးထွက်လာသော (၂)ယောက်ကိုပါသေနတ်သမားတွေကပစ်ခတ်လိုက်ကြသည်။

"လုပ်စရာရှိတာကိုမြန်မြန်လုပ်ကြမယ်"

"တီ...တီ.."

ဘဏ်ကြီး၏နောက်ဘက်တံခါးချပ်တွေမှာ ကွန်ပျူတာစနစ်နှင့်ဖွင့်ရတာမို့ကောင်းဝီလျံတို့ထဲမှကွန်ပျူတာသမားတစ်ဦးက ကျွမ်း





ကျင်စွာ တံခါးတွေကိုသူ့မှာပါလာသော ခရီးဆောင်ကွန်ပျူတာလေးနှင့်ဖွင့်လှစ်လိုက်သည်။ နောက် သံမဏိအာမခံတံခါးကြီးဆီသို့ရောက်ခဲ့ကြသည်။

ကောင်းဝီလျံ တံခါးချပ်ကြီး၏ ဘယ်ဘက်တွင်ရှိသော မှန်ချပ်လေးရှေ့တွင်ရပ်ပြီးသူ့အိတ်ကပ်ထဲမှဘူးလေးတစ်ဘူးကိုနှိုက်ပြီး အထဲမှ မျက်လုံးတစ်လုံးကို မှန်ချပ်၏အပေါက်လေးရှေ့တွင်ကပ်ပြီးပြလိုက်တော့မှ

"တီ...တီ...တီ.."

သံမဏိအာမခံတံခါးချပ်ကြီးပွင့်သွားတော့၏။

"သယ်စရာရှိတာကိုမြန်မြန်ဆန်ဆန် သယ်ကြ"

ဘဏ်ကြီး၏အာမခံသံမဏိအခန်းထဲတွင်ရှိသော ငွေများကိုမယူဘဲစိန်များကိုသာ ထုတ်ယူကြလေသည်။

"ဆရာ...အားလုံးပြီးပြီ"

"ဒါဆို သွားကြမယ်"

ကောင်းဝီလျံဆိုသူနှင့်အဖွဲ့သည် သူတို့ သယ်ယူရမည့်ပစ္စည်းတွေကို ကားပေါ်သို့ တင်ဆောင်ပြီးသည်နှင့် ဘဏ်ကြီးထဲမှကားကိုအမြန်မောင်းထွက်ခဲ့ကြတော့၏။ ဒီဇင်ဘာည၏တိတ်ဆိတ်မှု



www.burmeseclassic.com

www.burmeseclassic.com



အောက်တွင် မဏိပူရ ဘဏ်ကြီးရဲ့ အနိဋ္ဌာရုံကြီးကို ဘယ်သူမှ မသိလိုက်ကြပေ။ ဒါပေမဲ့ ထိုအဖြစ်အပျက်တွေကို တွေ့မြင်လိုက်သူ တစ်ဦးကတော့ ဘဏ်ကြီးရဲ့သန့်ရှင်းရေးအလုပ်သမားကိုသံချောင်း ဆိုသူပင်ဖြစ်သည်။ သူ့ကိုကောင်းဇီလျံတို့ကမတွေ့ခဲ့ကြပေ။ သံချောင်း ဘဏ်ကြီးထဲသို့ဝင်ပြီး သေဆုံးသူတွေကိုကြည့်ကာ သွေးပျက်မတတ် ဖြစ်သွားသည်။

"ကို...သံ...ချောင်း"

"ဟာ...ဆရာညာဏ်ဦး..."

သွေးသံရဲရဲဖြင့်သူ့ကို လှမ်းခေါ်လိုက်သဖြင့် ပြေးမွေ့လိုက်သည်။

"ကောင်းဇီလျံ...ဆိုတဲ့သူ...ဘဏ်ကို...လုယက်သွားတာ..."

"ဆရာ...ဦးညာဏ်ဦး"

ကိုသံချောင်းလက်ပေါ်တွင် ကိုညာဏ်ဦးတစ်ယောက် ခေါင်းကျိုးကျသွားတော့သည်။



အခန်း ◂◂ ၁ ▸▸

"သေဆုံးဒဏ်ရာရသူအားလုံး ဘယ်နှစ်ဦးရှိလဲ စခန်းမှူးကြီး"

ထောက်လှမ်းရေးအရာရှိ ရာဇာဒီပါ နယ်မြေခံစခန်းမှူး ကိုအောင်ကျော်ကို လှမ်းပြီးမေးလိုက်သည်။

"ဆရာ ဒီပါရေ... အားလုံး (၈)ယောက်တိတိပဲ၊ တစ်ယောက်မှ မျှော်လင့်ချက်မရှိကြတော့ဘူး"

"သေနတ်ဒဏ်ရာနဲ့ချည်းပဲလား"

"ဟုတ်တယ်ဆရာ ဒီပါ၊ ဘဏ်ထဲက ပါသွားတဲ့ ပစ္စည်းတွေကိုတော့ မသိရသေးဘူး၊ အပြင်မှာရှိတဲ့ ငွေတွေတော့ ပြည့်စုံတယ်လို့ငွေစာရင်းကိုင်က ပြောပါတယ်၊ ဘဏ်ရဲ့ငွေတိုက်ထဲကတော့ မန်နေဂျာဦးလက်ျာခေါင် ရောက်မလာသေးလို့ဖွင့်ပြီးမကြည့်ရသေး



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"ဒီပါ...မင်းဘယ်လိုထင်သလဲ"

ထောက်လှမ်းရေးတပ်တွင် အတူတူတာဝန်ထမ်းဆောင်နေသော သူငယ်ချင်းဖြစ်သူ ကျော်စွာ့အမေးကို ချက်ချင်းမဖြေသေးဘဲ အလောင်းတွေကိုလှမ်းကြည့်လိုက်ပြီး

"ဘဏ်ထဲမှာ အဖိုးတန်တဲ့ပစ္စည်းတွေ သယ်သွားတာတော့ သေချာသလောက်ရှိတယ်ကွ"

"ဒီလောက်ခေတ်မီစက်ကိရိယာတွေ ကွန်ပျူတာတွေနဲ့ လုံခြုံရေးလုပ်ထားတဲ့ဘဏ်ကို အလွယ်တကူ ထိုးဖောက်ဝင်ပြီး ယူသွားနိုင်တာကတော့ အံ့သြစရာပဲ"

"သိပ်တော်တဲ့သူတွေ နေမှာပေါ့ကွာ၊ ရဲချုပ်ကြီးလာပြီး စစ်ဆေးမယ်လို့ပြောထားတယ်"

"ရဲချုပ်ကြီးအတွက် ခေါင်းကြီးစရာတော့ဖြစ်ပြီကွ"

ရာဇာဒီပါတို့စကားမဆုံးခင်မှာပဲ ရဲချုပ်ကြီးကားမောင်းဝင်လာတာကိုတွေ့လိုက်ရ၍ ထွက်ပြီးကြိုဆိုလိုက်ကြသည်။

"ဆရာဒီပါ..ဘာတွေထူးခြားတာတွေ့သေးလဲ"

"ခုထိတော့ သဲလွန်စကိုရှာလို့မရသေးပါဘူး၊ ပြီးတော့ ဓားပြ





အဖွဲ့က ငွေတွေကိုမယူသွားကြဘူးဆိုတော့ ဘဏ်အာမခံခန်းထဲက ဘယ်လိုပစ္စည်းတွေကိုယူသွားသလဲဆိုတာ စစ်ဆေးဖို့မန်နေဂျာကို စောင့်နေပါတယ်"

"မန်နေဂျာက ဦးလက်ျာခေါင်မဟုတ်လား"

"ဟုတ်ပါတယ်"

"စစ်တပ်မှာ ငါနဲ့အတူတာဝန်ထမ်းဆောင်ခဲ့တဲ့ရဲဘော်တွေကွ၊ သူက ဆေးပင်စင်နဲ့ အနားယူသွားပြီး မဏိပူရဘဏ်ကြီးမှာ မန်နေဂျာဝင်ပြီးလုပ်နေတာ... သူလည်း ခပ်ညံ့ညံ့တော့မဟုတ်ဘူး၊ ဒီလောက်အတင့်ရဲတာ ခံပြင်းစရာပဲကွ"

ရဲချုပ်ကြီးမှ သေဆုံးသူတွေနှင့်ဘဏ်ကြီးအခြေအနေကို ကြည့်ပြီးနောက်

"အလောင်းတွေကိုသယ်သွားကြတော့ကွာ"

"ဟုတ်.."

ဆေးရုံကားတွေပေါ်သို့ အသတ်ခံရသူတွေကိုတင်ဆောင်နေစဉ်မှာပဲ မန်နေဂျာဦးလက်ျာခေါင် ရောက်လာပြီး..

"ဆောရီးကွာ.. လမ်းမှာ ကားဘီးပေါက်နေလို့ နောက်ကျသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ကွာ..၊ ကဲ..လက်ျာခေါင်..ဘာတွေပါသွားတယ် ဆိုတာ မင်းဘဏ်တိုက်အာမခံခန်းကိုဖွင့်ပြီးကြည့်မှသိရမှာကွ"

"သွားကြည့်တာပေါ့"

ဦးလက်ျာခေါင် ခေါ်ဆောင်သောနောက်သို့ တံခါး(၃)ထပ် လောက်ကိုကျော်ပြီးမှ အရေးကြီးသော ဘဏ်တိုက်အာမခံခန်းသို့ ရောက်လေသည်။

"အန်ကယ်...ကျွန်တော်တို့ဖြတ်ခဲ့တဲ့တံခါးမတွေက ကွန်ပျူ တာစနစ်တွေနဲ့ဖွင့်ရတာမဟုတ်လား"

"ဟုတ်တယ် ဆရာဒီပါ၊ ဒီတံခါးတွေကို ကွန်ပျူတာကျွမ်း ကျင်တဲ့သူတစ်ယောက်က ဖွင့်သွားတာဖြစ်မယ်၊ ဒါကလည်းမလွယ် လှဘူး၊ အရေးကြီးတဲ့ ကွန်ပျူတာကုတ်ကို သိတဲ့သူမှ ရှာဖွေပြီးဖွင့်လို့ ရတာ"

"ဒီကွန်ပျူတာကုတ်ကိုတာဝန်ယူတဲ့သူက ဘယ်သူလဲ"

"ကိုညဏ်ဦးဆိုတဲ့လူပါ၊ သူလည်း အသတ်ခံရတဲ့အထဲမှာ ပါသွားတယ်"

"ဟင်.."

ရာဇာဒီပါအတွေးခြောက်စေသော အချက်ပင်ဖြစ်နေသည်။





"ဒီတံခါးတွေကိုပဲ ဖြတ်လို့ရချင်ရမယ်၊ ဘဏ်တိုက်အာမခံ တံခါးကြီးကိုဖွင့်လို့ရတဲ့လူက (၃)ယောက်ပဲရှိတယ်၊ မဂ်ကိုပူရ ဘဏ် တိုက်ပိုင်ရှင် မစ္စတာပောက်ရှီပိုင်ရယ်၊ ကျုပ်ရယ်၊ လွန်ခဲ့တဲ့ (၃)လ လောက်က သေသွားတဲ့ကောင်းဗိလျံရယ်ပဲ ဖွင့်လို့ရတာ"

"ဘယ်လိုနည်းစနစ်နဲ့ လုပ်ထားလို့လဲ"

"ဒီမှာလေ... ဆရာဒီပါ"

ဦးလက်ျာခေါင်က သူ၏ဘယ်ဘက်မျက်လုံးကိုထိုးပြလိုက် ၏။

"မျက်လုံးသူငယ်အိမ်အကျဉ်းအကျယ် သွေးကြောလှုပ်ရှား မှုတွေနဲ့ ဆက်နွယ်ပြီးပြုလုပ်ထားတာ... ဒီမှာကြည့်"

ဦးလက်ျာ ခေါင် မိမိရှေ့ရှိ မှန်ချပ်လေးရှေ့တွင် သူ့မျက်လုံး နှင့်ကပ်ပြီးကြည့်လိုက်မှ

"တီ...တီ...တီ.....ကျွိ.."

သံမဏိတံခါးချပ်ကြီးပွင့်သွားတော့သည်။

"အထဲကိုဝင်ရအောင်"

"ဟုတ်ကဲ့"

ရာဇာဒီပါတို့ဘဏ်တိုက်ခန်းထဲသို့ရောက်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ပါသွားပြီ"

"ဘာတွေလဲလက်ျာခေါင်း…"

"ကမ္ဘာ့အဆင့်မီ စိန်ပြပွဲအတွက် အပ်နှံထားတဲ့ စိန်သေတ္တာတွေပါသွားပြီ"

"ဟင်…"

"ဟော…"

ဘဏ်တိုက်ထဲတွင် ငွေသေတ္တာများစွာရှိနေပေမဲ့တစ်ရွက်တောင် လျော့မသွားဘဲ စိန်သေတ္တာသက်သက်ကိုသာ ယူသွားခြင်းဖြစ်သည်။

"ဒီစိန်တွေက အခွန်ပေးဆောင်ပြီး သွင်းထားတဲ့ တရားဝင်စိန်တွေပါ"

"ကာလတန်ကြေး ဘယ်လောက်ဖိုးလောက်ရှိသလဲ"

"ဒေါ်လာ ၁.၄ ဘီလီယံလောက် တန်ဖိုးရှိတယ်"

"တန်ကြေးမနည်းပါလား"

"သူ့ငွေးတော့ ခေါင်းမီးတောက်ပြီပေါ့ကွာ၊ ဒီထဲကို ဝင်လို့ရတာဆိုလို့ သူ့နဲ့ငါပဲ ကျန်ခဲ့တာ၊ သူမဟုတ်ရင် ငါဖြစ်ရမယ်၊ ဖူး…ဟူး…"

ဦးလက်ျာခေါင်း သက်ပြင်းတွေ အကြိမ်ကြိမ်ချပြီး ဘာလုပ်ရ





မှန်းပင်မသိဖြစ်နေတော့သည်။

"ငါ့ကိုကယ်ပါဦးကွာ"

"လက်ျာခေါင်း… သိပ်ပြီးတော့ မစိုးရိမ်ပါနဲ့ကွာ၊ ဒီအမှုကို အမြန်ဆုံးဖော်ထုတ်နိုင်အောင်ကြိုးစားပေးပါ့မယ်"

"တကယ့်ကိုမယုံနိုင်စရာပဲကွာ"

ကျော်စွာမှ ခတ်ပုံမှတ်တမ်းတွေကို ရိုက်ယူနေသလို ရာဇာဒီပါကတော့ ခြေရာလက်ရာတွေကို စစ်ဆေးနေသည်။ ဘဏ်တိုက် ၏ တံခါးဝတွင် စီးကရက်အတိုတစ်ခုကိုတွေ့သဖြင့် ကောက်ယူကြည့်လိုက်တော့ တရုတ်ပြည်ထုတ် စီးကရက်ဖြစ်ပြီး မြန်မာပြည်ဘက်တွင် သောက်သုံးသူ မရှိသလောက်ပင်။ ရာဇာဒီပါ ထိုစီးကရက်တိုကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းလိုက်ပြီး အပြင်သို့ ပြန်ထွက်ခဲ့ကြသည်။

"အန်ကယ်…ဒီစီးကရက်မျိုးကို ဘယ်သူသောက်တာတွေ့ဖူးလဲ"

"မတွေ့ဖူးဘူးကွဲ့၊ အန်ကယ်တို့ဘဏ်မှာရှိတဲ့ဝန်ထမ်းတွေအားလုံး ဘဏ်ထဲမှာ ဘယ်သူမှ ဆေးလိပ်မသောက်ရဘူး၊ အထူးသဖြင့် ဒီအခန်းကိုဝင်ရင် ပိုပြီးတောင် မသောက်ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်တို့ဘဏ်မှာ စီစီတီဗီကင်မရာတွေ မတပ်ထားဘူးလား"

"တပ်ထားတယ်"

"သွားပြီးကြည့်လို့ရမလား"

"ရတာပေါ့၊ လုံခြုံရေးခန်းမှာထားတယ်လေ၊ အဲဒီကနေ ဘဏ်ထဲက လှုပ်ရှားမှုတွေကိုကြည့်ကြတာ"

"ညက ဓားပြတွေဝင်ရောက်မှုကို ရိုက်ထားမှာသေချာပါတယ်"

လုံခြုံရေးအခန်းထဲသို့ဝင်ပြီး ညက အခြေအနေကိုရှာဖွေပေမဲ့ ဘာမှမတွေ့ရပေ။

"ညက မရိုက်ဖြစ်လိုက်ဘူးနဲ့တူတယ်"

"မဖြစ်နိုင်ဘူး၊ စီစီတီဗီကင်မရာက တစ်ညလုံးရိုက်ယူပြီး မနက်ကျရင် အန်ကယ်တစ်ချက်ပြန်ကြည့်တယ်လေ၊ ခု ဘယ်လိုဖြစ်သွားတာလဲ မသိဘူး"

"စီစီတီဗီကင်မရာရိုက်လို့မရအောင် ဖျက်ပြီးမှဝင်တဲ့သဘောပါ"

"ဆရာဒီပါ"





"ဟုတ်ကဲ့ အမိန့်ရှိပါ ရဲချုပ်ကြီး"

"ခု မဂ်ဂီပူရဘဏ်ကြီးကနေ ဓားပြတိုက်ယူသွားတဲ့အမှုကို အထူးကြိုးစားပြီး ဖော်ထုတ်ပေးပါ"

"ဟုတ်ကဲ့"

"လက်ျာခေါင်း.. ငါပြန်ဦးမယ်ကွာ၊ ငါ့တပည့်တွေက အစွမ်းကုန်ကြိုးစားပေးပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ်ကွာ"

ရဲချုပ်ကြီးပြန်သွားပေမဲ့ ရာဇာဒီပါနှင့်ကျော်စွာတို့ ဆက်ပြီး စစ်ဆေးရမည့်ကိစ္စများကို လုပ်ကိုင်နေစဉ်...

"ဆရာဒီပါ"

"စခန်းမှူးကြီး...လာဗျာ"

"ဒီမှာ ညက မြင်ကွင်းကိုမြင်လိုက်တဲ့သူကိုခေါ်လာတယ်"

"သြော်...ကဲ...ထိုင်ဗျာ"

"ကျွန်တော့်အမည်က သံချောင်းပါ၊ မဂ်ဂီပူရဘဏ်ကြီး ရဲ့ သန့်ရှင်းရေးအလုပ်သမားပါ"

"ဆက်ပြီးပြောပါ"

"ညက (၁း၀၀)နာရီလောက်မှာ ကား(၂)စီးနဲ့ သေနတ်



www.burmeseclassic.com

www.burmeseclassic.com



သမားတွေရောက်လာပြီးအရင်ဆုံးဂိတ်ဝကလုံခြုံရေးသမားတွေကို အသံတိတ်သေနတ်နဲ့ပစ်သတ်ပြီးမှ ဘဏ်ထဲကိုဝင်သွားကြတာ၊ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိဖြစ်သွားပြီး ချုံလေးထဲမှာ ကြောက်ကြောက်နဲ့ပုန်းနေခဲ့ရတယ်၊ သူတို့ပြန်သွားတော့မှ ဘဏ်ကြီးထဲကို ဝင်ကြည့်တော့ ဆရာကိုညာဏ်ဦးတို့ လဲနေတာတွေ့ရပါတယ်"

"ဘယ်သူဘယ်ဝါဆိုတာ ကိုသံချောင်းမသိဘူးလား"

"မသိပါဘူးဆရာ... ဒါပေမယ့် ကျွန်တော်အခုထဲကို ရောက်တော့ ဆရာကိုညာဏ်ဦးမသေသေးဘူး၊ ကျွန်တော်ပွေ့မတုန်း သူ့ဆီက နောက်ဆုံးစကားကိုကြားခဲ့ရပါတယ်"

"သူ ဘာပြောခဲ့လဲ ကိုသံချောင်း"

"ဘဏ်ကြီးကိုဓားပြတိုက်တဲ့သူက ကောင်းဇီလျှံလို့ပြောပြီး သေသွားတာပါ"

"ဟင်..."

"ဟာ..."

ရာဇာဒီပါ နားမလည်နိုင်အောင် ဖြစ်သွားတော့ သည် ဦးလက်ျာခေါင်ပြောတော့ ကောင်းဇီလျှံသေဆုံးသွားတာ (၃) လ





ရှိနေလေပြီ။

"ဟူး...ပိုပြီးတောင်ရှုပ်လာပါလားဟေ့"

"ကျွန်တော် ပြောနိုင်တာ ဒါအကုန်ပါပဲဆရာ၊ ဆရာဦးညာဏ်ဦး သေသွားတာနဲ့ ရဲစခန်းကို ကျွန်တော် ဖုန်းဆက်ပြီး အကြောင်းကြားလိုက်ရတာပါ"

"ကိုသံချောင်းကျေးဇူးပဲဗျာ"

"ဟုတ်ကဲ့"

"လိုအပ်ရင် ခေါ်ပြီးတွေ့ပါမယ်"

"ကျွန်တော် သွားလို့ရပြီလားဆရာ"

"ရပါပြီ"

ရာဇာဒီပါတို့ဦးလက်ျာအခန်းထဲသို့ဝင်လာခဲ့ပြီးနောက်

"ဆရာဒီပါ...ထိုင်ဗျာ၊ ဘာတွေထူးခြားတာတွေ့သေးလဲ"

"အန်ကယ့်ကိုမေးစရာလေးရှိလို့ပါ"

"ဆရာဒီပါတို့သိချင်တာကိုမေးပါ"

"ကောင်းဇီလျှံဘယ်မှာဆုံးပါးသွားတာလဲ"

"တရုတ်ပြည်ရှန်ဟိုင်းမှာပါ"

"သူသေဆုံးတာကိုအန်ကယ်ကိုယ်တိုင်တွေ့ခဲ့တာလား"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ခဲ့တာပေါ့ကွယ်၊ အန်နကယ်နဲ့သူ တရုတ်ပြည် ရှန်ဟိုင်းမှာ ဘဏ်ကိစ္စနှင့်သွားတုန်းက ကားကားချင်းတိုက်မိပြီး အန်နကယ်က တော့ကံကောင်းထောက်မစွာနဲ့ ညာလက်ဆစ်လွဲတာကလွဲပြီး ဘာမှ မဖြစ်ခဲ့ဘူး။ ကောင်းဝီလျံကတော့ ကားစတီယာတိုင်နဲ့ ရင်ဝကိုဆောင့် မိပြီး ဆေးရုံမှာ (၅)ရက်လောက်ကုသပေမဲ့ မရခဲ့ဘူး။ ဆုံးပါးသွားခဲ့ တယ်။ သူ့ကို ဂူသွင်းသဂြိုဟ်ပြီးမှ အန်နကယ်မြန်မာပြည်ကိုပြန်ခဲ့တာ ဘာဖြစ်လို့လဲ ဆရာဒီပါ"

"ကိုညာဏ်ဦးက ကောင်းဝီလျံဆုံးတာကိုသိမှာပေါ့"

"သိတာပေါ့ကွယ်"

"သူက သေခါနီးမှ ဘဏ်ကြီးကို ဓားပြတိုက်သွားတာ ကောင်းဝီလျံလို့ ပြောခဲ့လို့ပါ"

"ဟာ... မဖြစ်နိုင်ဘူး၊ အန်နကယ့်ရှေ့မှာ သူတကယ်သေသွား တာပါကွယ်၊ တစ်ခုခုလွဲနေပြီထင်တယ်"

"စဉ်းစားစရာတွေဖြစ်နေပါပြီ၊ ဩော်... သန့်ရှင်းရေးအလုပ် သမား ကိုသံချောင်းက ကောင်းဝီလျံကို တွေ့ဖူးလား"

"သူ မတွေ့ဖူးလိုက်ဘူး၊ ကောင်းဝီလျံ ဆုံးပြီးမှ အလုပ်ဝင် တာလေ၊ နာမည်တောင် သူကြားဖူးမှာမဟုတ်ဘူး"





ရာဇာဒီပါအတွက် သဲလွန်စ မရသောအခြေအနေသို့ ရောက်ရှိနေလေပြီ။

"ကျွန်တော်တို့ကိုပြန်ခွင့်ပြုပါဦး၊ ပြင်ပမှသဲလွန်စတွေကို ရှာရ ဦးမယ်"

"ကောင်းပါပြီကွာ၊ လိုအပ်တာရှိရင်ပြောပါ"

"ဟုတ်ကဲ့"

ရာဇာဒီပါတို့ ဘဏ်ကြီးထဲမှ ထွက်လာတော့ မိုးလင်းစပြုနေ လေပြီ။ အပြင်တွင် မြူနှင်းတွေကျလျက်..

"ဒီပါ... ငါတော့ ဘယ်လိုမှ စဉ်းစားလို့တောင်မရတော့ဘူး၊ ဦးလက်ျာခေါင် စကားအရဆိုရင် သူ့ကိုပဲဖမ်းရမလိုဖြစ်နေပြီကွ"

ရာဇာဒီပါကတော့ ခေါင်းထဲမှာ အတွေးများစွာနှင့် ကားကို သာ ဂရုစိုက်မောင်းလာခဲ့လေသည်။

"တစ်ခုခုများ လွဲနေပြီလား ဒီပါ"

"အဖြေတစ်ခုကို ဆုံးဖြတ်ချက်ချလို့မရသေးဘူး၊ အရေးကြီး တဲ့သော့ချက်က ကောင်းဝီလျံ သေခြင်းမသေခြင်းပဲ"

"ဦးလက်ျာခေါင်က သူကိုယ်တိုင် ဂူသွင်းခဲ့တာလို့ပြောသေ ချာချာကြီးကိုပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အသတ်ခံရတဲ့ ကိုညက်ဦးကလည်း ကောင်းဝီလျံဆိုတာ ကိုပြောသွားတယ်"

"ဟို သံချောင်းဆိုတဲ့လူ နားကြားလွဲတာရော မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ဘူး ကျော်စွာ၊ ဘာကြောင့်လဲဆိုတော့ ကောင်းဝီလျံကို သံချောင်း မသိနိုင်တာရယ်၊ သံမဏိတံခါးကြီးကို ဖွင့်လို့ရတဲ့ (၃)ဦးထဲမှာ ကောင်းဝီလျံပါနေတာရယ်က ကောင်းဝီလျံ သေခြင်းမသေခြင်းကို အတည်ပြုဖို့လိုနေပြီကွ"

"တကယ်မလွယ်တဲ့ အမှုကြီးပဲ၊ ကဲ...ဒါတွေထားပါဦး၊ မင်း ဘာဆက်ပြီးလုပ်မလဲ၊ ရဲချုပ်ကြီးကတော့ ငါတို့ပခုံးပေါ်ကို တင်ပေးလိုက်ပြီ"

"ငါတို့လုပ်ရမှာက ညကမောင်းဝင်လာတဲ့ကားတွေနဲ့ သယ်သွားတဲ့ပစ္စည်းတွေကို ခြေရာခံဖို့ပဲရှိတော့တယ်"

"ပစ္စည်းတွေက မြန်မာပြည်ထဲကနေ အပြင်ကိုထုတ်မှာတော့ သေချာတယ်၊ ငါတို့လက်ဦးမှုရနိုင်ပါ့မလား"

"ခုချိန်ထိတော့ ဘာမှ ခိုင်ခိုင်မာမာ ပြောလို့မရသေးဘူး"

"ဒီပါ...မင်းနဲ့ငါက ပင်လယ်ထဲက အပ်ရှာရတာထက်





ခက်မယ့်သဲလွန်စကိုရှာရတော့မှာနော်၊ ဘယ်ကနေ စပြီးစုံစမ်းမလဲ"

"တဖြည်းဖြည်းတော့ဖြစ်လာမှာပေါ့ ကျော်စွာရယ်"

"ခု ဘယ်ကိုသွားမှာလဲ"

"မော်တော်ယာဥ်စည်းကမ်းထိန်းသိမ်းရေးရုံးကိုသွားမယ်"

"ဒီပါ..ဒီအမှုမှာ ငါက နောက်လိုက်ပဲဟော့"

"ဘယ်တုန်းကမင်း ရှေ့ကနေဦးဆောင်တာရှိလို့လဲ"

"ရှိတာပေါ့ကွာ၊ စားပွဲ သောက်ပွဲတွေကျရင် ငါရှေ့ဆုံးကလေ"

"ဟား..ဟား..ဟား..."

ရာဇာဒီပါ မော်တော်ယာဥ်စည်းကမ်းထိန်းသိမ်းရေးရုံးရှေ့တွင် ကားရပ်ပြီးဆင်းလာခဲ့ကြသည်။

"ဆရာဒီပါတို့ပါလား၊ ကိစ္စပေါ်လာပြီနဲ့တူတယ်"

"ဟုတ်တယ် ဌာနမှူးကြီးရေ..."

"ကဲ..ထိုင်ပြီးပြောတာပေ့ါ၊ ဘာသောက်မလဲ၊ အအေးလား အပူလား"

"စောစောစီးစီးဗျာ၊ အပူပဲသောက်ပါရစေ"

ဌာနမှူးကြီးက သူ့တပည့်ကို ကော်ဖီနှင့်မုန့်ပို့ခိုင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကဲ..ဆိုဗျာ"

"ညကမဏိပူရဘက်ကြီးရဲ့ရှေ့ဘက်အပိုင်းဂိတ်မှာ ညဂျူတီ ဘယ်သူတာဝန်ကျလဲဌာနမှူး"

"အင်း... ခဏနေဦး၊ ဆရာအောင်ကိုရေ...ခဏလာပါဦးဗျာ"

"ဟုတ်ကဲ့..လာပါပြီဆရာ"

ဌာနစိတ်မှူးအောင်ကိုရောက်လာပြီး

"မင်းညကအပိုင်းဘက်မှာ ဘယ်သူတွေကိုတာဝန်ချထား လဲ"

"ရဲဘော်ကျော်လှနဲ့ တင်ကို"

"သူတို့ကို သွားပြီးခေါ်ခဲ့ဗျာ ဒီမှာ ကိစ္စလေးရှိလို့"

"ဟုတ်ကဲ့.."

"ကဲ...ဆရာဒီပါ... သောက်လည်းသောက်၊ စားလည်း စား ဗျာ၊ မနက်က သတင်းကြားတယ်၊ တော်တော်ရဲတင်းတဲ့လူတွေပဲ ဘယ်လိုလဲ တရားခံကိုခြေရာခံမိပြီလား"

"ခြေရာခံဖို့မပြောနဲ့ဗျို့ ဘဲဥအစရှာရသလိုဖြစ်နေတာ"

"ဌာနမှူးကြီး..ရောက်ပါပြီ"





ကျော်လှနဲ့တင်ကိုရောက်လာပြီးရာဇာဒီပါတို့ရှေ့တွင်ရပ်နေ ကြသည်။

"ဆရာဒီပါတို့ပဲ မေးပါ"

"ကိုကျော်လှနဲ့ကိုတင်ကိုတို့ ည (၁း၀၀)နာရီလောက်က မဏိပူရဘက်ကြီးဘက်ကိုကားသွားလာမှုကို သိချင်လို့ပါ"

"မနေ့ည (၁း၀၀)နာရီလောက်က မဏိပူရဘက်ဘက်ကို မာစီဒီးအနက် ကားနံပါတ် (× × × × ×) ကားတစ်စီးနဲ့ ထရပ်ကား အလုံပိတ်(× × × × × × ×) ကားတစ်စီးမောင်းသွားတာကိုတွေ့ပါ တယ်၊ဒီကား(၂)စီးလုံး တစ်နာရီလောက်ကြာတော့ ဘက်ကြီးထဲက ပြန်ပြီးမောင်းထွက်လာပါတယ်။ ထူးထူးခြားခြားတော့ မရှိပါဘူး"

"ဒီလောက်ဆိုရပါပြီ"

"ကဲ...မင်းတို့သွားကြတော့"

"ဟုတ်ကဲ့.."

"ဆရာဒီပါ ဘာဆက်ပြီး ကူညီရဦးမလဲ...ပြော.."

"ဌာနမှူးကြီးရေ..ဒီကား(၂)စီးကိုပိုင်ဆိုင်တဲ့သူကို ဆက်ပြီး စုံစမ်းပေးပါဦး"

"စိတ်ချ သိတာနဲ့ ချက်ချင်းအကြောင်းကြားလိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"စားသောက်လို့လဲပြီးပြီ၊ သွားဦးမယ်ဗျာ"

"နောက်လည်းဗိုက်ဆာတဲ့အခါဝင်ခဲ့ပေါ့"

"စိတ်ချဝင်ကိုဝင်ခဲ့မယ်"

ရာဇာဒီပါတို့(၂)ဦး ရုံးထဲမှပြန်ထွက်လာခဲ့ကြသည်။

"ဘယ်ဆက်ပြီးသွားမလဲ"

"အဆောင်ကိုပြန်ပြီး တရေးအိပ်ဖို့ပဲရှိတော့တယ်၊ အိပ်ရာထတာနဲ့ လူတစ်ယောက်ဆီကိုသွားမယ်"

"ဘယ်သူ့ဆီလဲ"

"ယမုံဦးဆိုတဲ့မိန်းကလေးတစ်ဦးဆီ"

"သူက..."

"ကိုညွန့်ဦးရဲ့ချစ်သူ..."



## အခန်း ◂◂ ၂ ▸▸

ရာဇာဒီပါနှင့် ကျော်စွာ အိပ်ရာမှထပြီး ရေချိုးခန်းထဲသို့ဝင်ကာ ရေမိုးချိုးပြီး အဝတ်အစားလဲနေစဉ်

"ဆရာဒီပါနဲ့ ဆရာကျော်စွာ"

"ဘာလဲ ကျော်ထူး... ရဲချုပ်ကြီးက ခေါ်ခိုင်းလိုက်တယ်လို့ ပြောမလို့မဟုတ်လား"

"ဆရာဒီပါအကြားအမြင်များရနေလား"

"ရနေတာမဟုတ်ဘူးဟေ့၊ သိနေတာကွ"

နှစ်ယောက်သားအဝတ်အစားလဲပြီးသည်နှင့် ရဲချုပ်ကြီးရုံးခန်းဘက်သို့ထွက်လာခဲ့ကြသည်။ ရဲချုပ်ကြီး ရုံးခန်းသို့ရောက်



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့်...

"ထိုင်ကြပါ"

ရဲချုပ်ကြီးကိုအရိုအသေပြုပြီး ကုလားထိုင်တွင် နစ်ယောက် သားဝင်ထိုင်လိုက်ကြ၏

"ငါတို့ထောက်လှမ်းရေးဌာနချုပ်ကို လူကြီးတွေက အထူး တာဝန်ကြီးတစ်ခုကိုပေးလိုက်ပြီ...မဏိပူရဘဏ်ကြီးနဲ့ပတ်သက်ပြီး တရားခံတွေကိုအမြန်ဆုံးဖော်ထုတ်ဖို့ကိုညွှန်ကြားလိုက်ပြီ ဆရာဒီပါ"

"ဟုတ်ကဲ့..."

"အမှုရဲ့အခြေအနေက အရမ်းကို ရှုပ်ထွေးနေတာ ငါ သဘောပေါက်တယ်၊ ဘယ်လိုရှုပ်ထွေးမှုပဲဖြစ်ဖြစ် တာဝန်တစ်ခု ရောက်လာပြီဆိုရင် အစွမ်းကုန်ကြိုးစားပြီးဖော်ထုတ်ရမှာ ဒို့တာဝန်ပဲ၊ မဏိပူရဘဏ်ကြီးဟာ ကိုယ့်မြန်မာပိုင် ဘဏ်ကြီးမဟုတ် တော့ပိုပြီး တာဝန်ကြီးတယ်၊ ပြီးတော့ ကိုယ့်မြေပေါ်မှာ ဖြစ်ပွားခြင်း ကြောင့် နယ်မြေ လုံခြုံရေးနဲ့ အေးချမ်းသာယာမှုကို ထိပါးစေတဲ့ကိစ္စ ပဲ၊ ဆရာဒီပါတို့အရင်အမှုကိစ္စတွေထက်ပိုပြီးကြိုးစားပေးဖို့လိုလိမ့်မယ်"

"ဟုတ်ကဲ့...ကျွန်တော်တို့အစွမ်းကုန်ကြိုးစားသွားပါ့မယ်"

"ဆရာဒီပါ"





"အမိန့်ရှိပါ ရဲချုပ်ကြီး"

"မဏိပူရဘဏ်ကြီး အနုကြမ်းစီးမှုကို ဆရာဒီပါ ဦးဆောင်ပြီး စစ်ဆင်ရေးတစ်ရပ်ဖွဲ့စည်းပါ၊ နယ်မြေခံတပ်ဖွဲ့အားလုံး ပူးပေါင်း ဆောင်ရွက်ဖို့ပါပြင်ဆင်ပြီးဘက်ပေါင်းစုံက လုပ်ဆောင်ပါ၊ ဌာနချုပ်ရဲ့ တိုက်ရိုက်ညွှန်ကြားချက်အောက်ကနေ အားလုံးလှုပ်ရှားမယ်ဆိုတာ ကို သဘောပေါက်ပါ"

"ဟုတ်ကဲ့"

"ဒီနေ့ဒီအချိန်ကစပြီး ဆရာဒီပါဟာ ဒီစစ်ဆင်ရေးအတွက် တာဝန်အရှိဆုံးဆိုတာကိုသိထားပါ၊ လိုအပ်တာကိုတင်ပြနိုင်ပါတယ်၊ လုပ်စရာရှိတာကိုဆက်ပြီးလုပ်ပါ"

"ဟုတ်..."

ရာဇာဒီပါနှင့်ကျော်စွာတို့ ရဲချုပ်ကြီးကို အလေးပြုပြီး ပြန် ထွက်လာခဲ့ကြလေသည်။

"ဒီပါ မင်းနဲ့ငါတော့ အထူးတာဝန်တွေပိပြီး သေဖို့သာ ပြင် ထားပေတော့ပေါ့"

"သိပ်ပြီးစိတ်ဝင်စားဖို့ကောင်းသလို စွန့်စားမှုတွေပါလာ နိုင်တဲ့အမှုကြီးကိုဒီနေ့ကစပြီး ကျော်စွာရေ ကိုယ့်ကိုယ်ကိုယ် သရဏဂုံ



www.burmeseclassic.com

www.burmeseclassic.com



တင်ပြီး လိုက်ဖို့သာပြင်ထား..."

ဌာနချုပ်ကားများထားရာနေရာသို့ရောက်တော့

"ဘယ်ကားကိုအသုံးပြုမှာလဲ"

"ဟိုမှာတွေ့လား"

အနက်ရောင် ဝီလီဂျစ်လေးကို ရာဇာဒီပါ လက်ညှိုးထိုးပြ လိုက်ပြီး ကားပေါ်သို့တက်ကာမောင်းထွက်လာခဲ့ကြ၏။

သူတို့သွားကြမည့်နေရာက မဂ်ပူရဘက်ကြီး၏ လက်ထောက်မန်နေဂျာ ကိုဉာဏ်ဦး၏ချစ်သူ ယမုံဦးဆီကိုပင်...။

"မင်း ဘယ်လိုလုပ်ပြီးတော့ ကိုဉာဏ်ဦးချစ်သူ ယမုံဦးကိုသိခဲ့တာလဲ"

"ကိုဉာဏ်ဦးနဲ့ငါက မဂ်ပူရဘက်ကြီး ဖွင့်လှစ်တဲ့နေ့ကစပြီး သိခဲ့ကြတာလေ၊ ဒီနောက်ပိုင်း လမ်းမှာ ငါ့ကားပျက်တုန်း သူ့ကားနဲ့ ပါသွားရာက သူ့ကားပေါ်မှာ ယမုံဦးဆိုတဲ့ မိန်းကလေးကို သိကျွမ်းခဲ့ရတာပဲ"

"ယမုံဦးဆီကို မင်းသွားရတဲ့အကြောင်းရင်းက ကိုဉာဏ်ဦး အတွက်စိတ်မကောင်းကြောင်းပြောဖို့တော့ မဖြစ်နိုင်ဘူး"

"ယမုံဦးဟာ ကွန်ပျူတာ ဆရာမတစ်ဦးလေ၊ ဂျပန်





ကွန်ပျူတာ တက္ကသိုလ်က ဘွဲ့ရထားတဲ့သူဆိုတော့ သူ့ဆီက သဲလွန်စ တစ်ခုခုကို ရလိုရငြား ပေါ့ကွာ၊ ငါတို့အမှုအတွက် မြေစမ်းခရမ်းပျိုးပြီး မြေရာခံတဲ့သဘောပေါ့ကွာ"

"မော်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးရုံးက ကားပိုင်ရှင်တွေကို သိရင်ရော မြေရာခံလို့မရနိုင်ဘူးလား"

"ကျော်စွာ..မင်းဆိုတဲ့ကောင်က စုံထောက်လုပ်ပြီး ခပ်တုံးတုံးတွေကို မတွေးနဲ့ကွာ"

"ဘာလို့လဲ"

"မင်းစဉ်းစားကြည့်လေ၊ မဂ်ပူရဘက်ကြီးကို အနုကြမ်းဝင်ပြီးစီးတဲ့ကောင်တွေက ကားနံပါတ်အမှန်နဲ့ဘယ်လိုလုပ်ပြီး ဝင်မှာလဲ၊ ကားနံပါတ်အတုနဲ့သာ လာကြမှာပေါ့၊ ဒါပေမဲ့ သဲလွန်စဆိုတာ အသေးလေးတစ်ခုပဲ ရရ .ရတာတွေကို ပေါင်းစပ်ပြီး မြေရာခံရမှာပဲ"

ရာဇာဒီပါတို့ကွန်ပျူတာ သင်တန်းကျောင်းရှေ့တွင် ကားရပ်ပြီး ကျောင်းထဲသို့ဝင်လာခဲ့စဉ်

"ဘုတ်.."

"ဟာ..ဆောရီးဗျာ"

အဝင်ဝ မှန်တံခါးနားတွင် ရာဇာဒီပါ လူတစ်ယောက်နှင့်ဝင်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပြီး ထိုလူလက်ထဲမှ စီဒီဘူးလေးတစ်ခု လွှက်ကျသွားသဖြင့် ရာဇာဒီပါကောက်ယူပေးမည်အပြု ထိုလူက ချက်ချင်းကောက်ယူပြီး ထွက်သွားလေသည်။

"ဘာတွေ အရေးကြီးနေသလဲမသိဘူး"

ကွန်ပျူတာသင်တန်းခန်းမရှေ့တွင် ရပ်ပြီးနေစဉ်

"ဆရာတို့ ဘယ်သူ့ကိုတွေ့ချင်လို့ပါလဲ"

"ယမုံဦးကို တွေ့ချင်လို့ပါ"

"ဟုတ်ကဲ့..ဘယ်သူလို့ပြောလိုက်ရပါ့မလဲရှင်"

"ကိုညာဏ်ဦး မိတ်ဆွေတွေလို့ ပြောလိုက်ပါ"

"ကောင်းပါပြီ....ဧည့်တွေ့ခန်းမှာ စောင့်နေကြပါ"

မိန်းကလေးထွက်သွားပြီးနောက် ရာဇာဒီပါတို့ ဧည့်တွေ့ခန်းတွင် ထိုင်ပြီး စောင့်နေလိုက်ကြသည်။

"ဩော်..ဘယ်သူတွေများမှတ်တယ် ကိုရာဇာဒီပါတို့ပဲ၊ မေရီရေ တစ်ခုခု လုပ်ခဲ့ပါကွယ်"

ယမုံဦးက သူ့တပည့်မလေးကို လှမ်းပြောပြီး သူတို့နှင့်မျက်နှာ ချင်းဆိုင် ဝင်ပြီးထိုင်လေသည်။

"ဘာကိစ္စတွေပေါ်လို့လဲ...ကိုညာဏ်ဦးကိစ္စလား"





"ကိုညာဏ်ဦးကိစ္စကတော့ စိတ်မကောင်းဘူးဆိုတဲ့ စကားပဲ ပြောစရာရှိပါတယ်၊ ခင်ဗျားအတွက် စိတ်မကောင်းပါဘူး မယမုံဦး"

"ဘာတတ်နိုင်မလဲရှင်၊ လူတွေအားလုံးဟာ ကိုယ့်ကံကြမ္မာနဲ့ကိုယ်လာခဲ့ကြတာပဲ မဟုတ်လား"

ယမုံဦးက ဘာမှ ခံစားချက်မရှိသလို ခပ်အေးအေးပင် ပြောလိုက်သည်။

"ကိုရာဇာဒီပါတို့ရော အမှုကို ဖြေရှင်းနိုင်ပြီလား"

"အနီးစပ်ဆုံးတော့ရောက်နေပါပြီ"

"ဟင်..ဒီလောက်ကြီးကို မြန်မြန်ဆန်ဆန် ဖြေရှင်းနိုင်တယ် ဆိုတော့ သိပ်ကိုတော်နေပြီ"

"ဒီလောက်ကြီးလဲ မဟုတ်ပါဘူး၊ ကိုညာဏ်ဦးမသေခင်ပြောသွားတဲ့ နောက်ဆုံးစကားတစ်ခွန်းကြောင့် ဖြေရှင်းမိတာပါ"

"ဟင်...သူ...သူက... ချက်ချင်းမသေခဲ့ဘူးလား"

"အနုကြမ်းစီးတဲ့သူတွေက သေပြီလို့ထားခဲ့တာ၊ ကိုညာဏ်ဦးဟာ နောက်ထပ် နာရီပိုင်းလောက်မှ သေခဲ့တာပါ"

ယမုံဦး မျက်နှာ သိသိသာသာပျက်သွားတာကို သတိထား လိုက်မိသည်။ ကိုညာဏ်ဦး ဘာတွေပြောခဲ့သလဲဆိုတာတော့ ယမုံဦး



www.burmeseclassic.com

www.burmeseclassic.com



မမေးဝံ့တာကြောင့် မမေးဘဲနေလေ၏။

"ကိုရာဇာဒီပါတို့တခြားကိစ္စတွေများပါသေးသလား"

"ကျွန်တော့်တူမလေးတစ်ယောက်က ကွန်ပျူတာတက်ချင်လို့လာပြီးမေးမြန်းတာပါ"

"ြော်.."

ယမုံဦးက ကွန်ပျူတာသင်တန်းနဲ့ပတ်သက်ပြီး ရှင်းလင်း ပြောပြတာကို နားထောင်ပြီး ပြန်လာခဲ့ကြသည်။ အပြင်ကိုရောက်တော့

"ဒီပါ.. ယမုံဦးက ချစ်သူတစ်ယောက်လုံး သေဆုံးတာကို တကယ်တရားပြည့်နေတဲ့လူတစ်ယောက်လိုပါလား၊ ဘာခံစားချက်မှ မရှိသလိုပဲ၊ ပြင်ထားလိုက်တာကလည်းလန်းနေတာပဲဟေ့"

"ငါတို့ဒီကိုလာတာ စိတ်ကူးကောင်းသွားတယ်"

"ဘာလို့"

"ယမုံဦးဟာ ငါတို့အတွက် ပထမဦးဆုံးသံသယပစ်မှတ် တစ်ခုပဲ"

"ဟင်...သေချာရဲ့လား..ဒီပါ"

"ငါဆိုတဲ့ကောင်က မသေချာတဲ့စကားကို ပြောဖူးလို့လား"





ရာဇာဒီပါ အရည်အချင်းကို ကျော်စွာ လက်တွဲလာတာကြာပြီ ဖြစ်တာမို့ သိနေပြီးသားဖြစ်သည်။ ရာဇာဒီပါ က သူ့ဘက်မှ မသေချာရင် ဘာကိုမှ ထုတ်ပြောခြင်းမရှိသူ။

"ဒါဆို ယမုံဦးကို ပစ်မှတ်အဖြစ် လိုက်မှာပေါ့"

"ဟုတ်တယ်၊ သူ့လှုပ်ရှားမှုကို စောင့်ကြည့်ရတော့မယ်"

"တီ...တီ.."

ဟန်းဖုန်းမှ ခေါ်သံကြောင့် ရာဇာဒီပါ ထုတ်ပြီး နားထောင်လိုက် သည်။

"ဘာတဲ့လဲ"

"စက်ရုံပျက်တစ်ခုမှာ ကား(၂)စီးကိုတွေ့ထားတယ်လို့နယ်မြေခံတပ်ဖွဲ့က သတင်းပို့တာ"

"တစ်ခါတည်း သွားကြမလား"

"သွားမယ်"

သတင်းပို့တဲ့စက်ရုံပျက်ကြီးဆီသို့ ဆက်ပြီးမောင်းလာခဲ့ကြတော့သည်။ စက်ရုံပျက်ကြီးမှာ မြို့၏အစွန်ဆုံးနေရာမှာ ရှိတာမို့မြို့ထဲမှ ကားကိုတစ်နာရီနီးပါးလောက် မောင်းခဲ့ရသည်။

စက်ရုံပျက်ဝန်းထဲသို့ရောက်သည်နှင့် ကား(၂)စီးထံကိုလာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီး စစ်ဆေးကြည့်လိုက်ကြသည်။ စက်ရုံပျက်ကြီးထဲမှ သောက် စားထားကြသော အရက်ပုလင်းလွတ်များနှင့် စားစရာတွေကိုလည်း တွေ့လိုက်ရသည်။

"ဒီကောင်တွေ ဒီကနေ နောက်ကားနဲ့ပြောင်းပြီးထွက်သွား တာ"

ထားရစ်ခဲ့သော ကားဘီးများနှင့်မတူသော ကားဘီးရာကို တွေ့လိုက်ရသည်။ ရာဇာဒီပါတို့သည် စွန့်ပစ်ထားခဲ့သော ကားထဲသို့ ဝင်ကြည့်လိုက်စဉ်

""ဟင်..."

မာစီးဒီးကား၏ ဒက်ရှ်ဘုတ်ပေါ်တွင် အံသားရောင် ပလပ် စတစ်အဖတ်တစ်ခုကိုတွေ့လိုက်ရပြီး ကောက်ယူကြည့်လိုက်သည်။ ပြီးမှ အိတ်ကပ်ထဲသို့ထည့်ပြီး သိမ်းဆည်းလိုက်တော့သည်။ ကား ထဲမှာဆက်ပြီး ရှာဖွေတော့ စီးကရက်ဘူးခွံတစ်ခုကို ထပ်ပြီးတွေ့ လိုက်ရသည်။ ရာဇာဒီပါ ဘဏ်တိုက်ခန်းထဲမှာတွေ့ခဲ့ရသော စီးကရက် အတိုလေးရဲ့ဘူးကလေးဖြစ်နေသည်။

"ဘာထူးခြားတာတွေ့လဲဒီပါ"

"စီးကရက်တရားခံဟာ အနုကြမ်းသမားထဲက တစ်





ဆိုတာ လောက်နဲ့ ပြောလို့မရသေးတဲ့ သဲလွန်စတစ်ခုကိုတွေ့ထား တယ်၊ ဓာတ်ခွဲခန်းကိုပို့ပြီးအဖြေတစ်ခု သိရမှာ"

"နောက်ကကားကို သွားကြရအောင်"

ကုန်ပို့တဲ့ထရပ်ကားပေါ်သို့တက်ပြီး ရာဇာဒီပါတို့ စစ်ဆေး ပြန်သည်။ ထူးခြားတဲ့သဲလွန်စ ဘာမှမတွေ့သဖြင့် ကားပေါ်မှပြန်ဆင်း ခဲ့ကြစဉ်

"ဟင်..."

မြေကြီးပေါ်မှ ခြေရာတစ်စုံကို သတိထားမိပြီးကြည့်မိလိုက် သည်။

"ဘာဖြစ်လို့လဲဒီပါ"

"ဒီခြေရာပိုင်ရှင်က ညာဘက်ခြေထောက်က အတုကြီးကွ၊ ကျော်စွာ၊ ဒီခြေရာကို ဓာတ်ပုံရိုက်ပြီး ယူထား၊ ငါ ဒီခြေရာပုံစံကိုတွေ့ ဖူးတယ်"

ကျော်စွာ ခြေရာကို ဓာတ်ပုံရိုက်ယူလိုက်ပြီးချိန်တွင် နယ်မြေ ခံတာဝန်ရှိတဲ့ စခန်းမှူးတွေ ရောက်လာသည်။

"ဆောရီး ဆရာဒီပါ... အရေးကြီးတဲ့ တရားခံတွေ ရှာဖွေ လုပ်နေရတာနဲ့ နောက်ကျသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် .... ဒါနဲ့ ဒီကား ပိုင်ရှင်တွေနဲ့ ဘယ်လိုကားတွေ ဆိုတာ ကိုရော စုံစမ်းပြီးပြီလား"

"ဟုတ်ကဲ့ သိပြီးပါပြီ၊ ဒီမာစီးဒီးကားဟာ လိုင်စင်မဲ့ကားပါ ဆရာ ဒီပါ၊ နောက်က ကားကတော့ ဂျူကာပေါင်မုန့်တိုက်ကနေ ဝယ်သွားတဲ့ကား၊ ဝယ်သွားတဲ့သူတွေကိုတောင် နာမည်ပြောင်းဖို့မလုပ်ရ သေးဘူး"

"ဝယ်သွားတဲ့သူကိုသိလား"

"ပွဲစားကတစ်ဆင့်ဆိုတော့ ပွဲစားကိုမေးရင် သိနိုင်မယ်"

"စခန်းမှူးကြီးပဲ ပွဲစားကိုမေးပြီး သတင်းပို့ပေးပါ"

"ဟုတ်ကဲ့ဆရာဒီပါ..."

"လုပ်စရာရှိတာ ဆက်ပြီးလုပ်ကြပါ၊ ကိစ္စလေးရှိလို့ သွားစရာ ပြုပါဦး"

"ကောင်းပါပြီ"

ရာဇာဒီပါတို့အတွက် ပင်လယ်ထဲကျသွားသော အင်ဟုထင် ရသောအရာတစ်ခုကို တွေ့လိုက်ကြရပြီဖြစ်သည်။

"ကျော်စွာ"

"ပြောလေ ဒီပါ"





"သဲလွန်စလေးတွေကတော့ စုမိလာပါပြီကွ"

"ဝါဆံပင်တွေဖြူလာသလိုပဲပေါ့..ဟားဟားဟား..."

※ ※ ※

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ◀◀ ၃ ▶▶

ရာဇဝတ်မှုခင်းရုံးသို့ ရာဇာဒီပါနှင့် ကျော်စွာလာခဲ့ကြသည်။ မှုခင်းရုံးတွင် တာဝန်ကျသော ဒုရဲအုပ်မျိုးဇော်နှင့်တွေ့လိုက်ရပြီး

"ဝါ့ဆရာ ကိစ္စပေါ်လာပြန်ပြီလား"

"ဟုတ်တယ် မျိုးဇော်... မင်းတို့ဆီမှာ ရာဇဝတ်မှုကျူး လွန်ခဲ့ဘူးတဲ့လူတွေထဲက လူတစ်ယောက်ကို သိချင်လို့လာခဲ့တာ"

"ဘယ်သူလဲ ဆရာ"

"ဘယ်သူ ဘယ်ဝါဆိုတာတော့မသိဘူး၊ ညာခြေထောက် တစ်ဖက်ပြတ်နေတဲ့လူတစ်ယောက်ကို သိချင်တာ"

ဒုရဲအုပ်မျိုးဇော်က ခဏစဉ်းစားပြီးနောက်





"ဟုတ်ပြီ...အံ့ပွားကိုပြောတာဖြစ်မယ်"

"သူရဲ့ကိုယ်ရေးမှတ်တမ်းတွေရှိလား"

"ရှိတယ်ဆရာ..."

"သွားကြည့်ရအောင်"

"ဟုတ်ကဲ့"

ဒုရဲအုပ်မျိုးဇော် ခေါ်ဆောင်တဲ့မှုခင်းဖိုင်တွဲအခန်းသို့ ရောက်ကြသောအခါ

"ဆရာကိုဦးရေ..အံ့ပွားဖိုင်တွဲကိုထုတ်ပေးဗျာ"

"ဟုတ်ကဲ့ဆရာ"

တပ်ကြပ်ကြီးကိုဦးမှ ဖိုင်တွဲတွေကိုရှာပြီး ထိုထဲမှ အံ့ပွားဖိုင်တွဲကိုထုတ်ပေးလိုက်သည်။

၁၉×× ခုနှစ်က ဖောက်ထွင်းမှုနှင့်ထောင်ကျပြီး ဒုတိယ အကြိမ် လုယက်မှုနှင့်ထောင်ပြန်ကျကာ ၂၀×× ခုနှစ်မှာပြန်ပြီးလွတ် လာခဲ့သော အကြောင်းအချက်များနှင့် အံ့ပွား၏ဓာတ်ပုံကိုတွေ့လိုက်ရ လေသည်။ ထို့အပြင် အံ့ပွားခြေထောက်အတုပုံစံကိုကြည့်ပြီး

"ကျော်စွာ မင်းဓာတ်ပုံနဲ့တိုက်ကြည့်ရအောင်"

"အေး..."



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာ ရိုက်ယူထားသော ခြေရာဓာတ်ပုံနှင့် ဖိုင်ထဲမှ ခြေရာပုံစံတို့ကို တိုက်ဆိုင်စစ်ဆေးကြည့်သောအခါ

"မလွဲပါဘူးဒီပါ...ဒီနားမှာ A.P လို့ရေးထားတဲ့အရာလေးကို တွေ့ရတယ်၊ အံပွားခြေရာမှာလည်း A.P လို့ရေးထားတယ်"

"ဖျောက်..."

ရာဇဒီပါ လက်ဖျောက်လေးတစ်ချက်တီးလိုက်ပြီး သူတို့အတွက် သဲလွန်စတစ်ခုကို နိုင်နိုင်မာမာ ရလိုက်ပြီဖြစ်သည်။

"မျိုးဇော်"

"ပြောပါဆရာ"

"အံပွားလှုပ်ရှားနိုင်တဲ့နေရာကို မင်းခြေရာကောက်နိုင်လား"

"ဒီကောင်တွေက အနေသိပ်ပြီး ပိရိတာဆရာ၊ ဘယ်မှာနေတယ်ဆိုတာကို ပြောရခက်တယ်၊ တစ်ခုတော့ရှိတယ်၊ အံပွားကို ရှာပေးနိုင်တဲ့ ချာတိတ်တစ်ယောက်တော့ရှိတယ်၊ သူ့ဆီကိုသွားရင်တော့ သိနိုင်မယ်ထင်တာပဲ"

"မင်း...ချာတိတ်ဆီကို လိုက်ခဲ့ပါလား"

"ဟုတ်ကဲ့...လိုက်ခဲ့မယ်"





"ဒါဆို တစ်ခါတည်းသွားကြရအောင်"

ဒုရဲအုပ်မျိုးဇော်ကို ခေါ်ပြီး မှုခင်းရုံးထဲမှ ထွက်လာခဲ့တော့သည်။

"ချာတိတ်လေးက ဘယ်လိုအသွင်လဲ"

"အင်း...ပြောရရင် အမှောင်စရိုက်တွေထဲမှာ လည်သလိုလုပ်ကိုင်စားသောက်နေတဲ့ ချာတိတ်လေးပါ၊ သိပ်တော်တာ၊ ကျွန်တော်တို့ဆို သူ့ကိုပဲ အားကိုးနေရတာ၊ ဖိုးတာလို့ခေါ်တယ်၊ အံပွားက အရေးပါတဲ့ တရားခံထဲမှာပါလားဆရာ"

"သိပ်အရေးပါတယ်လို့တော့ မဟုတ်ဘူး၊ သူ့ကို ဖမ်းမိရင် ငါတို့အတွက် လှုပ်ရှားဖို့လမ်းကြောင်းပွင့်သွားတာပေါ့"

"မဏိပူရဘဏ်ကိစ္စကတော့ ဆရာတို့တင်မကဘူး၊ ကျွန်တော်တို့မှုခင်းရုံးအဖွဲ့ကတောင် နေ့ညမပြတ် အထူးတာဝန်ယူနေရတယ်"

"မဏိပူရဘဏ်ကြီးအနုကြမ်းစီးမှုဟာ ငါတို့အာလုံးကိုစိန်ခေါ်လိုက်တဲ့သဘောပဲ"

"ဟုတ်တယ်နော်... နယ်မြေလုံခြုံရေးပိုင်းကိုပါ သိက္ခာကျအောင် လုပ်လိုက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပြောလို့မရဘူး၊ ဘာကြောင့်လဲဆို မဏိပူရဘဏ်ကြီးကို ငါတို့မြေမှာ ဖွင့်ဖို့လုပ်တုန်းက လုံခြုံရေးဆိုင်ရာကို ပူးပေါင်းဆောင်ရွက်ဖို့ပြောခဲ့တယ်။ ဒါကို မဏိပူရဘဏ်ပိုင်ရှင်က သူ့ဘဏ်ကြီးမှာ အဆင့်မြင့်နည်းပညာတွေက လုံခြုံရေးကိုစိတ်ချရတယ်ဆိုပြီး အရပ်သားလုံခြုံရေးကိုပဲအသုံးပြုခဲ့တာလေ။ ခုဘဏ်ကြီးကိုအနုကြမ်းစီးသွားလို့ရတာဟာ သူတို့နည်းစနစ်ပိုင်းဘက်က ပေါက်ထွက်သွားတာပဲ၊ ကိုယ့်မြေမှာ ရာဇဝတ်မှု ကျူးလွန်လို့ငါတို့တာဝန်ဖြစ်နေတာ"

"ဒါဆို ဆရာကျော်စွာရယ်၊ နည်းပညာပိုင်းကို ကိုင်တွယ်တဲ့တာဝန်ရှိသူတွေကိုစစ်ဆေးရင်ရော အဖြေထွက်မလာနိုင်ဘူးလား"

"မျိုးဇော်ရယ်.. မင်းပြောသလို လုပ်လို့ရမှတော့ ဒီအထိတောင်အလုပ်မရှုပ်တော့ဘူး"

"ဘာဖြစ်လို့လဲ ဆရာကျော်စွာ"

"ဘဏ်ကြီးရဲ့လျှို့ဝှက်ချက်ကို သိတဲ့သူက (၂)ဦးပဲရှိတယ်၊ တစ်ဦးက ဘဏ်ကြီးရဲ့ပိုင်ရှင် တစ်ဦးက ဘဏ်ကြီးရဲ့မန်နေဂျာချုပ်၊ ဖမ်းမယ်ဆိုရင် မန်နေဂျာချုပ်ကိုပဲ ဖမ်းရမလိုဖြစ်နေတာ"

"သူက သံသယမဖြစ်နိုင်ဘူးလား"

"လက်ရှိအခြေအနေတွေကို ကောက်ချက်ချတာတော့





မန်နေဂျာချုပ်ဟာ...သံသယပစ်မှတ်မဖြစ်သေးဘူး"

"ဟုတ်တယ်... မျိုးဇော်.. မဏိပူရဘဏ်ကြီးနဲ့ပတ်သက်ပြီး အရမ်းကိုရှုပ်ထွေးတဲ့ကိစ္စတစ်ခုက ရှိနေတယ်"

"သိခွင့်ရှိမလား ဆရာ"

"သိရပါတယ်၊ မင်းတို့လည်း ပူးပေါင်းစစ်ဆင်ရေးထဲမှာ ပါနေတာပဲ၊ ဒီလိုကွ၊ ဘဏ်ကြီးရဲ့အာမခံခန်းကို ဖွင့်လို့ရတဲ့လူ (၃)ဦးထဲမှာ တစ်ဦးက ကားကားချင်းတိုက်မိပြီး သေသွားပြီဆိုတော့ ကျန်တာ (၂) ဦးပဲရှိတယ်၊ ဘဏ်ပိုင်ရှင်နဲ့ မန်နေဂျာချုပ်၊ သာမန်တွေးလိုက်ရင် မန်နေဂျာချုပ် ဦးလက်ျာခေါင်ဟာ အဓိကအကျဆုံးတရားခံဖြစ်နိုင်ပေမယ့် ဖြစ်နိုင်ခြေ အားနည်းခဲ့ရတဲ့အကြောင်းတစ်ခုက ပေါ်လာတယ်၊ အဲဒါ ဘာလဲဆိုတော့ သေဆုံးသွားတဲ့ ကောင်းဇီလျံဆိုသူ ပြန်ပြီးပေါ်လာလို့ပဲ"

"ဟာ..."

"တကယ်လို့သာ ဦးလက်ျာခေါင်ဟာ အနုကြမ်းစီးမှုမှာ ပါဝင်နေရင် ကောင်းဇီလျံကို လမ်းကြောင်းပြောင်းပေးလိုက်ရုံနဲ့ သူ့ဘက်က ရှန်းထွက်လို့ရပေမယ့် သူကိုယ်တိုင် ကောင်းဇီလျံ သေသွားပြီဆိုတာကို နိုင်နိုင်မာမာ ပြောနေတာရယ်၊ အခင်းဖြစ်ပွားတဲ့နေ့က သူ မပါဝင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့သက်သေပြချက်တွေက နိုင်နိုင်မာမာကိုရထားတယ်"

"အင်း... ဆရာတို့အမှုကြီးက တကယ့်ကိုမလွယ်လှဘူးဗျာ"

"ဖြည်းဖြည်းချင်းတော့ အစဆွဲပြီးထုတ်ရမှာပဲ မျိုးဇော်ရေ"

"ဆရာ..ကားကို ဒီမှာရပ်ပြီး စောင့်နေကြပါ၊ ကျွန်တော် ရပ်ကွက်ထဲကိုဝင်ပြီးခေါ်ခဲ့မယ်"

"အေး..."

ရာဇာဒီပါတို့ကားပေါ်မှာပဲစောင့်နေလိုက်ကြသည်။ မျိုးဇော်ဝင်သွားပြီး သိပ်မကြာချာတိတ်လေးတစ်ဦးနှင့်ပြန်ပြီးထွက်လာခဲ့သည်။

"ဖိုးတာ ကားပေါ်တက်ကွာ၊ ကားမောင်းရင်း ပြောတာ ပိုပြီးကောင်းတယ်"

"ဟုတ်ကဲ့ဆရာ"

ကားပေါ်ရောက်တော့ ဒုရဲအုပ်မျိုးဇော်က မိတ်ဆက်ပေးပြီး အံ့ပွားရှိမည့်နေရာကိုမေးသည်။

"အံ့ပွားခုတလော ပွဲပေါက်တစ်ခု ရထားတယ်နဲ့တူတယ် ဆရာ"

"ဘာကြောင့်လဲ"





"သူ့မယားငယ်ကိုယ်ပေါ်မှာ ရွှေတွေကိုအိနေတာပဲ"

"သူ့မယားငယ် ရွှေအိတာ မအိတာ အရေးမကြီးဘူး၊ သူဘယ်မှာရှိနိုင်မလဲဆိုတာက အရေးကြီးတယ်"

"သူ ခုနေတဲ့နေရာကို သိချင်ရင် သူ့မယားငယ်ကိုစစ်ပြီးမေးမှပဲရမယ်ဆရာ...အံ့ပွား ခုရက်ပိုင်းမှာ အပြင်ကိုလုံးဝမထွက်ဘူး၊ သူတင်မဟုတ်ဘူး၊ သူ့တပည့်ဖဲကျော်နဲ့ ကြောင်ပါးတို့တောင် မတွေ့ရဘူးဆရာ"

"သူ့မယားငယ်ကို အသားလွှတ်ကြီးမေးလို့မကောင်းဘူးထင်တယ်၊ ပြီးတော့ သူ့ဘက်က ငြင်းနေရင် ခက်မယ်ဖိုးတာ"

"သူ့ကိုအကွက်ဆင်ဖမ်းပြီးမှ အပေးအယူပုံစံမျိုးလုပ်ရင်ရော မရနိုင်ဘူးလား"

"သူက ဘာလုပ်နေလို့လဲ"

"အံ့ပွားမယားငယ်က ဆေးစွဲနေတာ ဆရာ"

"ငါသဘောပေါက်ပြီ"

"ခု မူးယစ်ဖမ်းဆီးမှုတွေများလို့ သူ့မှာ ငွေရှိပြီး ဆေးမရလို့ ပြတ်နေတာကြာပြီ၊ ဆရာတို့ဒါကိုအကွက်ချပြီးလုပ်ပေါ့"

"ဖိုးတာ ကျေးဇူးပဲကွာ၊ မင်းဆက်ပြီးကူညီနိုင်မလား"



www.burmeseclassic.com

www.burmeseclassic.com



"ကူညီပါ့မယ်ဆရာ"

ရာဇာဒီပါခေါင်းထဲမှာ တစ်ချက်တွေးပြီးနောက် ဖိုးတာလှုပ်ရှားရမယ့်ကိစ္စကိုပြောပြလိုက်သည်။

"သူယုံကြည်အောင် မင်းကို ပစ္စည်းအစစ်တစ်ခုထည့်ပေးလိုက်မယ်"

"ပိုပြီးကောင်းတာပေါ့ဆရာ"

"မျိုးဇော်.. မူးယစ်ဌာနကိုသွားပြီးပစ္စည်းတစ်ခုလောက်ခဏယူခဲ့ကွာ၊ ငါတို့ဒီနေ့ပဲလှုပ်ရှားကြမယ်"

"ကောင်းပြီဆရာဒီပါ"

မျိုးဇော်ကို မူးယစ်ဌာနသို့ သွားခိုင်းပြီး လက်ဖက်ရည်ဆိုင်တွင် စောင့်ပြီးနေလိုက်ကြလေသည်။

"ဖိုးတာ သူ့နာမည်က"

"သက်သက်လွင်လို့ခေါ်တယ်ဆရာ၊ စားသောက်ဆိုင်တွေမှာ သီချင်းဆိုတယ်၊ အရင်ယောက်ျားက ဆေးမှုနဲ့ထောင်ကျသွားပြီး အံပွားနဲ့ထပ်ပြီးငြိတာပါ၊ စရိုက်လောကသားပါဆရာ"

"မင်းဘက်က ပိရိပါစေနော်"

"စိတ်သာချဆရာ၊ ဒင်းတို့က ဆေးတွေ့တာနဲ့ ဘယ်လိုမှမ





နိုင်ကြဘူး"

မူးယစ်ဆေးဝါးရဲ့သားကောင်ဘဝကိုရောက်နေကြသူတွေအတွက် အန္တရာယ်ကိုမမြင်နိုင်တာ အမှန်။ ဒုရဲအုပ်မျိုးဇော်ပြန်ရောက်လာပြီး

"ဖိုးတာ... ငါတို့ဆီကိုပါအောင်ခေါ်ထုတ်လာခဲ့တော့"

"စိတ်ချ.."

ဖိုးတာနှင့်ဆုံမည့်နေရာကိုချိန်းဆိုပြီးဖိုးတာကိုသက်သက်လွင်ဆီကို လွှတ်လိုက်ကြသည်။ သက်သက်လွင်နေထိုင်သော အိမ်ကလေးထဲသို့ဖိုးတာဝင်လိုက်သည်နှင့်

"တော..နင်ငါ့ဆီကိုလာတာလား"

"ဟုတ်တယ်... သတင်းပေးမလို့"

"ဖဲဝိုင်းကိစ္စဆို ငါစိတ်မဝင်စားဘူးတော"

"မသက်စိတ်ဝင်စားတာကိုသိပါတယ်၊ ဒါကိုမဟုတ်လား"

"ဟင်...နင်...နင်...ဘယ်ကရတာလဲ၊ တော"

"တောတို့ဘဝမှာ ဒါကိုပဲ လှုပ်ရှားနေတာလေ"

"တော.. ငါ့ကိုပြန်ပြီးရောင်းပါလား၊ ဈေးကောင်းပေးမယ်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ရောင်းလို့တော့မရဘူး၊ မှာထားတဲ့သူဆီက ငွေယူသုံးပြီးပြီ၊ တစ်ခုတော့ ကူညီနိုင်တယ်၊ ဒါရှိတဲ့နေရာကို ညွှန်လိုက်မယ်"

"ငါ့ကိုရောင်းပါ့မလားဟ၊ ဒီလောက်ကျပ်နေတာ"

"ရောင်းကိုရောင်းတယ်၊ သူက ကိုအံ့ပွားနဲ့တွဲဖက်တွေလေ"

"ဘယ်သူလဲ၊ ငါသိရမှာပေါ့"

"မသက်မသိနိုင်ဘူး၊ သူက ဒီနယ်သားမဟုတ်ဘူး၊ ကိုအံ့ပွားနဲ့ က ထောင်ထဲမှာ ရင်းနှီးခဲ့ကြတာ၊ မသက်ကိုတော့ သူသိပါတယ်"

"သွားရမှာ ဝေးလား"

"ကျွန်တော်က လမ်းထိပ်ထိပို့ပေးမယ်၊ အိမ်ထဲတော့ ဝင်လို့ မရဘူး"

"နင်က ဘာလို့လဲ"

"ကျွန်တော် နစ်ပေါက်တစ်ပေါက်ရိုက်လာလို့"

"တောရယ်... နင်ကတော့ မလွယ်တဲ့ကောင်ပဲ၊ ကဲ... လိုက်ပို့ဟာ...ကားငှားပြီးသွားမယ်"

"ခဏနေဦး"

"ဘာလဲဟ"

"ပွဲစားလမ်းညွှန်ခလေးတော့ပေးဦးလေဗျာ"





"ရော့...ရော့"

သက်သက်လွင် ငွေတစ်ထောင်တန်တစ်ထပ်ကို ထုတ်ပေးလိုက်ပြီး အပြင်သို့ထွက်လာခဲ့ကြသည်။

"မသက်က ထောနေပါလား"

"ထောဆို ဟိုလူကြီး ဘာခွင်တွေ ရထားလဲမသိဘူး၊ ငါ့ကို ငွေတွေပုံပေးထားတာပဲ၊ ဒီတစ်ခါ ရထားတာ များတယ်နဲ့တူတယ်၊ ဝဲကျော်တို့မယားတွေတောင် သုံးလိုက်ဖြုန်းလိုက်နဲ့"

အငှားကားတစ်စီးကို ငှားစီးခဲ့ပြီး ဖိုးတာခေါ်ဆောင်ဘဲ့ နောက်သို့သက်သက်လွင် လိုက်ခဲ့တော့သည်။

"မသက် ဟိုရှေ့က လမ်းပဲ၊ ဝင်သွားပြီး (၄)အိမ်ကျော်က အိမ်"

"သေချာတယ်နော်"

"မသက်ရာ.. တော.ဘယ်တုန်းက မသေချာဘဲ လုပ်ဖူးလို့ လဲ"

ဖိုးတာကို လမ်းထိပ်တွင်ထားရစ်ခဲ့ပြီး သက်သက်လွင်ဝင်လာခဲ့သည်။ ဆေးပြတ်နေတာကြာပြီဖြစ်တာမို့ သွေးသားတောင့်တမှုက ခန္ဓာကိုယ်ထဲတွင်ပြင်းထန်နေလေသည်။ အိမ်ရှေ့ကိုရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



တံခါးတွေက ပိတ်ထားတာကြောင့်

"ဒေါက်...ဒေါက်..."

တံခါးကို ခေါက်လိုက်ပြီး ခေါ်လိုက်တော့ လူတစ်ယောက် ထွက်လာသည်။

"ဘာကိစ္စလဲ မိန်းကလေး"

"ကျွန်မ...ကိုအံ့ပွား ဇနီးပါ"

"ဪ...ဘာအကြောင်းများရှိလို့လဲ၊ အံ့ပွားလွှတ်လိုက်တာ လား"

"မဟုတ်ပါဘူး၊ ဒီမှာ ဆေးရတယ်ကြားလို့"

"သတင်းရောက်တာ မြန်လှချည်လား၊ ကေနွ ဟိုကောင် ဖိုးတာ လမ်းညွှန်လိုက်တာမဟုတ်လား"

"ဟုတ်ပါတယ်"

"ခွေးကောင် ငါတို့ကို တစ်ပတ်ရိုက်သွားတယ်၊ ကဲ...အိမ်ထဲ ကိုဝင်၊ ငါတို့ဆီမှာ ပစ္စည်းက နည်းနည်းများတယ်၊ မင်းဖြန့်ပေးနိုင် မလား"

"သိပ်ပြီး ရတာပေါ့ရှင်၊ ခုအဖမ်းအဆီးတွေကြောင့် ဆေးက ပြတ်နေကြတာ"





"မင်းအတွက် မနစ်နာစေရဘူး"

"အရေးကြီးတာ ကျွန်မအတွက် ဆေးရှိနေရင် ဖြစ်ပါတယ်"

"ခဏစောင့်"

ရာဇာဒီပါ အခန်းထဲကို ဝင်သွားပြီး ဆေးပုလင်းလေးကို ယူ ပြီးပေးလိုက်သည်။

သက်သက်လွင် ဆေးကိုမြင်သည်နှင့် အငမ်းမရယူကာ အရင်ဆုံး လက်ပေါ်တွင်တင်ကာ ရှူလိုက်သည်။

"ပစ္စည်းကောင်းရဲ့လား"

"သိပ်ပြီးကောင်းတဲ့ပစ္စည်းပါ"

"မသက်သက်လွင်"

"ဟင်...ရှင်...ရှင်တို့.."

"ကျုပ်တို့ ဘယ်သူဆိုတာကို ခုလောက်ဆို သိမှာပေါ့နော်"

ဒုရဲအုပ်မျိုးဇော်ကို သက်သက်လွင် သိထားတာမို့ ဘာမှ ဆက်ပြီး မပြောနိုင်။ သူ အကွက်ဆင်ခြင်းခံရလိုက်ပြီဆိုတာကို သိ လိုက်ရပြီး

"မင်းကို ဖမ်းချင်လို့တော့ မဟုတ်ဘူး သက်သက်လွင်"

"ဒါဆို ဘယ်သူ့ကို ဖမ်းချင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းယောကျ်ားအံ့ပွားကို"

"ဟင်..."

"သူဘယ်မှာရှိတယ်ဆိုတာကို မင်းပြောနိုင်ခဲ့ရင် မင်း အတွက် အကောင်းဆုံးဖြစ်အောင် ငါတို့လုပ်ပေးမယ်၊ အပေးအယူ သဘောပေါ့"

သက်သက်လွင် ဘာမှမပြောဘဲတိတ်ဆိတ်စွာနေလေသည်။

"မင်းယောကျ်ား ကျူးလွန်ထားတဲ့အမှုထဲမှာ မင်းပါ ပါဝင် ချင်တယ်ဆိုရင်တော့ မင်းငြင်းနိုင်တယ်၊ မင်းအတွက်နောင်တရစရာ တော့ ဖြစ်သွားမှာပါ"

ရာဇာဒီပါ ခပ်အေးအေးပဲ ပြောဆိုလိုက်သည်။

"ရှင်တို့ဘက်က ကတိတည်နိုင်မလား"

"မင်းကျူးလွန်တဲ့ပြစ်မှုက ဘာမှမဟုတ်ပါဘူး၊ ဆေးသုံးစွဲမှု အဆင့်ပဲရှိတာပါ၊ ရှင်းလို့ရတယ်"

"ကောင်းပြီ...ကိုအံ့ပွားဘယ်မှာရှိတယ်ဆိုတာကိုမပြောနိုင် ပေမယ့် သူ့ကိုဆက်သွယ်လို့ရတဲ့ဖုန်းနံပါတ်တော့ ကျွန်မ သိတယ်"

"မင်းကို သူဘယ်မှာနေတယ်ဆိုတာကို မပြောတာ မယုံ ကြည်လို့လား"





"ကျွန်မကို မယုံကြည်လို့မဟုတ်ဘူး၊ သူ ခုရောက်နေတဲ့ နေရာက ခေါင်းဆောင်က မပြောရဘူးလို့ အမိန့်ထုတ်ထားတယ်လို့ သူပြောတာပဲ"

"မင်းဖုန်းဆက်ရင်ရော သူလာနိုင်ပါ့မလား"

"သူရောက်လာမှာပါ"

"မင်း ဆက်ပြီး ကူညီပါ၊ မင်းကို ငါတို့အကောင်းဆုံးပြန်ပြီး ကူညီပေးပါ့မယ်"

"ဟုတ်ကဲ့"

သက်သက်လွင်ဆက်သောဖုန်းက ကမ်းရိုးတန်းဖုန်း တစ်လုံးဖြစ်နေတာကိုတွေ့လိုက်ရသည်။ တစ်ဖက်မှ သူတို့နေရာကို ဖုန်းနဲ့ဆက်စပ်ပြီးလိုက်လို့မရအောင် စီစဉ်ထားတဲ့သဘောပင်။ သက်သက်လွင်မှ သူနှင့်တွေ့ဆုံရမည့်နေရာကို ချိန်းလိုက်သည်။

"နောက်နှစ်နာရီဆိုရင် သူ × × × × × စားသောက်ဆိုင်ကို ရောက်လာပါလိမ့်မယ်"

"မသက်သက်လွင် သွားကြရအောင်"

"ကောင်းပြီ"

အံ့ပွားနှင့်ချိန်းဆိုထားတဲ့စားသောက်ဆိုင်တွင်သက်သက်လွင်



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ယောက်တည်းထိုင်နေခိုင်းပြီး ရာဇာဒီပါတို့က အဝေးမှ စောင့်နေကြသည်။ စားသောက်ဆိုင်ရှေ့သို့အငှားကားတစ်စီးရောက်လာပြီး ကားထဲမှ အံ့ပွား ဘေးပတ်ဝန်းကျင်ကိုကြည့်ကာ ဆိုင်ထဲသို့ ဝင်လာခဲ့သည်။

သက်သက်လွင် ထိုင်နေသောစားပွဲတွင် ဝင်ထိုင်ဖို့ အသွားတွင် ကျော်စွာဘေးချင်းကပ်လိုက်ပြီး

"အံ့ပွား...အေးအေးဆေးဆေးလိုက်ခဲ့ပါ"

"မင်း...မင်းတို့..."

"မင်းကို သိပ်ပြီးတွေ့ချင်နေတဲ့သူတွေလို့ပဲ သဘောထားလိုက်ပါ"

အံ့ပွား သဘောပေါက်သွားပြီး သက်သက်လွင်ကို လှမ်းကြည့်ကာ

"သစ္စာဖောက်မ"

ဒုရဲအုပ် မျိုးဇော်ပါ ဘေးတွင်ထပ်ပြီးကပ်ကာ ဆိုင်ထဲက လူတွေ ဘယ်သူမှမရိပ်မိခင် အပြင်ကိုခေါ်ထုတ်လာခဲ့ကြသည်။

"မျိုးဇော်...မင်း သက်သက်လွင်ကိုခေါ်ပြီးသွားတော့၊ သူ့ကို အရင်ဆုံး ဆေးရုံမှာ ဆေးဖြတ်ဖို့လုပ်ပေးလိုက်ပါ"





"ကောင်းပါပြီ ဆရာဒီပါ"

"ချောက်..."

အံ့ပွားကိုလက်ထိတ်ခတ်ပြီး ကားမောင်းထွက်လာခဲ့တော့သည်။

"ခင်ဗျားတို့က ကျုပ်ကို ဘာအမှုနဲ့ ဖမ်းမှာလဲ"

"သိရမှာပေါ့ကွာ၊ ကားပေါ်မှာထက် ဟိုရောက်မှ ပြောကြတာပိုပြီးကောင်းပါတယ်ကွာ"

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ◂◂ ၄ ▸▸

"ကျုပ်မပတ်သက်ဘူး၊ သိလည်းမသိဘူး"

အံ့ပွားက မဏိပူရဘက်ကြီးကိုစွတ်ငြင်မပတ်သက်ကြောင်း ကိုငြင်းဆိုလိုက်သဖြင့်

"အံ့ပွား မင်းဘယ်လောက်ပဲ ငြင်းငြင်း၊ မင်းဖုံးကွယ်လို့မရ တာ မင်းရဲ့ ညာဘက်ခြေတုပဲ၊ ဒီမှာတွေ့လား၊ မင်းတို့ကားချော် ချိန်းပြီးသွားတဲ့ စက်ရုံထဲက မင်းခြေတုနဲ့ခြေရာတွေ မဟုတ်ဘူးလ မင်းဆက်ပြီး ငြင်းမယ်ဆိုရင် ဒီ့ထက်ခိုင်လုံတဲ့ သက်သေကိုပြမယ် A.P ဆိုတဲ့ မင်းခြေတုတံဆိပ်ပဲ၊ မင်းဘာဆက်ပြီး ငြင်းဦးမလဲ၊ ပြေ





ကြည့်ပါဦး"

အံ့ပွား ခေါင်းငိုက်စိုက်ကျသွားပြီး ဓာတ်ပုံကို ငုံ့ကြည့်လိုက်သည်။

"သူတို့ဘယ်သူတွေလဲ"

"သူတို့က တရုတ်ပြည်ဘက် က ဝင်လာကြတဲ့သူတွေ၊ ဘယ်လိုလူမျိုးတွေဆိုတာတော့ မသိရသေးဘူး၊ သူ့နာမည်ကိုတောင် ဘက်ကြီးကို ဝင်ပြီးတိုက်တဲ့ညကမှ သိရတာ၊ ကောင်းဝီလျံတဲ့၊ ဒါတောင် သူကပြောတာမဟုတ်ဘူး၊ အသတ်ခံရတဲ့သူဆီက ကြား လိုက်ရတာ"

"သူတို့ခု ဘယ်မှာလဲ"

"ဘယ်နေရာရောက်နေတယ်ဆိုတာတော့ မသိဘူး၊ ကျုပ်တို့ ကို ကြေးစားငှားတဲ့ ဦးကျော့နိုင့်ထားတဲ့အိမ်မှာပဲ နေကြရတာ"

"ဦးကျော့နိုင်ဆိုတာ မင်းတို့ကို ဦးဆောင်နေတဲ့ သူလား"

"ဟုတ်ပါတယ်၊ ခုနေတဲ့အိမ်က သူ့အိမ်ပဲလေ၊ လိပ်စာက × × × × × × ×"

ဦးကျော့နိုင် လိပ်စာအပြည့်အစုံကို ဇပြာပြလိုက်သဖြင့် လိုက်မှတ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးကျော့နိုင် အိမ်မှာရှိနိုင်လား"

"မရှိဖို့က များပါတယ်၊ မန္တလေးဘက်ကို ဦးဝီလျံနဲ့ ပါ သွားတယ်လို့သတင်းကြားပါတယ်"

"အိမ်မှာမင်းတို့ပဲရှိတယ်ဆိုတော့ လူဘယ်နှစ်ယောက်လဲ"

"ကျွန်တော်တို့ကြေးစားလူမိုက်တွေက (၁၀)ယောက် လောက်ရှိပါတယ်၊ ကွန်ပျူတာသမား(၂)ယောက် စုစုပေါင်း (၁၂) ယောက်၊ အပြင်ကိုထွက်လို့မရကြဘူး၊ ခုတောင် သူတို့မရှိလို့ထွက်ခဲ့ တာ"

"ကွန်ပျူတာသမားတွေကမြန်မာနိုင်ငံသားတွေလား"

"မြန်မာတွေတော့ဟုတ်ပါတယ်၊ ဂျပန်ကွန်ပျူတာတက္ကသိုလ် မှာ ဘွဲ့ရပြီး ဂျပန်ပိုင်ကုမ္ပဏီတစ်ခုမှာအလုပ်လုပ်နေရင်းကောင်းဝီလျံ နဲ့အတူပါလာကြတာ"

ရာဇာဒီပါအတွေးထဲတွင် ယမုံဦးပုံရိပ်ကိုမြင်ယောင်မိလိုက် သည်။

"အံ့ပွား... သူတို့ပစ္စည်းတွေကို သယ်သွားကြပြီလား"

"သယ်သွားကြပါပြီ၊ ဘယ်ကိုသယ်သွားတယ်ဆိုတာ တော့ မသိကာအမှန်ပါ၊ နောက်ပိုင်းလုပ်ကိုင်တာတွေကို ဘာတစ်ခုမှ အသိ





မပေးဘူး၊ သိခွင့်လည်းမရှိပါဘူး"

"မန္တလေး က ဘယ်သူ့ဆီသွားမယ်ဆိုတာကို မင်းသိနိုင် မလား"

"ဒီအဆင့်ထိ ကျွန်တော်တို့မသိနိုင်ပါဘူး"

"သိနိုင်တဲ့သူရော ရှိလား"

"ကွန်ပျူတာသမား နောင်ထူးကတော့ သိနိုင်ပါတယ်၊ ဒီကောင့်ကို ဆရာတွေ့ချင်ရင် ယမုံဦးဆိုတဲ့ မိန်းကလေးအိမ်မှာ ရှိနိုင် ပါတယ်"

"ဟင်..."

ရာဇာဒီပါကြိုတင်ပြီးတွေးထားသလိုဖြစ်နေသည်။

"အံ့ပွား မင်းဘက်က ခုလိုပြောပြတာကို ကျေးဇူးတင်ပါ တယ်ကွာ၊ မင်းအတွက် ငါတို့ဘက်က ကူညီသင့်တာကိုပြန်ပြီး ကူညီ ပေးပါ့မယ်"

"ဟုတ်ကဲ့"

"ရဲဘော်ကောင်းလှိုင်၊ သူ့ကိုပြန်ခေါ်သွားပါ၊ ကောင်းကောင်း မွန်မွန်နေပါစေကွာ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရာဇာဒီပါစစ်ကြောရေးအခန်းထဲမှထွက်ပြီး

"ကျော်စွာ...မင်းနဲ့ငါအပြင်ကိုသွားကြရအောင်"

"ယမုံဦးအိမ်ကိုလား"

"သိပ်သေချာတာပေါ့"

နှစ်ယောက်သားရုံးအပြင်သို့ထွက်လာခဲ့ကြပြီးကားတစ်စီး ဖြင့်ထွက်လာခဲ့ကြတော့သည်။

"ယမုံဦးဆိုတဲ့ မိန်းကလေးက သိပ်ကိုကြောက်ဖို့ကောင်း တာပဲ"

"တကယ့်ကိုအန္တရာယ်ကြီးတဲ့မာယာမင်းသမီးပဲကျော်စွာ၊ ကိုညဏ်ဦးကို သူ မာယာတွေနဲ့အသုံးချပြီး ဘဏ်ကြီးထဲက အရေး ပါတဲ့ကုတ်နံပါတ်တွေကိုရအောင်ယူသွားတာ၊ငါတစ်ခုတော့ သတိပြု မိလိုက်တယ်"

"ဘာကိစ္စလဲဒီပါ"

"ဘဏ်ကြီးကိုအနုကြမ်းစီးတဲ့အဖွဲ့ဟာ မြန်မာနိုင်ငံမှာအခြေ နိုင်အောင်လုပ်ပြီးမှအပိုင်လုပ်ရှားခဲ့ကြတာ၊ဦးကျော့နိုင်၊ယမုံဦးတို့က မြန်မာပြည်ရဲ့အစိကခြေကုတ်တွေပဲလေ"

"ကောင်းဗီလျှံတကယ်မသေဘူးပေါ့"





"ဒီလောက်ထိတော့မပြောနိုင်သေးဘူး"

"ယမုံဦးအိမ်ကိုတိုက်ရိုက်ဝင်မှာလား"

"အေး"

ညကိုရောက်နေပြီဖြစ်တာကြောင့် မာကျူရီမီးတွေ လင်း လက်နေပြီးကျော်စွာတစ်ယောက်အမှုအတွက် နားချိန်နည်းနေတာ ကြောင့်ကားဆိုဖာလေးကိုမှီပြီးမှိန်းလိုက်လာသည်။

"ဘယ်လိုလဲကျော်စွာပင်ပန်းနေပြီလား"

"ငါတို့အလုပ်က ဒီထက်မက ပင်ပန်းမှုတွေကို ရင်ဆိုင်ရဦး မယ်ဆိုတာကိုသိနေပါတယ်"

"သိပ်မှန်တဲ့စကားပေါ့ကွာ၊ ငါတို့ရင်ဆိုင်ရမယ့်သူတွေက အရမ်းကို ပါးနပ်ပြီး ကြောက်စရာကောင်းတဲ့အဖွဲ့တစ်ခုဖြစ်နေတော့ ကိုယ့်ဘက်က တစ်ချက်လေးလွဲသွားတာနဲ့ သေမင်းဆီကိုရောက်နိုင် တယ်"

"ဦးကျော့နိုင်အိမ်က လူတွေကို ဘယ်လိုစဉ်းစားထားလဲ"

"လောလောဆယ်တော့ ဒီလိုပဲ လွှတ်ထားပြီး ဦးကျော့နိုင် ဖမ်းမိတော့မှပဲဝင်ဖမ်းမယ်"

"ရှေ့က ယမုံဦးအိမ်မဟုတ်လား၊တိုက်ရိုက်ဝင်မှာလား"



www.burmeseclassic.com

www.burmeseclassic.com



"တိုက်ရိုက်ဝင်ရင် ဟိုကောင် ရှိမရှိကို မသိနိုင်ဘူး၊ သေချာအောင်အရင်လုပ်ပြီးမှ ဝင်မယ်၊ ကားကို ခပ်လှမ်းလှမ်းမှာ ရပ်ထားလိုက်မယ်"

ကားပေါ်မှဆင်းခဲ့ကြပြီးယမုံဦးအိမ်နားသို့လျှောက်လာကာခြံဝန်းလေးထဲကို မျက်လုံးတစ်ချက်ဝေ့ကစားပြီး လူရိပ်လူခြည်ကင်းတာကြောင့်ခြံတံခါးဘေးဘက်မှကျော်ဝင်လိုက်ကြသည်။ ခြေသံလုံစွာဖြင့် ချုံတွေကို အကာအကွယ်ယူပြီး အိမ်နားသို့ ချဉ်းကပ်ခဲ့ကြသည်။ အိမ်ကြီးထဲတွင် မီးအလင်းရောင်နှင့် ရယ်မောသံတွေကိုကြားနေရသည်။ ရာဇာဒီပါပြတင်းပေါက်မှတဆင့်အိမ်ထဲကိုလှမ်းပြီးကြည့်တော့ ယမုံဦးနှင့် နောင်ထူးတို့ ချစ်တင်းနှောနေတာကိုတွေ့လိုက်ရသည်။ ဒါကိုအခွင့်ကောင်းယူပြီး အိမ်ရှေ့တံခါးဆီသို့လျှောက်လာပြီးလူခေါ်ခေါင်းဆောင်းလေးကို လှုပ်လိုက်သည်။ တံခါးကိုလာပြီးဖွင့်သူကယမုံဦး

"ဟင်...ကိုရာဇာဒီပါ...ဘာ..ဘာ..ကိစ္စများရှိလို့ပါလဲ"

"မယမုံဦးနဲ့စကားပြောစရာရှိလို့ပါ"

"ရှင်...ခဏလေးနော်"

ယမုံဦး အိမ်တံခါးသော့ကို ဖြုတ်ယူပြီး အိမ်ထဲသို့ဝင်လိုက်





သည်။ ညှိခန်းတွင် နောင်ထူးက စာစောင်တစ်စောင်ကို ဖတ်ပြီးနေလေသည်။

"ထိုင်ပါ..ကိုရာဇာဒီပါ..ဘာအကြောင်းတွေရှိလို့ပါလဲ"

ရာဇာဒီပါ...နောင်ထူးကို သေချာစွာ သတိထားပြီးကြည့်တော့ ယမုံဦး ကွန်ပျူတာသင်တန်းကျောင်းတွင် သူနှင့်ဝင်ပြီးတိုက်မိခဲ့သူဖြစ်နေသည်။

"ဪ...သူက...ကျွန်မအစ်ကိုနိုင်နိုင်အောင်၊ မန္တလေးမှာနေတယ်၊ ရန်ကုန်ကိုအလုပ်ကိစ္စနဲ့လာတာ"

နောင်ထူးနှင့် သူတို့ကို ယမုံဦး လိမ်ညာမိတ်ဆက်ပေးပြီးပြောလိုက်သလို နောင်ထူးပုံစံက ရာဇာဒီပါတို့ကို မသိကျိုးကျွန်ပြုပြီးစာစောင်အဖတ်မပျက်။

"ကျွန်တော်တို့ဒီကိုဘာကြောင့်လာရသလဲဆိုရင် ပြောရမှာစိတ်မကောင်းပါဘူး၊ မဂ်ဂီပူရဘက်ကြီး အနကြမ်းစီးမှုအတွက်ရောက်လာတာပါ"

"ဟင်.."

"ရှင်..ကျွန်မတို့နဲ့ ဘယ်လိုပတ်သက်လို့လဲ၊ ပတ်သက်စရာအကြောင်းမရှိဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ပတ်သက်စရာရှိမရှိဆိုတာတော့သိရမှာပေါ့၊ဒီကနိုင်နိုင်အောင်
ခေါ် နောင်ထူးကိုလည်း တစ်ခါတည်း ခေါ်သွားရမှာပါ"

"ဘာ..."

"ခင်ဗျားဟာ တရုတ်ပြည်ကနေ ကောင်းဝီလျံအမည်ခံ လူ
တစ်ယောက်နဲ့ပါလာတဲ့သူဆိုတာ ကျုပ်တို့သိထားသလို၊ ခင်ဗျားနဲ့
ယမုံဦးအခြေအနေကိုလည်း သိထားပါတယ်"

"ဟင်..."

နောင်ထူးက ခပ်ညံ့ညံ့တော့မဟုတ်၊ သူ့အခြေအနေကို
သဘောပေါက်တာနဲ့ ခါးကြားက သေနတ်ကို ထုတ်ဖို့ပြင်လိုက်သည်
နှင့်

"ဖြောင်း...အီး..."

နောင်ထူးမျက်နှာပေါ်သို့သူသေနတ်မထုတ်ခင်မှာရာဇာဒီပ
၏လက်သီးက ရောက်သွားတော့သည်။ နောင်ထူး ကြမ်းပြင်ပေါ်တွင်
မှောက်သွားတော့မှ ကျော်စွာက လက်ထိတ်ခတ်လိုက်သည်။

"ကဲ.. မယမုံဦး၊ ကောင်းကောင်းမွန်မွန်လိုက်ခဲ့ပါ၊ ခင်ဗျား
အတွက်ငြင်းချက်ထုတ်လို့မရနိုင်ဘူးလေ၊ ကျော်စွာ သွားကြရအောင်"

ရာဇာဒီပါတို့ယမုံဦးနှင့်နောင်ထူးကိုခေါ်ဆောင်ပြီး အိမ်ထဲမှ





ထွက်လာကြတော့သည်။

"ရှင်သိပ်ပြီးတော်တဲ့ စုံထောက်ပဲ ရာဇာဒီပါ"

"ခုလို ချီးကျူးတာကို ကျေးဇူးတင်ပါတယ်"

"ကျွန်မကို ဒီလောက်မြန်မြန်ဆန်ဆန်ကြီး ဖမ်းနိုင်လိမ့်မယ်
လို့မထင်ထားခဲ့တာ အမှန်ပါပဲရှင်..."

"မင်းက မြန်မာပြည်က စုံထောက်တွေကို ခပ်ညံ့ညံ့လို့ ထင်
ထားတာကိုး၊ ခုလိုသဘောပေါက်သွားတာကိုပဲ ကျေနပ်ရမှာပေါ့ဗျာ"

ရာဇာဒီပါ ခပ်ပြုံးပြုံးလေးပဲ ပြောလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ◄◄ ၅ ►►

ထောက်လှမ်းရေးဌာနချုပ်စစ်ကြောရေးခန်းတွင်ယမုံဦးနှ
ရာဇာဒီပါ..

"ကျွန်မနဲ့ နောင်ထူးဟာ ဂျပန်ပြည် ကွန်ပျူတာတက္ကသို
တစ်ခုမှာ ဆုံစည်းခဲ့ကြပြီး ချစ်သူတွေဖြစ်ခဲ့ကြပါတယ်။ တစ်ယော
နဲ့တစ်ယောက် လက်ထပ်ဖို့ထိ စီစဉ်ပြီးမှ နောင်ထူးမိဘတွေက ဂျာ
နိုင်ငံကို ရွှေ့ပြောင်းသွားကြပြီး ကျွန်မနဲ့နောင်ထူး အဆက်အသွ
ပြတ်ခဲ့ကြပါတယ်။ ကျွန်မ မြန်မာပြည်ကိုပြန်ရောက်ပြီး (၃)နှစ်လော
ထိ နောင်ထူးဆီက အဆက်အသွယ်မရတော့တာနဲ့ ကိုညက်ဦး





ချစ်သူဖြစ်ခဲ့ရတာပါ။ ကျွန်မ သိပ်ကိုမိုက်မဲလှတဲ့မိန်းမတစ်ယောက်ပါ။ ကျွန်မပေါ်မှာ သိပ်ပြီးကောင်းတဲ့ ချစ်သူပေါ်မှာ သစ္စာမဲ့တဲ့အပြင် သူ့အသက်ကိုသေစေဖို့ထိ ယုတ်မာခဲ့ပါတယ်"

ယမုံဦး၏နောင်တနှင့်ကြေကွဲမှုတို့သည် မလှပနိုင်တော့ပါ။ သူမဆီမှ ရှိုက်သံယဲ့ယဲ့ကိုကြားရပြီး မျက်ရည်စတွေကိုပါ တွေ့နေရသည်။

"မင်းခဏ နားလိုက်ပါဦး..ယမုံဦး"

ရာဇာဒီပါ သူမကို အခန်းထဲမှာ ထားခဲ့ပြီး အပြင်ကို ထွက်လာကာ ရဲမေတစ်ဦးကို သူမအတွက် ကော်ဖီနှင့်မုန့်ကို ပို့ခိုင်းလိုက်၏။

စစ်ကြောရေး အသံဖမ်းခန်းထဲသို့ဝင်လိုက်ပြီး ကျော်စွာဘေးတွင် ဝင်ထိုင်လိုက်သည်။

"တကယ် မာယာကောင်းတဲ့မိန်းမ၊ အခုမှလာပြီး နောင်တရပြနေတယ်"

ကျော်စွာမှ မကျေမနပ်နှင့်ပြောဆိုနေလေတော့သည်။

"မိုက်မဲတဲ့သူဟာ မိုက်မဲတဲ့ရလဒ်ကို ပိုင်ဆိုင်ရတာပဲလေ။ ကိုယ့်ဘက်ကစိတ်ရှည်ရှည်နဲ့ကိုယ်လိုချင်တာကို ရအောင် မေးရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမို့လို့ပေါ့ကွာ၊ ငါသာ စစ်ကြောရေးဝင်ရရင် မလွယ်ဘူး၊ တစ်သက်စာ အမှတ်ရသွားအောင် ပြောပစ်လိုက်မှာကွ"

"မင်းအကြောင်းကို ကောင်းကောင်းသိတယ်၊ ဒါကြောင့် စစ်ကြောရေးတာဝန်ကို ရဲချုပ်က မင်းကို ပိတ်ထားတာပေါ့ဟား ဟား ဟား...."

"ဟုတ်တယ်... ဒီပါ၊ ငါ့စိတ်က မဟုတ်တာတွေ၊ မတရားတာတွေကို သိပ်ပြီး စိတ်မရှည်ချင်ဘူး၊ ဒီစစ်ကြောရေးပြီးရင် ဆက်ပြီး ... ဦးမှာလား"

"မဝင်တော့ဘူးကွာ၊ ငါ့ကောင်ကို သနားနေပါပြီ၊ ယမုံ ... ဆီကသိ သင့်တာတွေကို သိပြီးတာနဲ့ နားဦးမယ်"

"ဟိုကောင် နောင်ထူးကို ဘယ်အချိန်ဝင်မှာလဲ"

"ဒီကောင့်ပုံကြည့်ရတာ ခေါင်းမာမယ့်ပုံနော်၊ လွယ်လွယ် ... ဟော့ ထုတ်ပြောမှာမဟုတ်ဘူး"

"ပါးပါးနပ်နပ် ကိုင်တွယ်တတ်ဖို့ပဲ လိုပါတယ်ကွာ၊ ငါသွား ... မယ်၊ ထွက်ဆိုချက်တွေကို သေသေချာချာ ဖမ်းနော်၊ ရဲချုပ်ကြီး ... တဆင့် လူကြီးတွေဆီကို တင်ပြရမှာ"

"အေးပါကွာ"





ကျော်စွာ အသံလုံခန်းထဲမှ ရာဇာဒီပါ ပြန်ထွက်လာပြီး စစ်ကြောရေးခန်းထဲသို့ဝင်လာခဲ့သည်။

"မင်းဆက်ပြီး ပြောလို့ရပြီလား ယမုံဦး"

"ဟုတ်ကဲ့... ကိုရာဇာဒီပါ သိချင်တာကိုမေးပါ"

"မင်းနဲ့ နောင်ထူးက ဘယ်မှာပြန်ပြီးဆုံခဲ့ကြတာလဲ"

"ဂျပန်ပြည်မှာပါ၊ မနှစ်က ကျွန်မ ဂျပန်ပြည်က မိတ်ဆွေ တစ်ဦး မင်္ဂလာပွဲကိုသွားရင်း တိုကျိုမှာ မမျှော်လင့်ဘဲ နောင်ထူးနဲ့ပြန် ပြီးဆုံခဲ့ကြတယ်လေ၊ သူ့ဘက်က ကျွန်မကို ရှာဖွေနေတဲ့အကြောင်း တွေပြောပြီး လက်ထပ်ခွင့်တောင်းခဲ့ပါတယ်၊ ကျွန်မဘက်ကလည်း ကိုညက်ဦးပေါ်မှာ သစ္စာမဲ့ခဲ့ပြီး နောင်ထူးလက်ထပ်ခွင့်ကို ခေါင်းညိတ် ခဲ့ပါတယ်။ နောင်ထူးက တရုတ်ပြည်ဘက်မှာ အခြေချပြီးနေနေတယ်၊ သူ့မှာ အရေးကြီးတဲ့ကိစ္စတစ်ခုကို မြန်မာပြည်မှာလာပြီး လုပ်စရာရှိ တာကို ပြောပြီး မဏိပူရဘက်ကြီးကို အနုကြမ်းစီးဖို့ကိစ္စမှာ ကူညီပေး ဖို့စည်းရုံးခဲ့တယ်၊ ကျွန်မတို့ (၂) ယောက် ဘဝအတွက် (၁၀) သက်စား မကုန်တဲ့ငွေကြေးကိုရမယ်ဆိုတဲ့ မက်လုံးကြောင့် ကျွန်မ သဘောတူ ခဲ့ပါတယ်။ မြန်မာပြည်မှာ ကျွန်မ လုပ်ရမယ့်တာဝန်က မဏိပူရဘက် ကြီးရဲ့ဘီခါး (၃) ချပ်ကိုဖွင့်ဖို့ ကွန်ပျူတာလျှို့ဝှက်သင်္ကေတတွေကို ဖော်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပေးဖို့ပါပဲ။ အဆင်သင့်ချင်တော့ ကိုညက်ဦးဟာ မဂ်ဂိုပူရရဲ့တံခါ
(၃)ချပ် ကွန်ပျူတာကို တာဝန်ယူရတဲ့သူဖြစ်နေတော့ သူ့ကို ကျွန်မ
မာယာသုံးပြီး ကွန်ပျူတာလျှို့ဝှက်သင်္ကေတတွေကို ယူခဲ့ပါတယ်။ ဒီ
နောက်တော့ နောင်ထူးကို အကြောင်းကြားလိုက်ပြီး နောင်ထူးတ
မြန်မာပြည်ကိုရောက်ခဲ့ကြတယ်၊ အသေးစိတ်လုပ်ငန်းတွေကိုတော
သူတို့ ဦးကျော့နိုင်ဆိုသူနဲ့ ဆောင်ရွက်ကြတာပါ၊ ဒီအထိ ကျွန်မ
မသိခဲ့ပါဘူး"

"မင်းနဲ့ဦးကျော့နိုင်က အဆက်အသွယ်မရှိကြဘူးလား"

"နောင်ထူးမိတ်ဆက်ပေးလို့တစ်ခါပဲ တွေ့ဖူးပါတယ်၊ ရင်းနှီ
ခြင်းတော့ မရှိပါဘူး"

"ကောင်းဝီလျံဆိုတဲ့လူကိုရော တွေ့ဖူးလား"

"တွေ့ဖူးပါတယ်၊ ကျွန်မကို စိန်လက်စွပ်လေးတစ်ကွင်းပေ
ဖူးပါတယ်"

"ဆုချတဲ့သဘောပေါ့"

"ဟုတ်ပါတယ် ကိုရာဇာဒီပါ"

"သူတို့ဘာဆက်ပြီးလုပ်မယ်ဆိုတာကို နောင်ထူးက ဘာ
မပြောဘူးလား"





"သူပြောပြတာတော့ ကျွန်မကို တရုတ်ပြည်ကိုအပြီးခေါ်
သွားပြီး ဟိုမှာနေဖို့အတွက် စီစဉ်ပြီးပြီလို့ ပြောပါတယ်"

"သူတို့အနုကြမ်းစီးထားတဲ့ စိန်တွေကို ဘယ်မှာထားတယ်
ဆိုတာရော ပြောပြသေးလား"

"နောင်ထူးဒါကိုတော့ မပြောပြပါဘူး"

ယမုံဦး သိနိုင်သော ကိစ္စတွေကုန်သလောက်ဖြစ်သွားပြီဆို
တာကို ရာဇာဒီပါသိလိုက်ပြီဖြစ်သောကြောင့်

"ခုလို ထုတ်ဖော်ပြောဆိုတာကို ကျေးဇူးတင်ပါတယ်၊ မင်း
လည်း ပင်ပန်းနေပါပြီ၊ အနားယူလိုက်ပါဦး"

"ဟုတ်ကဲ့၊ ဩော်...ကိုရာဇာဒီပါ"

"ပြောပါ ယမုံဦး"

"ကျွန်မဆီမှာ နောင်ထူးပေးထားတဲ့ စီဒီလေးတစ်ခုရှိပါ
တယ်"

"ရိုးရိုးအခွေလား ယမုံဦး"

"မဟုတ်ပါဘူး၊ ကွန်ပျူတာအခွေလေးတစ်ခုပါ၊ ဘာတွေလဲ
ဆိုတာတော့ ကျွန်မ မသိဘူး၊ ကျွန်မ ကွန်ပျူတာသင်တန်းဆင်းက
ကျွန်မ ကိုယ်ပိုင် ကွန်ပျူတာထဲမှာ ထည့်ထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ၊ သွားပြီး သိမ်းဆည်းလိုက်ပါမယ်၊ မေသူ
ယမုံဦး ကိုအနားပေးလိုက်ပါကွာ"

"ဟုတ်ကဲ့ဆရာ၊ သွားကြရအောင် မယမုံဦး"

ရဲမေလေးနှင့် ယမုံဦးထွက်သွားပြီးနောက် သက်ပြင်းပူလေ
ကို မှုတ်ထုတ်ပြီး အနားယူသည့်အခန်းဆီသို့ ကျော်စွာနှင့်အ
ထွက်လာခဲ့ကြတော့သည်။ အခန်းဆီသို့ရောက်တော့ ကျော်စွာ
တော့ တစ်နေ့လုံးပင်ပန်းထားသဖြင့် ခုတင်ပေါ်ရောက်သည်နှင့် အိ
ပျော်သွားလေ၏။ ရာဇာဒီပါကတော့ အတွေးများစွာနှင့် ချက်ချင်းအိ
မပျော်နိုင်သေးချေ။

"ဆရာဒီပါနဲ့ဆရာကျော်စွာ"

"ဟော.."

ထောက်လှမ်းရေးရဲဘော်လေး မောင်စိုး အရေးတကြီး
သံကြောင့် အိပ်ပျော်ကာစ နှစ်ယောက်လုံး ခုတင်ပေါ်မှထကာ

"ဘာဖြစ်တာလဲရဲဘော်"

"ဟို..ဟို..တရားခံ နောင်ထူးသေဆုံးနေပြီ"

"ဘာ.."

"ဟာ..."





နောင်ထူးကို ထိန်းသိမ်းထားသော
အခန်းသို့အပြေးကလေး လာပြီးကြည့်လိုက်တော့ ကြမ်းပြင်တွင်
ခွေခွေလေးလဲကျပြီး သေဆုံး နေတာကို တွေ့ရသလို
ဒေါက်တာမွန်းကိုလှိုင်လည်းရောက်နေသည်ကိုတွေ့သဖြင့်

"ဒေါက်တာ ဘယ်လိုဖြစ်သွားတာလဲ"

"အံ့သြဖို့တော့ ကောင်းတယ်ဆရာ ဒီပါ၊ အသက်ရှူလမ်း
ကြောင်းနဲ့ နလုံးလမ်းကြောင်းကို ရပ်ပစ်လိုက်ပြီး သေဆုံးတာ"

"ဟင်.."

နောင်ထူးအခန်းထဲကို တစ်စုံတစ်ယောက်ဝင်ပြီး သတ်
သလိုတောင် ထင်ရပေမဲ့ဝင်နိုင်စရာဆိုလို့ လူမပြောနှင့် ကြွက်တောင်
ဝင်လို့မရ။

"လုံခြုံရေးတာဝန် ဘယ်သူယူထားလဲ"

"ကျွန်တော်ပါဆရာ"

မောင်စိုးကရာဇာဒီပါကို အရိုအသေပေးပြီး ပြောလေသည်။

"မင်းထူးခြားတာဘာတွေ့လဲ"

"နောင်ထူးမသေချင် တစ်နာရီလောက်က တရားထိုင်နေ
တာကိုတွေ့ရတယ် ဆရာဒီပါ၊ ကျွန်တော်လည်း တရားထိုင်နေတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး နေတာ နောက်လဲကျသွားတော့မှ ဆရာအောင်ကို ခေါ်ပြီးပြ
တာ..ပါ"

"ရဲဘော်မောင်စိုးလာပြီးခေါ်ပြတာနဲ့ ကျွန်တော်ဒေါက်တာ
မွန်းကို ချက်ချင်းခေါ်ပြီးစမ်းကြည့်တော့ သေနေပြီဆရာ..."

ရာဇာဒီပါ သေဆုံးနေတဲ့ နောင်ထူးကို သေချာစွာကြည့်ပြီး
ပါးစပ်တွင် ရေတွေပြန်ပြီးထွက်နေတာကိုတွေ့ရသဖြင့်

"မောင်စိုး...မင်းဆီက နောင်ထူးရေ တောင်းပြီးသောက်
သေးလား"

"တောင်းတယ် ဆရာဒီပါ၊ သူ တရားမထိုင်ခင်လေးမှာ
တောင်းပြီးသောက်တာ"

"ဟုတ်ပြီ၊ ဒါ တရုတ်ရှောင်လင်ဘုန်းကြီးတွေ ကျင့်သုံးတဲ့
နလုံးသွေးရပ်ပြီးကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်တဲ့နည်းကွ၊ ဘာတတ်
နိုင်မလဲကွာ၊အလောင်းကိုသေချာစွာ ဓာတ်ပုံမှတ်တမ်းတင်ပြီး တင်ပြ
နိုင်ဖို့ပြင်ဆင်ကြတော့၊ အစီရင်ခံစာကိုငါပဲရေးမယ်"

"ဟုတ်ကဲ့ ဆရာဒီပါ"

"ဟူး..."

ရာဇာဒီပါတို့အတွက် အရေးကြီးသော တရားခံတစ်ဦးကို





နာရီပိုင်းအတွင်းမှာ ဆုံးရှုံးလိုက်ရပြီဖြစ်သည်။

"ပွဲက ဆက်ဖို့ဖြစ်လာတာပဲပေ့"

"တောက်...ပွဲပြီးကာနီးမှကွာ"

"ကျော်စွာ...မင်းက ငါ့ထက်တော်တာရှိတယ်"

"ဘာလဲ"

"ရဲချုပ်ကြီးဆီကို အစီရင်ခံစာရေးတာ"

"လုပ်ပေးရမှာပေါ့ကွာ"

ဓာတုဗေဒဌာနရှေ့သို့ရောက်သည်နှင့် တပ်ကြပ်ကြီးဆရာ
မောင်ကိုမှ လှမ်းပြီးခေါ်တာကြောင့်ဌာနစန်းထဲသို့ဝင်လိုက်ကြသည်။

"ဆရာဒီပါပို့ထားတဲ့ပလပ်စတစ်အဖြေကိုရပြီ"

"ဘာတဲ့လဲ ဆရာမောင်ကို"

"ဒီပလပ်စတစ်က လူတွေမျက်နှာ ရုပ်ပြောင်းရုပ်လွှဲလုပ်
ရင်အသုံးပြုတဲ့ ပစ္စည်းလေးတစ်ခုပါ"

"ဟင်..."

"အထူးသဖြင့် ဒီပစ္စည်းမျိုးကို တရုတ်ပြည်ဘက်မှာ အသုံး
ပြုကြတာများတယ်၊ ရုပ်ရှင် ဗီဒီယိုတွေမှာ အများဆုံးအသုံးပြု
ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရာဇာဒီပါ အတွေးထဲသို့ အလင်းတန်းလေးတစ်ခုရောက်လာပြီး ပြုံးလိုက်မိသည်။

"ဆရာမောင်ကို ဒါကို သေသေချာချာ စစ်ချက်မှတ်တမ်းလုပ်ထားချာ"

"ဟုတ်ကဲ့"

အခန်းပြင်သို့ရောက်တော့

"ဒီပါမင်းဘာပြုံးလိုက်တာလဲ"

"ငါတို့အတွက် အဖြေတစ်ခုကိုရလိုက်လို့ပါ"

"ဘာအဖြေလဲဒီပါ"

"ကောင်းဇီလျံအတုကို သိလိုက်ရလို့ပါ"

"ကောင်းဇီလျံအတုဆိုတာ ဘယ်သူလဲ"

"ခုမြန်မာပြည်ကိုရောက်နေတဲ့ ကောင်းဇီလျံဟာအတုဖြစ်ဖို့သေချာတယ်"

"မင်းပြောတာ ရှာစ်ခုလိုနေသလိုပဲ ဒီပါ"

"မင်းမျက်လုံးကိစ္စကိုပြောမလို့မဟုတ်လား"

"ဟုတ်တယ်၊ မျက်လုံးကို အတုလုပ်လို့ ရတယ်ပဲထားဦး ကွန်ပျူတာထဲက သူ့ငယ်အိမ်သွေးကြောအချက်အလက်နဲ့ ကွဲလွဲနိုင်





တယ်"

"သေချာတာပေါ့ကွာ၊ ဒါကိုဆက်ပြီး အဖြေရှာရမှာပေါ့၊ ပထမပိုင်းကိုအရင်ဆုံးရှင်းအောင်လုပ်ထားတဲ့သဘောပဲ"

"ဒီအဖြေကိုမြန်မာပြည်မှာ ရှာလို့ရပ့ါမလား"

"ကောင်းဇီလျံအတုကို ဖမ်းမိနိုင်ရင်တော့ အဖြေက ရှင်းသွားမှာပေါ့ကွာ"

"မန္တလေးဘက်ကရော ဘာသတင်းတွေဝင်ပြီလဲ"

"ခုထိတော့ မဝင်သေးဘူး၊ မင်း ရေချိုးလိုက်ကွာ၊ ပြီးရင် အပြင်ကိုသွားကြရအောင်"

"ဟုတ်တယ်၊ ရေချိုးမှဖြစ်မယ်၊ စိတ်ထဲမှာ နံ့ချိနေတာပဲ၊ မင်းရော မချိုးဘူးလား"

"စစ်ကြောရေးမဝင်ခင် ခပ်သွက်သွက်လေးချိုးထားတယ်၊ ခု ဦးကျော့နိုင် ပစ်မှတ်မှာ တာဝန်ကျတဲ့သူတွေဆီကို အခြေအနေမေးလိုက်ဦးမယ်"

"ငါသွားပြီးချိုးလိုက်ဦးမယ်"

"အေး.."

ကျော်စွာ ရေချိုးဖို့ထွက်သွားသည်နှင့် ဦးကျော့နိုင်ရှိ ပတ်



www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်တွင် စောင့်ကြည့်တာဝန်ချထားသောသူတွေဆီကို ဖုန်းနဲ့ ဆက်သွယ်ပြီး မေးပေမဲ့ ဘာထူးခြားမှုမှ မရှိသေးပေ။ ကောင်းဝီလျံ အတုနှင့် ဦးကျော့နိုင်ကို အမြန်ဆုံး ခြေရာခံနိုင်မှ မဂ်ဂီပူရ ဘဏ်ကြီး အနုကြမ်းစီးမှုကို အပြီးသတ်နိုင်မှာဖြစ်သည်။

ဌာနချုပ်အနားယူခန်းတွင်ထိုင်ပြီး အားကစားစာစောင်ကို ဖတ်လို့ မဆုံးခင် ကျော်စွာရောက်လာတာကြောင့် တစ်ခါတည်း အပြင်ကိုထွက်ခဲ့ကြတော့သည်။

"ဘယ်ကိုမောင်းရမလဲ"

"ယမုံဦးအိမ်ကိုမောင်း၊ ဟိုမှာ သူပြောတဲ့ ကွန်ပျူတာစီ ပြားလေးသွားယူရအောင်"

"အိုကေ.."

ဌာနချုပ်ဝန်းထဲမှ ကားလေးမောင်းထွက်ခဲ့ကြသည်။

"ဒီပါ...သူတို့လက်ထဲက စိန်သေတ္တာက (၁၀)လုံးဆိုတော့ အပေါ်လမ်းကြောင်းကတော့ မထွက်နိုင်ဘူး၊ အောက်လိုင်းက ထွက် သွားနိုင်တယ်၊ မင်းရောဘယ်လိုထင်သလဲ"

"ငါ့စိတ်ထဲမှာတော့ သူတို့အပေါ်လမ်းကနေ ပုံစံတစ်မျိုးနဲ့ ထွက်သွားနိုင်တယ်၊ အောက်လမ်းက ထွက်ဖို့ဆိုတာ မလွယ်လှဘူး





မြို့ထွက်ဂိတ်တွေကိုလည်း စစ်ဆေးရေးတိုးမြှင့်ပြီးလုပ်ခိုင်းထားတာပဲ၊ ဘယ်လိုပုံစံနဲ့ထွက်နိုင်သလဲဆိုတာတော့ ခန့်မှန်းရခက်တယ်၊ ကုန်းလမ်းကနေ ထွက်ရင်မန္တလေးဘက်ကထွက်ပြီး တရုတ်နယ်စပ် ကနေ တရုတ်ပြည်ကို ဝင်ရမှာဆိုတော့ အခက်အခဲရှိမယ်၊ သူတို့ အများဆုံးထွက်နိုင်တာ ရေကြောင်းလမ်းက ရာခိုင်နှုန်းများတယ်"

"ဒါဆို ဆိပ်ကမ်းလုံခြုံရေးဂိတ်တွေကို သတင်းပို့ထားပေါ့"

"ပို့ထားပြီးပါပြီ၊ ရှာဖွေရေးလုပ်ဖို့ကတော့ မင်းသိတဲ့အတိုင်း စိန်တွေကို ကွန်တိန်နာတစ်ခုထဲမှာ တခြားပစ္စည်းတွေနဲ့ ရောထည့် ထားရင် ဘယ်လိုမှရှာလို့ရမှာမဟုတ်ဘူးကွ၊ ကိုယ့်ဘက်က သတင်းရ မှသာ ဖြစ်နိုင်မှာ၊ အရေးကြီးတာ သတင်းရဖို့ပဲကွ"

"ကောင်းဝီလျံအတုက ပစ္စည်းနဲ့အတူထွက်နိုင်မလား"

"ငါ့အထင်တော့ မထွက်နိုင်ဘူး၊ လူက တခြားကထွက်ပြီး ပစ္စည်းက တခြားလိုင်းကနေထွက်မှာသေချာတယ်၊ မနက်ဖြန်ကို သီလဝါဘက်မှာ ဆိုက်ကပ်ထားတဲ့ တရုတ်ကုမ္ပဏီပိုင် သင်္ဘောကြီးနဲ့ ပတ်သက်ပြီး သွားလေ့လာရဦးမယ်ကွ"

"သင်္ဘောပေါ်ကိုရောက်နေပြီဆိုရင်ခက်ပြီ"

"မရောက်သေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲဒီပါ"

"သင်္ဘောကြီးကို ပစ္စည်းတင်ပို့မှုကို မလုပ်ရသေးဘူးလို့ ဆိပ်ကမ်းစာဝန်ရှိသူတွေက သတင်းပို့ထားတယ်၊ ခုလာမယ့်( × × ×) ရက်နေ့မှ ယူနီဆက်ကနေ တရုတ်ပြည် ငလျင်ဒဏ်ကြောင့် ဒုက္ခ ရောက်နေသူတွေအတွက် ဆန်တင်မှာ"

"နောင်ထူးသေသွားတာ လမ်းစသစ်ကိုပြန်ပြီးရှာရသလိုဖြစ် သွားတယ်ကွာ၊ နောင်ထူးဟာ အတော့်ကိုအရေးပါတဲ့ ကောင်ဖြစ် ရမယ်"

"သေချာသလောက်ပဲ၊ ဒါကြောင့် သူ့ကိုယ်သူ အဆုံးစီရင် လိုက်တာ"

"ဘာလို့ ဒီလောက်ထိ မိုက်မဲရသလဲဆိုတာ မတွေးတတ် ဘူး"

"သူ့နောက်ကွယ်မှာ ထိန်းချုပ်မှုတစ်ခုတော့ရှိနိုင်တယ်လေ ဒါကြောင့် သူ့ကိုယ်သူအဆုံးစီရင်လိုက်တာ ဖြစ်မှာပေါ့"

စကားပြောရင်း မောင်းလာသောကားမှာ ယမုံဦးအိမ်သို့ ရောက်တော့ အိမ်တွင်ခြံစောင့်အသွင်ဖြင့် ချထားသော ရဲဘော်လေး ဆီကိုအရင်မေးလိုက်သည်။





"ဘာတွေထူးသေးလဲရဲဘော်"

"ထူးခြားတာ တစ်ခုမှမရှိသေးပါဘူး၊ သူ့သင်တန်းကျောင်း ကတော့ ဖုန်းလာတယ်၊ ကျွန်တော်က အပြင်ကိုသွားနေတယ်လို့ပဲ ပြောထားပါတယ်"

"အေး..ငါတို့အိမ်ထဲကိုဝင်ဦးမယ်"

"ဟုတ်ကဲ့"

အိမ်တံခါးကိုဖွင့်ပြီးအိမ်ထဲသို့ဝင်ကြကာ ယမုံဦးအခန်းကို အရင်ဝင်ပြီး ကွန်ပျူတာနှင့်ပတ်သက်ပြီးစာရွက်စာတမ်းထဲမှ မသင်္ကာ ဖွယ်ရာတွေကိုသာ သိမ်းယူလိုက်သည်။

"ဒီပါ ကွန်ပျူတာစီဒီခွေက သူ့သင်တန်းကျောင်းမှာ သွားပြီး ယူရမှာမဟုတ်ဘူးလား"

"ဟုတ်တယ်၊ ခုနေသွားရင် သင်တန်းချိန်ဆိုတော့ မကောင်း ဘူး၊ ညနေမှပဲ သွားယူမယ်၊ ငါ ဒီကိုလာတာ ယမုံဦးနဲ့ပတ်သက်ပြီး ဆက်သွယ်မှုလုပ်လာမယ့် သူတွေကိုစောင့်ကြည့်လိုတဲ့ သဘောပဲ"

"စောစောက ပြောရောပေါ့ကွာ၊ ဟာ..ဒီမှာ ဟန်းဖုန်း တစ်လုံး"

"ဟုတ်ပြီ..ငါ နောင်ထူးကိုထိုးလိုက်တုန်းက ဒီကောင့်ဆီက



www.burmeseclassic.com

www.burmeseclassic.com



ကျနေခဲ့တာဖြစ်မယ်"

ရာဇာဒီပါ ဟန်းဖုန်းလေးကိုကောက်ယူပြီး အထဲမှ နံပါတ်တွေကိုတစ်ခုချင်းရှာဖွေကြည့်လိုက်သည်။

"မန္တလေးအဝင် နံပါတ်တော့ရှိတယ်ကွ"

"ဟာ..ဒါဆိုရင် ဦးကျော့နိုင်တို့ဘက်က ဆက်သွယ်တာဖြစ် နိုင်မယ်"

"ဟုတ်ဖို့တော့များတယ်"

ရာဇာဒီပါခေါင်းထဲတွင် အကြံတစ်ခုရလိုက်ပြီး

"ကျော်စွာ ငါတို့ဌာနက မေတိုးလှိုင်ကို အမြန်ဆုံးခေါ်လိုက်၊ ဒီမှာ ကိစ္စရှိတယ်၊ ချက်ချင်းလာခဲ့လို့"

"အေး.."

ကျော်စွာ သူ့ဖုန်းဖြင့် ဌာနချုပ်ကို ဆက်ပြီး မေတိုးလှိုင်ကို အမြန်ဆုံးလာခိုင်းလိုက်သည်။

"မင်းဘာတွေခေါင်းထဲရောက်လာလို့လဲဒီပါ"

"ငါ့အထင် ဦးကျော့နိုင် နောင်ထူးကိုဆက်သွယ်မှာသေချာ တယ်"

"ဆက်သွယ်တာတော့ ဟုတ်ပါပြီ၊ မေတိုးလှိုင်က မိန်း





ကလေးလေ"

"မင်းကတော့ ငါ့နားမှာနေပြီး တုံးပြီးရင်းတုံးနေတဲ့ကောင်၊ မေတိုးလှိုင်ကိုခေါ်ရတာ ယမုံဦးကိုယ်စားစကားပြောဖို့ကွ"

"ဆောရီး..ခုမှငါသဘောပေါက်တယ်၊ နောင်ထူးနဲ့ ယမုံဦးငြိ နေတာကို ဦးကျော့နိုင်တို့က သိထားတော့ နောင်ထူးဖုန်းကို ယမုံဦးကိုင်တာ သံသယမဖြစ်နိုင်ဘူးပေါ့၊ ဒါကြောင့်ကိုး၊ မေတိုးလှိုင်ကို ငါတို့ ဌာနမှာ အသံနဲ့ပတ်သက်ပြီး ဆရာတစ်ဆူဆိုတော့ ယမုံဦး အသံမျိုးကိုတုပြောနိုင်တာပေါ့ကွာ"

"မင်းမဆိုးတော့ဘူး တိုးတက်လာပြီ"

အပြင်မှ ကားသံကြောင့် ကြည့်လိုက်တော့ မေတိုးလှိုင် ရောက်ရှိလာသည်။

"ဆရာဒီပါ ခေါ်တယ်ဆို"

"ဟုတ်တယ် မေတိုးလှိုင်၊ ကိစ္စလေးရှိလို့၊ မင်း ယမုံဦး စကား ပြောဟန်ကို အသတိပြုမိလား"

"ပြုမိပါတယ်ဆရာဒီပါ"

"ဒါကို အသုံးပြုလို့ရနိုင်မလား"

"ရတယ်ဆရာ၊ ကျွန်မနဲ့ ယမုံဦးက ဆယ်တန်းတုန်းက တစ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်လောက်တွဲခဲ့ဖူးပါတယ်၊ သူ့အသံအနေအထားကို ကောင်း ကောင်းသိတယ်"

"ဒါဆိုရင် အဆင်ပြေတာပေါ့၊ ကဲ..ထိုင်ပြီး သက်သက် သာသာနေပေတော့၊ ပျင်းရင် ဟိုမှာ စီဒီအခွေတွေရှိတယ် ကြည့်နေ"

"မကြည့်တော့ပါဘူးဆရာ၊ စာပဲဖတ်မယ်"

ရာဇာဒီပါပြတင်းပေါက်ဘက်သို့လျှောက်လာပြီး အပြင်ကို ကြည့်နေလေသည်။

"တီ..တီ.."

"ဟင်.."

နောင်ထူး ဟန်းဖုန်းခေါ်သံကြောင့် မေတိုးလှိုင်လက်ထဲသို့ ထည့်ပေးလိုက်သည်။ တစ်ဖက်မှ လှမ်းပြီးခေါ်တဲ့ ဖုန်းနံပါတ်ကို ကြည့် တော့ မန္တလေးဘက်မှဝင်လာသော ဖုန်းနံပါတ်ဖြစ်နေသည်။ မေတိုးလှိုင် ကို စကားပြောရင် အမှားအယွင်းမရှိစေဖို့ မှာလိုက်ပြီး တစ်ဖက်သို့ စကားပြောခိုင်းလိုက်သည်။

"ဟဲလို..ပြောပါ"

× × × × × × × × × × × ×

"ကျွန်မ ယမုံဦးပါ"





× × × × × × × × × × × × ×

"သူက မူးပြီးအိပ်နေတယ်၊ နှိုးလိုက်ရမလား၊ ဘယ်သူလို့ ပြောလိုက်ရမလဲ"

× × × × × × × × × × ×

"ဟုတ်ကဲ့"

× × × × × × × × × × × × × × × × × × × × × ×

"ဟုတ်ကဲ့ ပြောလိုက်ပါ့မယ်"

တစ်ဖက်မှဖုန်းပြန်ပြီးချသွားလေသည်။

"ဘယ်သူလဲမေတိုး"

"ဦးကျော့နိုင်ပါ၊ နောင်ထူးကို မန္တလေး × × × × ဟိုတယ်ကို အားချင်းလိုက်ခဲ့ဖို့ပြောခိုင်းတာ"

"ငါတို့အတွက်တော့ ကံကောင်းတာပဲဟေ့၊ မန္တလေး နယ်မြေခံတွေကို × × × × ဟိုတယ်နားမှာ စောင့်ကြည့်ထားပြီး မင်းနဲ့ငါ အမြန်ဆုံးလိုက်သွားရမယ် ကျော်စွာရေ၊ မေတိုး ဒီဖုန်းကိုကိုင်ထားပြီး အဆင်ပြေသလို ပြောထားနော်၊ မင်းနဲ့အတူ ဒီအိမ်မှာ ရဲမေ တစ် ယောက်ကိုခေါ်ထားပြီး ယမုံဦးအဖြစ်နဲ့ ဆက်သွယ်လာတဲ့သူတွေကို ထိန်းထားရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါဆရာဒီပါ"

"မင်းနဲ့ငါ မန္တလေး အားချင်းသွားမယ်ဆိုတော့ ရထားနဲ့လား ကားနဲ့လား"

"ရထားက အချိန်မမှီတော့ဘူး၊ ကားနဲ့လစ်ရမှာပဲ"

"နစ်ယောက်တည်းလား"

"ကားမောင်းဖို့တစ်ယောက်ထပ်ပြီးခေါ်သွားမယ်"

"ဒါဆို သွားကြစို့"

ယမုံဦးအိမ်မှ နစ်ယောက်သားပြန်ပြီးထွက်လာကာ ခရီး ထွက်ဖို့အတွက် ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်ကြသလို မန္တလေး ထောက်လှမ်းရေးတပ်ဖွဲ့သို့လှမ်း၍လုပ်ဆောင်ရမှာတွေကို သတင်းပို့ ရတော့မှာဖြစ်သည်။

"ကျော်စွာရေ. ငါတို့ဘက်က လက်ဦးမှုရမှုဖြစ်မယ်၊ ဒါမှ မဏိပူရဘဏ်ကြီးကိစ္စကို အမြန်ဆုံးဇာတ်သိမ်းနိုင်မှာကွ"

"မြန်မြန်ဇာတ်သိမ်းမှပဲဟေ့၊ နို့မို့ဆိုရင် လူလည်း လုံးပါးပါး တော့မယ်၊ စားကောင်းခြင်းမစားရ၊ အိပ်ကောင်းခြင်းမအိပ်ရတဲ့ဘဝ ကွာ..."

ೠ ೠ ೠ



## အခန်း ◀◀ ၆ ▶▶

ရန်ကုန်မှ မန္တလေးကို လမ်းတွင် ခဏနားပြီး ခရီးဆက်ခဲ့ကြ သည်။ မန္တလေးကိုရောက်တော့ ခရီးပန်းနေပေမဲ့ မနားနိုင်ဘဲ နယ်မြေခံဌာနချုပ်ဆီသို့လာခဲ့ကြသည်။

"ဆရာဒီပါတို့ရောက်တာမြန်သားပဲ"

"မြန်ဆို ဗိုလ်ကြီး ဇေယျာရေ၊ လမ်းမှာ တစ်နာရီလောက်ပဲ နားပြီး အားချင်းလာခဲ့ရတာ၊ ရေတိုင်ကီ ရေဆူတဲ့အခါ ရေထည့်ရင်း နားတာပဲရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဒီပါရယ်၊ တစ်ခါတည်းဖမ်းထားလိုက်တော့ဆိုရင်ပြီး နေတာပဲ"

"ဟုတ်ပါတယ်ဗိုလ်ကြီး၊ လွဲသွားမှာစိုးလို့မဟုတ်ပါဘူး၊ ဦးကျော့နိုင်နဲ့ နောက်ထပ်ဆက်နွယ်မှုတွေကို တစ်ခါတည်း ခြေရာ ကောက်နိုင်အောင်လို့အချိန်ယူလိုက်တဲ့သဘောပါ"

"အင်း...ဆရာဒီပါကိုရဲချုပ်ကြီးကအားကိုးတာလည်းမပြော နဲ့လေ၊ ခေါင်းက သိပ်ကိုပြေးတာ၊ ကဲ...ဘာဆက်ပြီးလုပ်ရ႔လဲပြော"

"ဗိုလ်ကြီးကတော့လုပ်ပြီ"

"ဆရာဒီပါထက် ကျုပ်ကရာထူးသာကြီးတာနော်၊ ခုစစ်ဆေး ရေးမှာ ဆရာဒီပါက ရဲချုပ်ကြီး အထူးတာဝန်ပေးခြင်းခံထားရတဲ့ တရုတ်ရာဇဝင်ကားတွေထဲကလို ဘုရင်ရဲ့အမိန့်ကတ်ပြားလေးကို ကိုင်ထားရသလိုဖြစ်နေတာ"

"ဟုတ်တယ် ဗိုလ်ကြီးရေ.. လေးလေးစားစား ဆက်ဆံနေ ရတာ၊ ကျွန်တော့်ကိုသာကြည့်"

တစ်ယောက်နဲ့တစ်ယောက် ရယ်မောစရာလေးတွေပြော ပြီးနောက်

"ဟိုတယ်မှာ ဦးကျော့နိုင် တစ်ယောက်တည်း တည်းတာ





လား"

"ဟုတ်တယ်"

"ဟင်.."

ကောင်းဝိလျံအတုက ဘယ်ကိုရောက်နေပြီလည်းမသိ။

"ကောင်းဝိလျံဆိုတဲ့ တရုတ်လူမျိုး သတင်းကရော မရဘူး လား"

"မန္တလေးဟိုတယ်တွေအားလုံးကို စုံစမ်းပြီးပါပြီ၊ ဘာ သတင်းမှမရဘူး"

"စဉ်းစားစရာတော့ဖြစ်နေပြီ"

"ဦးကျော့နိုင်နဲ့ဆက်နွယ်နေတဲ့သူတွေရော ခြေရာခံနိုင်ရဲ့ လား"

"ဦးကျော့နိုင်နဲ့ လက်ရှိတွဲနေတာက မန္တလေး လူမှုရေးအဖွဲ့ တစ်ခုက ဒေါ်ခင်ဖုန်းစောဆိုတဲ့ အမျိုးသမီးကြီးတစ်ယောက်တော့ တွေ့ရတယ်၊ ဒီအမျိုးသမီးကြီးက ပိုက်ဆံချမ်းသာတယ်၊ မန္တလေးမှာ ရော ရန်ကုန်မှာပါကားထုတ်လုပ်ရေးစက်ရုံတွေ ပိုင်ဆိုင်ထားတယ်၊ လူမှုရေးအဖွဲ့တစ်ခုကို သူက ထူထောင်ထားတယ်၊ နိုင်ငံတကာ (NGO) အဖွဲ့အစည်းတွေနဲ့တော့ ဆက်ဆံမှုတွေရှိတယ်၊ လက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ယူနီဆက်အဖွဲ့တစ်ခုနဲ့ တရုတ်ပြည်ဘက်ကို ကူညီမယ့် ဆန်ကိစ္စတွေ ကိုလုပ်ကိုင်နေတယ်"

"ဟင်..."

ရန်ကုန် သီလဝါဆိပ်ကမ်းတွင် ကယ်ဆယ်ရေးဆန်တွေ တင်ပို့မယ့်ကိစ္စလေး ရာဇာဒီပါခေါင်းထဲသို့ဝင်လာခဲ့သည်။

"ဆရာ ဒီပါခိုင်းလို့ ဦးကျော့နိုင်နဲ့ ပတ်သက်ပြီးတော့ ဒေါ်ခင်ဖုန်းစောကို ခြေရာခံရတာ သူ့နောက်ကြောင်းက ရှင်းတယ်၊ ဆရာဒီပါ ဘယ်လိုမြင်မိလဲ"

"ဒေါ်ခင်ဖုန်းစောနဲ့ပတ်သက်ပြီး ပြောဖို့ကတော့ ဝေးသေးတယ်၊ အရေးကြီးတဲ့သူကိုပဲ အရင်ကိုင်တွယ်ရမယ်"

"ဦးကျော့နိုင်ကို ဖမ်းတော့မလား"

"ဦးကျော့နိုင်ကို ဖမ်းလိုက်လို့ ကောင်းဝီလျံကို ပြေးဖို့ အချက်ပြလိုက်သလို ဖြစ်မှာကို တွေးနေတာ ဗိုလ်ကြီး"

"ဦးကျော့နိုင်ကိုဖမ်းရင် ကောင်းဝီလျံကို အချက်ပေးလိုက်သလိုဖြစ်မှာတော့ သေချာတယ်၊ ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"ကျွန်တော်ကတော့ ဘယ်သူမှ မသိအောင် ပြန်ပေးဆွဲသလိုမျိုး ဖမ်းချင်တာ ဗိုလ်ကြီး"





"ဆရာဒီပါ ပြောသလိုလုပ်တာကောင်းတာပဲ၊ ဒါဆိုရင် ညဘက်လှုပ်ရှားရမှာပေါ့၊ ကဲပါ.. ဆရာဒီပါတို့လည်း အနားယူလိုက်ပါဦး၊ ဖမ်းဆီးရေးကိစ္စကို ကျုပ်ပဲ အကောင်းဆုံးသပ်သပ်ရပ်ရပ်လေး စီစဉ်လိုက်ပါ့မယ်"

"ကျော်စွာ.. မင်းပုံစံကြည့်ရတာ အားပြတ်ပြီးလဲတော့မယ့်ပုံ ပါလား"

"ဟော့ကောင်ဒီပါ.. ခုထိ ဗိုက်ထဲမှာ ထမင်းဆိုတာ မရှိသေးဘူး၊ လက်ဖက်ရည်၊ အအေးနဲ့ မုန့်တွေပဲ ရှိတယ်"

"ဟာ.. ဟုတ်ပါရဲ့ ကဲ... လာလာ... စားသောက်ဖို့ အသင့်ပါပဲဗျာ"

ဗိုလ်ကြီးဇေယျာ ခေါ်ဆောင်တဲ့နောက်ကို လိုက်လာခဲ့ကြတော့သည်။

"မင်းဆိုတဲ့ကောင်က အစားနဲ့ပတ်သက်ရင် မရဘူး"

"မင်းနဲ့တွဲလို့ ထမင်းငတ်ပေါင်းများနေပြီကွ"

ထမင်းစားဆောင်တွင် ထမင်းစားဖို့ပြင်နေတုန်း ရန်ကုန်ဌာနချုပ်မှ ဖုန်းဝင်လာတာကြောင့် ရာဇာ ဒီပါ၊ ကျော်စွာ့ဟန်းဖုန်းကို ယူပြီး နားထောင်လိုက်သည်။ မေတိုးလှိုင်ဆီမှဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေတိုး...ပြော"

"ဆရာဒီပါ အမျိုးသမီးကြီးအသံနဲ့ နောင်ထူးဆီကို ဖုန်း ဝင်လာတယ်၊ နာမည်ကိုတော့ မပြောဘူး၊ ကျွန်မကို ယမုံဦးလို့ပဲ ထင်တားတယ်၊ နောင်ထူးကိုမေးတော့ကျွန်မက သူသိပ်မူးပြီးအိပ်နေ တယ်လို့ ပြောလိုက်တယ်၊ ဒီတော့ သူက နောင်ထူးကို ရန်ကုန်ပွဲကို သိမ်းလိုက်တော့လို့ပြောခိုင်းပြီးမန္တလေးကပွဲကိုသူသိမ်းတော့မယ်လို့ ပြောတယ်၊ပြီးတော့ဦးကျော့နိုင်ဆီကဖုန်းဝင်သေးလားလို့မေးတယ်၊ ကျွန်မက ဝင်တယ်လို့ပြောတော့ ဦးကျော့နိုင်ဘာပြောသလဲလို့မေး တယ်၊ကျွန်မကမန္တလေးကိုအမြန်ဆုံးလိုက်ခဲ့ဖို့မှာတယ်လို့ပြောလိုက် တော့ဒီအမျိုးသမီးကြီးကလိုက်စရာမလိုဘူး၊ ဒီကပွဲက သိမ်းတော့မှာ ရန်ကုန်က ပဲစောင့်လို့ပြောတယ်၊ သူ ဘယ်သူဆိုတာကို မမေးတာ သူက ကျွန်မကိုရင်းနှီးတဲ့သူပုံစံနဲ့ပြောနေလို့မမေးလိုက်တာပါ"

"သူ့ဖုန်းနံပါတ်ရထားတယ်မဟုတ်လား"

"ဟုတ်ကဲ့(×××××××)ပါဆရာ"

"ရပြီမေတိုး၊ ဆက်ပြီးစောင့်ဦးကွာ"

"ဟုတ်ကဲ့"

မေတိုးလိုင်းဘက်မှဖုန်းပိတ်သွားသည်နှင့်





"ဗိုလ်ကြီးဇေယျာ"

"ဘာတွေထူးပြီလဲ"

"ဦးကျော့နိုင်ကို လက်ဦးမှုရအောင် သွားရအောင်၊ အချိန် တောင်မှီပါ့မလားမသိဘူး"

"ဟင်...ဘာတွေဖြစ်ကုန်ပြီလဲ"

"မေတိုးဆီက ကြားရတဲ့သတင်းအရဆိုရင် တစ်ဖက်က လူ တွေ ရှင်းလင်းမှုတွေ လုပ်နေပြီ"

"သဘောကဘာလဲ"

"နှုတ်ပိတ်ပြီး ခြေရာဖျောက်တာလည်းဖြစ်နိုင်သလို မဂ္ဂိုပူရ ဘဏ်ကြီးကို အနုကြမ်းစီးသွားတဲ့သူတွေကို တစ်ခါတည်း ခြေရာ ဖျောက်လိုက်တဲ့သဘောလည်းဖြစ်နိုင်တယ်"

"ဟာ...ဒါဆိုအမြန်ဆုံး လှုပ်ရှားမှဖြစ်မယ်"

ဌာနချုပ်ထဲမှ ကားလေးဖြင့်မောင်းထွက်လာကြပြီးနောက်

"ကျုပ်တို့စီစဉ်တာတွေထက် သူတို့ဘက်က စီစဉ်တာ တွေကမြန်နေတယ်ဆရာဒီပါရေ.."

"ဟုတ်တယ်...သူတို့လှုပ်ရှားမှုကအရမ်းကိုမြန်နေတာ သွ ရာတယ်ဗိုလ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ.. ဆရာဒီပါ ဒီလောက်မြန်တာတောင် သူတို့က ပိုပြီးမြန်နေတယ်၊ ဟူး....မလွယ်ပါလားဟ"

(× × × ×)ဟိုတယ်ဆီသို့ရောက်တော့ စောင့်ကြည့်ရန် တာဝန်ပေးထားသောရဲဘော်လေးကိုမေးတော့

"ဦးကျော့နိုင် ဒီနေ့အပြင်ကိုမသွားသေးဘူး"

"သူ့ဆီကို ဘယ်သူလာသေးလဲ"

"ဘယ်သူမှ လာတာ မတွေ့ဘူး"

"ဆရာဒီပါ.. တစ်ခါတည်း ဝင်ပြီး ဖမ်းမလား"

"မဖမ်းလို့မရတော့ဘူး ဗိုလ်ကြီး"

ဟိုတယ်မန်နေဂျာကို ဦးကျော့နိုင်အခန်းကိုမေးပြီးတက်လာခဲ့ကြသည်။

"ဒေါက်...ဒေါက်...ဒေါက်.."

အခန်းတံခါးကိုခေါက်ပေမဲ့ အခန်းထဲမှ ပြန်ပြီးတုံ့ပြန်သံကို မကြားရသောကြောင့်အခန်းသော့ကိုသွားယူပြီးဖွင့်ကြည့်လိုက်သောအခါ

"ဟာ.."

"ဟင်.."





ခုတင်ပေါ်တွင် သွေးများအိုင်ထွန်းပြီး ပက်လက်အနေအထားသေဆုံးနေတဲ့ဦးကျော့နိုင်ကိုတွေ့လိုက်ရသည်။

"နောက်ကျသွားပြီ"

ရာဇာဒီပါအလောင်းအနေအထားကိုကြည့်တော့ ပါးစပ်ကို ခေါင်းအုံးနှင့်ဖိပြီး ရင်ဝကို ဓားနှင့်အချက်ပေါင်းများစွာ ထိုးသွားခြင်းဖြစ်တာကို ကောက်ချက်ချမိလိုက်သည်။ ဦးကျော့နိုင် တည်းခိုသောအခန်းတွင် တခြား ထူးခြားတာကိုတော့ မတွေ့ရပေ။ ဦးကျော့နိုင်ဟန်းဖုန်းကိုသာ သိမ်းဆည်းပြီး အဝင်ဖုန်းနံပါတ်တွေကို လေ့လာလိုက်သည်။

အခန်းနှင့်တွဲလျက်ရှိသော ရေချိုးခန်းထဲသို့ဝင်လိုက်တော့ သွေးစွန်းနေတဲ့ အင်္ကျီ၊ ပုဆိုးတွေကို တွေ့လိုက်ရသည်။ ပြီးတော့ ရေချိုးခန်းပြတင်းတံခါးမှာ ပိတ်လျက်တွေ့ရသောကြောင့် လူသတ်သမားမှာ ရေချိုးခန်းပြတင်းပေါက်မှ ပြန်ထွက်သွားခြင်း မဟုတ်ဘဲ မိမိဝင်ခဲ့သော အခန်းတံခါးပေါက်မှသာ ပြန်ထွက်သွားခြင်းသာဖြစ်မည်။

"ဗိုလ်ကြီးရေ... နယ်မြေခံရဲတပ်ဖွဲ့ကို အကြောင်းသာကြားလိုက်တော့ဗျာ... ဟိုတယ်မန်နေဂျာဆီကိုသွားပြီး မေးစရာရှိတာကိုမေးရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ဆရာဒီပါ"

အောက်ထပ်သို့ပြန်ပြီးဆင်းလာကာ ဟိုတယ်မန်နေဂျာကို စတင်ပြီး မေးမြန်းတော့၏။

"ဦးကျော့နိုင် ဒီမနက် ဟိုတယ်အောက်ကိုဆင်းသေးလား"

"ကျွန်တော်.. ဟိုတယ်ကိုစပြီးရောက်ကတည်းက သူ အောက် ဆင်းတာ မတွေ့ရပါဘူး"

"ညပိုင်းဂျူတီကို ဘယ်သူတာဝန်ယူလဲ"

"ကျွန်တော့်လက်ထောက်မောင်လှမင်းတာဝန်ယူပါတယ်"

"သူရှိလား"

"မရှိဘူးဗိုလ်ကြီး သူက ညပိုင်းတာဝန်ပြီးတာနဲ့ မနက်ဆိုရင် သူ့အိမ်ကိုပြန်သွားတာပဲ"

"သူနဲ့တွေ့ချင်တယ်၊ ခေါ်ပေးလို့ရမလား"

"ရပါတယ်ဆရာ၊ ခဏလေးနော်၊ ဖုန်းဆက်ပြီးခေါ်လိုက်ပါ့ မယ်"

ဟိုတယ်မန်နေဂျာမှ လှမင်းကိုဖုန်းဆက်ပြီးခေါ်လိုက်သည်။

"သူလာနေပါပြီဆရာ"

"ခင်ဗျားတို့ ဟိုတယ်မှာ နေ့ပိုင်း ညပိုင်းခွဲထားတယ်မဟုတ်





လား"

"ဟုတ်ကဲ့.. ခွဲထားပါတယ်၊ နေ့ပိုင်းသမား (၁၅) ရက်တာဝန်ယူပြီးရင် ညပိုင်းသမား (၁၅) ရက်နဲ့ တာဝန်ပြန်ပြီး ချိန်းကြပါတယ်"

"မနေ့ညက တာဝန်ကျတဲ့ သူတွေအားလုံးကိုတွေ့ချင်ပါတယ်"

"ဟုတ်ကဲ့.. စီစဉ်ပေးပါ့မယ်၊ အောင်ခိုင်ရေ ညကတာဝန်ကျ သူအားလုံးကိုခေါ်ခဲ့စမ်းကွာ"

"ဟုတ်ကဲ့"

အောင်ခိုင်ဆိုသူက ညပိုင်းအလုပ်ဝင်ရသောသူ (၆) ယောက်ကိုခေါ်ခဲ့သည်။ ရာဇာဒီပါနှင့် ဗိုလ်ကြီးဇေယျာတို့က ဧည့်ခန်းတွင် တစ်ယောက်ချင်းခေါ်ပြီး မေးလေသည်။ လက်ထောက်မန်နေဂျာ လှမင်းကတော့ မရောက်သေးပေ။

"မင်းနာမည်"

"မြိုးကိုပါ"

"မင်းတာဝန်က ဘာလုပ်ရလဲ"

"တည်းခိုတဲ့သူတွေမှာတဲ့ စားသောက်စရာတွေကို ပို့ပေးရ ပါတယ်ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတစ်ယောက်တည်းလား"

"ကျွန်တော်နဲ့ ဝဏ္ဏနဲ့ပါ"

"ဦးကျော့နိုင်ကို ညက မင်း စားစရာပို့ပေးရသေးလား"

"စားစရာတော့မဟုတ်ဘူး၊ ကော်ဖီတစ်ခွက်တော့ ပို့ပေးရ
ပါတယ်"

"ဘယ်အချိန်လောက်လဲ"

"ည (၁၀:၀၀) နာရီလောက်ကပါ"

"ညက ဟိုတယ်မှာ ထူးခြားတာဘာများတွေ့မိသလဲ"

"မတွေ့မိပါဘူးဆရာ"

"ဦးကျော့နိုင်အခန်းကရော ဘာသံတွေကြားသေးလဲ"

"မကြားမိပါဘူး"

"မင်းသွားလို့ရပြီ... ဝဏ္ဏကို လွှတ်လိုက်ကွာ"

"ဟုတ်ကဲ့"

ဖြိုးကိုထွက်သွားပြီး ဝဏ္ဏဆိုသော လူငယ်တစ်ဦးရောက်လာ
သည်။

"မင်းနာမည် ဝဏ္ဏနော်"

"ဟုတ်ကဲ့"





"ညက ဦးကျော့နိုင်နဲ့ မင်းဘယ်အချိန်နောက်ဆုံးတွေ့ခဲ့လဲ"

"ည (၁၀:၀၀) နာရီလောက်က ဆရာ့လှမင်းနဲ့ ဘောပွဲကြည့်
နေကြတာ..."

"ဟင်..."

ဖြိုးကိုပြောခဲ့သော (၁၀:၀၀) နာရီလောက် ကော်ဖီပို့သော
အချိန်စကားတွင် လှမင်းနှင့်ဘောလုံးပွဲကြည့်နေတာ မပါခဲ့။

"ဘယ်မှာကြည့်ကြတာလဲ"

"ဦးကျော့နိုင် အခန်းထဲမှာပါ ဆရာ"

"မင်းပြောတာ သေချာတယ်နော်"

"သေချာပါတယ်ဆရာ၊ ကျွန်တော်က သူတို့အခန်းရှေ့က
ဖြတ်ပြီး သွားတာ အသံကြားလို့ဟာနေတဲ့တံခါးကနေ ချောင်းပြီးကြည့်
ခဲ့တာပါ"

"မင်းကို သူတို့မတွေ့ဘူးပေါ့"

"ဟုတ်ကဲ့ မတွေ့ပါဘူး"

"အဲဒီအချိန်မှာ ဖြိုးကိုဘာလုပ်နေလဲ"

"ဒီကောင် မူးပြီးအိပ်နေပြီဆရာ၊ ညက ကျွန်တော်နဲ့ အတူ
ယောက်ကလွဲပြီး ကျန်တဲ့ကောင်တွေ မူးနေကြတာ၊ ဆရာ့လှမင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



မွေးနေ့ဆိုပြီးအရက်တိုက်တာပါ"

"မင်းက ဘာလို့အရက်မသောက်တာလဲ"

"ကျွန်တော်လည်းသောက်ပါတယ်၊ဖြိုးကိုတို့လိုမဟုတ်ဘူ ဆရာ၊အရက်ဘယ်လောက်သောက်သောက်မမူးတတ်ဘူး၊အပြင်က ကောင်တွေနဲ့သွားပြီးစကားပြောနေတာ၊(၁၁း၀၀)နာရီလောက်ကျ ဟိုတယ်ထဲကိုဝင်ပြီး ကျွန်တော့်ကို မှာထားတဲ့ညည့်သည်ကို သွားပြီ ဆေးသောက်ဖို့သွားနှိုးရင်းတွေ့ခဲ့တာပါ"

"ဝဏ္ဏမင်းတို့ညသမား(၆)ယောက်ထဲမှာဟိုတယ်ထဲကိုဝ တာဘယ်နှစ်ယောက်ရှိသလဲ"

"ပင်မအဆောင်ကို တာဝန်ယူရတာ ကျွန်တော်နဲ့ဖြိုးကို ကျန်(၄)ယောက်ကဘေးကအဆောင်တွေမှာတာဝန်ယူရပါတယ်"

"ဒီနောက်ပိုင်းလှမင်းနဲ့မင်းထပ်ပြီးတွေ့သေးလား"

"ဟုတ်ကဲ့...ကျွန်တော့်အောက်ထပ်မှာထိုင်နေတုန်း ဆရာ လှမင်း ဝီစကီတစ်လုံးကိုင်ပြီး ကျွန်တော့်ကို အမြည်းသွားလုပ်ခိုင်း ပါတယ်၊သူ့ကြည့်ရတာ ရေချိုးထားသလိုပဲဆရာ၊ ချမ်းနေပုံပေါက် တယ်"

ရာဇာဒီပါအခြေအနေကိုသဘောပေါက်သလိုဖြစ်သွားပြီး





"မင်း သွားလို့ရပါပြီ၊ ဖြိုးကိုကို ပြန်လွှတ်လိုက်ပြီး ကျန်တဲ့ (၄)ယောက်ကိုသွားနိုးလိုက်တော့"

"ဟုတ်ကဲ့"

ဝဏ္ဏပြန်ပြီးထွက်သွားသည်နှင့်

"ဗိုလ်ကြီးရေ...ဖြိုးကိုကို မေးပြီးတာနဲ့ တရားခံကိုမိပါပြီ"

"လှမင်း ဆိုတဲ့ကောင်မဟုတ်လား"

"သေချာသလောက်တော့ရှိနေပြီဗိုလ်ကြီး"

ဖြိုးကိုပြန်ပြီးဝင်လာသည်။

"ဖြိုးကို"

"ဗျာ...ဆရာ"

"မင်းညကအရက်သောက်ပြီးမှောက်နေတယ်ဆို"

"ဟာ...အဲ...ဟုတ်...ဟုတ်ပါတယ် ဆရာ"

"မင်းဘာလို့ညာတာလဲ၊ မင်း ဦးကျော့နိုင်ကို ကော်ဖီပို့တာ မဟုတ်ဘူးမဟုတ်လား၊ မှန်မှန်ပြောရင် မင်းအတွက် သက်သာမယ်"

"မပို့ပါဘူးဆရာ"

"ဘာလို့ပို့တယ်လို့ပြောတာလဲ"

"ဆရာလှမင်းက မနက် ဂျူတီထွက်တုန်းမှာပဲလို့ပါ၊



www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာကြီးမေးရင် ပြောဖို့ပါ"

"တခြားကိစ္စတွေမင်းဘာမှမသိဘူးပေါ့"

"မသိခဲ့ပါဘူးဆရာ၊ သူပြောခိုင်းလို့သာ ပြောရတာပါ၊ ဆ[illegible] တို့ကို ပြောခိုင်းတာတော့ မဟုတ်ဘူး၊ မန်နေဂျာကြီးမေးရင် ပြော[illegible] ဆိုပေမဲ့ ခု ဆရာတို့က မေးတာနဲ့ ပြောလိုက်ရတာပါ၊ ကျွန်တေ[illegible] တကယ်ဘာမှ မသိခဲ့ရပါဘူး၊ ညက အရက်မူးလွန်ပြီး လူမှန်းသူမှ[illegible] မသိအိပ်ပျော်သွားတာပါ"

ဖြိုးကိုတုန်ယင်စွာဖြင့် ပြောပြလေသည်။

"မင်း သွားလို့ရပြီ၊ ကျော်စွာရေ သူ့ကိုလှမင်းနဲ့ပေးပြီး မ[illegible] စေနဲ့ကွာ..."

"သူတစ်ယောက်တည်းလား"

"ဝဏ္ဏကိုပါ ခဏတစ်နေရာမှာ ခေါ်သွားလိုက်"

"ကောင်းပြီ..."

ဖြိုးကိုနှင့် ဝဏ္ဏကိုကျော်စွာခေါ်၍ အပြင်သို့ထွက်သွားပြီး သိ[illegible] မကြာ၊ လှမင်းဟိုတယ်ပိုင်ကားလေးနှင့် ရောက်လာခဲ့သည်။

"ကျွန်တော့်ကိုတွေ့ချင်လို့ဆို"

"ဟုတ်တယ်"





"ဘာကိစ္စများရှိလို့လဲ"

"ဦးကျော့နိုင်အသတ်ခံရတဲ့ကိစ္စနဲ့တွေ့ချင်တာပါ"

"ဗျာ... ဦးကျော့နိုင်အသတ်ခံရတယ်၊ ဘယ်တုန်းကလဲဗျာ၊ ည (၁၀း၀၀) နာရီလောက်က ကော်ဖီမှာလို့ ဖြိုးကိုလေးကိုတောင် ပို့ခိုင်းလိုက်သေးတယ်"

"သေချာရဲ့လား လှမင်း"

"သေချာပါတယ် ဆရာ၊ ဖြိုးကိုလေးကို မေးကြည့်ပါ"

"ကျုပ်တို့ မေးပြီးပါပြီ"

"သူ...သူက ဘာပြောလဲ"

"ညက မူးပြီးအိပ်နေတာ လူမှန်းတောင်မသိဘူးတဲ့"

"ဟင်...ဟာ...ဒီကောင်မဟုတ်တရုတ်တွေပြောတာ"

"လှမင်း... မင်း ရာဇဝတ်မှုတစ်ခုကို ကျူးလွန်ပေမဲ့ ပိရိသေသပ်မှုမရှိဘူး၊ ပထမဆုံး သဲလွန်စက မင်းညက ဝတ်တဲ့အဝတ်အစားကို ရေချိုးခန်းထဲမှာ ချွတ်ထားခဲ့တာ၊ နောက်တစ်ချက်က လူတစ်ယောက်ကိုဓားနဲ့အချက်ပေါင်းများစွာထိုးတာဟာ ကြောက်ကြောက်နဲ့ထိုးတာပဲလေ၊ နောက်ဆုံးတစ်ချက်က ဒီဇင်ဘာလကြီး ဒီလောက်ချမ်းနေတဲ့အချိန်မှာ မင်း ရေချိုးပြီး အရက်သောက်ရတဲ့ အကြောင်းအနေ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တွေက မင်းဦးကျော့နိုင်ကို သတ်ခဲ့တဲ့ သက်သေတွေပဲ၊ မင်းဘာ ပြ
ချင်သေးလဲ"

လှမင်းသည် ရာဇာဒီပါကို အံ့ဩစွာကြည့်ပြီး

"ဆရာ.. ကျွန်တော်ရေချိုးတာတွေ၊ အရက်သောက်တာ
တွေကို သိနေတယ်"

"သိတာပေါ့ကွာ၊ ငါတို့စုံထောက်အဖွဲ့တွေက နတ်မျက်စိ
လိုပဲလေ၊ တွေးလိုက်တာနဲ့ မြင်တော့တာပဲ၊ မင်းဝန်ခံပြီပေါ့"

"ဟုတ်ပါတယ်ဆရာ၊ ကျွန်တော် ဦးကျော့နိုင်ကို သတ်ခဲ့ပါ
တယ်"

"ကျန်တဲ့အပိုင်းကို နောက်မှဆက်ပြီးပြောတာပေါ့၊ ဗိုလ်ကြီး
သူ့ကို ဌာနချုပ်ကိုပဲ ခေါ်သွားချင်တယ်"

"ခေါ်သွားလေ၊ စခန်းမှူးအဖွဲ့ကို အလောင်းသယ်ဖို့ မှာပြီး
နားကြတာပေါ့ကွာ..."

ကျော်စွာနှင့်ဖြိုးကို၊ ဝဏ္ဏတို့ပြန်ရောက်လာပြီးနောက် ကား
ပေါ်သို့ လှမင်းကို တင်ဆောင်ကာ ခေါ်ဆောင်လာခဲ့ကြတော့သည်။

"ဆရာဒီပါကတော့ ချီးကျူးလောက်ပါတယ်"

"ဗိုလ်ကြီးက ဘာကို ချီးကျူးနေပြန်တာလဲ"





"လူသတ်တရားခံကို တစ်နေ့တည်းနဲ့ ဖမ်းနိုင်လို့ပါ"

"ကျွန်တော်တော်လို့မဟုတ်ပါဘူး၊ လှမင်းရဲ့ဟာကွက်တွေ
က သိပ်ပြီး ပေါ်လွင်သွားလို့ပါ"

"ဒီပါရေ.."

"ဘာလဲ ကျော်စွာ"

"ငါတို့တော့ မဂိုပူရရဲ့ သံသရာခရီးရှည်ကြီးကို ဆက်ပြီး
လျှောက်ရမယ့်ကိန်းကို ဆိုက်နေပြီကွ၊ ပြီးခါနီးလိုက်၊ အခန်းက ဆက်
လိုက်နဲ့.. ဟူး... မလွယ်လှတဲ့ ဘဝပါလားဟေ့...."

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ◀◀ ၇ ▶▶

"မင်းဘာကြောင့် ဦးကျော့နိုင်ကို သတ်ရတာလဲ..လှမင်း"

"ကျွန်တော့်ဘဝရဲ့ရန်ကြွေးကြောင့်ပါ"

"မင်းရဲ့ရန်ကြွေးကြောင့် ဟုတ်လား"

"ဟုတ်ပါတယ်၊ ဦးကျော့နိုင်ကြောင့် ကျွန်တော့်ဖခင် ထောင်ကျခဲ့ရတယ်လေ၊ ဒါကြောင့် ရင်ထဲမှာ နာကျင်ပြီး သတ်ခဲ့တာပါ"



BURMESE CLASSIC .com



လှမင်းရဲ့ထွက်ဆိုချက်က ရာဇာဒီပါတို့ရဲ့ အမိကလမ်းကြောင်း ပျောက်ကွယ်နေလေပြီ။

"ဆိုစမ်းပါဦး၊ မင်းအဖေကို ဦးကျော့နိုင်က ဘာလို့ ထောင်ထဲကို ပို့ခဲ့တာလဲ"

"သူ့အိမ်က ပိုက်ဆံကို မခိုးဘဲနဲ့ ခိုးတယ်ဆိုပြီး စွပ်စွဲတယ်၊ အမှန်တော့ ကျွန်တော့်မိခင်ကို ဦးကျော့နိုင်က သိမ်းပိုက်ချင်လို့ တမင်အကွက်ဆင်ခဲ့တာပါ"

"မင်းတို့မိသားစုက ဦးကျော့နိုင်အိမ်မှာနေကြတာပေါ့"

"ဟုတ်တယ်ဆရာ ကျွန်တော်ဖခင်က ဦးကျော့နိုင် ဒရိုင်ဘာပါ"

"ဦးကျော့နိုင်ဘယ်မှာနေတာလဲ"

"ရန်ကုန်မှာပါ...."

"ထားလိုက်ပါ၊ မင်းတို့က မန္တလေးကို ပြောင်းလာတာကြာပြီလား"

"အဖေထောင်ကျပြီးတာနဲ့ ပြောင်းခဲ့ကြတာပါ"

"လှမင်း... မင်းထွက်ဆိုချက်က အမှန်ပဲနော်"

"အမှန်ပါပဲ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမန္တလေးကို ပြောင်းတော့ အသက်ဘယ်လောက်ရှိပြီ
လဲ"

"(၈) နှစ်သားအရွယ်ပါ"

"ဦးကျော့နိုင်မှာ အိမ်ထောင်ရှိလား"

"ရှိပါတယ်ဆရာ၊ သူ့မိန်းမက ဆုံးသွားခဲ့ပါပြီ"

"သားသမီးရော မရှိဘူးလား"

"မရှိပါဘူး"

"လှမင်း...မင်းနားလိုက်ပါဦး၊ ပြီးမှ ပြန်ပြီးစကားပြောတာပေါ့
တစ်ခုတော့ မင်းကိုသတိပေးလိုက်မယ်၊ မင်းစကားတွေကို ငါမယုံဘူး"

"ဟင်..."

ရာဇာဒီပါ အခန်းထဲမှ ပြန်ပြီးထွက်လာခဲ့သည်။

"ဘယ်လိုလဲ ဒီပါ၊ ဒီကောင်က မခေဘူးနော်"

"ဟုတ်တယ်.. .ကျော်စွာ၊ မင်း ဦးကျော့နိုင် မှတ်ပုံတင်ကို
ဟိုတယ်က ယူခဲ့လား"

"အေး...ယူလာခဲ့တယ်...ဒီမှာ"

ကျော်စွာ့ လက်ထဲက မှတ်ပုံတင်ကိုယူပြီး ကြည့်လိုက်တော့
ဦးကျော့နိုင်ဟာ ရန်ကုန်ဇာတိမဟုတ်ဘဲ မော်လမြိုင်ဇာတိဖြစ်နေတာ





ကို တွေ့လိုက်သဖြင့် ရာဇာဒီပါ ပြုံးလိုက်သည်။ ခဏအပြင်မှာနေပြီး
စစ်ကြောရေးခန်းထဲသို့ ပြန်ပြီးဝင်လာခဲ့သည်။

"မင်း စဉ်းစားပြီးပြီလား လှမင်း"

"ဘာကိုလဲ ဆရာ"

"မင်းလိမ်ညာထွက်ဆိုချက်တွေကို ရုပ်သိမ်းပြီး အမှန်
အတိုင်းပြောဖို့လေ"

"ကျွန်တော် ပြောနေတာတွေက အမှန်ပါ"

"လှမင်း...မင်းက ငါတို့ကို ခပ်ညံ့ညံ့လူတွေလို့ ထင်နေလား၊
မင်းနောက်ကြောင်းကို ဖုန်းလေးဆက်ပြီး မေးလိုက်တာနဲ့ ပေါ်နေပြီကွ၊
မင်း (၈) နှစ်သားလောက်ကတည်းက မန္တလေးကို ရောက်နေတယ်
လို့ပြောပြီး မင်းမှတ်ပုံတင်က ပဲခူးမှာ လုပ်တဲ့မှတ်ပုံတင်..."

"ဒါ...ဒါ... ဆရာ"

"လှမင်း.. မင်းဆက်ပြီး ဖြီးမနေနဲ့၊ ဦးကျော့နိုင်က
ရန်ကုန်သား မဟုတ်ဘူး၊ သူ့မှာ ဘာအိမ်ထောင်မှ မရှိဘူး၊ ရန်ကုန်မှာ
နေတယ်ဆိုတာ ခုနောက်ပိုင်းမှနေတာ၊ မင်းပြောတဲ့ ပုံပြင်ကြီးက နား
ထောင်လို့ မကောင်းဘူး"

"ဆရာ..ကျွန်တော့်...ကို...ကယ်ပါ..ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"လှမင်း မင်းသာ မှန်မှန်ပြော၊ ငါတို့ဘက်က လုပ်ပေးသင့်တာကို လုပ်ပေးမယ်"

"ဒီလိုပါဗျာ၊ ကျွန်တော် ဦးကျော့နိုင်ကိုသတ်ရတာ ကျွန်တော့် ဇနီးနဲ့ သမီးကို သူတို့က ဖမ်းပြီး အကျပ်ကိုင်ပြီး ခိုင်းလို့လုပ်ရတာပါ တကယ်လို့ မိသွားရင်လည်း စောစောကပြောခဲ့သလို ပြောခိုင်းပါ တယ်၊ ဒါမှ ကျွန်တော့်ဇနီးနဲ့ သမီးလေးကို လွှတ်ပေးမယ်ဆိုလို့ ကြောင့်ပါ"

"သူတို့ဆိုတာ ဘယ်သူတွေလဲ"

"ထောင်ထွက် ဘသန်းတို့အဖွဲ့ပါ"

"မင်းဇနီးနဲ့ သမီးကို ဘယ်မှာဖမ်းထားလဲ"

"ဒါကို မသိရပါဘူး၊ ဖုန်းနဲ့ပဲ စကားပြောခွင့်ရတာပါ ဆရာ ခုပြောတဲ့စကားက ကျွန်တော် အမှန်အတိုင်းပြောတဲ့စကားပါ"

ရာဇာဒီပါ ဘာဆက်ပြီးလုပ်ရမည်ဆိုတာကို စဉ်းစားလိုက်ပြီး နောက်

"လှမင်း...မင်းဇနီးနဲ့ သမီးကို ငါတို့ရအောင်ကယ်ပေးမယ်"

"ကျေးဇူးတင်ပါတယ်ဆရာ၊ ကျွန်တော် လူသတ်မှုအတွက် ကျေကျေနပ်နပ်ကြီး ခံပါ့မယ်၊ အရင်းဆုံးပြောရရင် ကျွန်တော်အသက် သေချင်သေသွားပါစေ၊ ကျွန်တော့်ဇနီးနဲ့သမီးလေး၊ ဒီကောင်တွေ လက်က လွှတ်ဖို့ပဲ အရေးကြီးပါတယ်ဆရာ"

"ကောင်းပြီ..လှမင်း...မင်းဘက်က ငါတို့ပေါ်မှာ သစ္စာမဖောက်ဘူး ဆိုရင် မင်းဇနီးနဲ့သမီးအသက်ကို ကယ်နိုင်မယ်"

"ကျွန်တော် သစ္စာရေသောက်ဆို သောက်ပါ့မယ်"

"ဒီလောက်ကြီး မလိုပါဘူးကွာ၊ မင်းနားလို့ရပြီ၊ ရဲဘော် မင်းကြိုင်"

"ဗျာ..ဆရာဒီပါ"

"သူ့ကိုခေါ်သွားပြီး အနားပေးလိုက်ပါ"

"ဟုတ်ကဲ့"

ရာဇာဒီပါ အပြင်သို့ ပြန်ပြီးထွက်လာကာ ဗိုလ်ကြီးဇေယျာ၊ ကျော်စွာတို့နှင့် ခေါင်းချင်းဆိုင်ပြီး စကားပြောရတော့သည်။

"ဆရာဒီပါ...ဘယ်လိုလုပ်မယ်လို့ စိတ်ကူးထားလဲ"

"ကျွန်တော်ကတော့ ဟိုကောင် ဘသန်းကို ခြေရာခံပြီးလိုက် ရှာမယ်ဆိုရင် လွယ်မှာမဟုတ်ဘူး"

"မလွယ်တာတော့ သေချာတယ်၊ ဒီကောင်တွေက မြေကြွက်တွေလိုပဲ၊ ရှာရခက်တယ်၊ ဆရာဒီပါ ဘယ်လိုစီစဉ်ချင်လဲ"







www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကတော့ လှမင်းကို ပြန်လွှတ်ထားပေးပြီး တစ်ဖက်က ဆက်သွယ်လာတဲ့ပေါ်မှာ ခြေရာခံပြီးဖမ်းဆီးဖို့ပဲကြိုးစား ချင်တယ်"

"လှမင်းကရော စိတ်ချရပါ့မလားဒီပါ"

"သူ့ဇနီးနဲ့သမီးအသက်ကို လောင်းကြေးထပ်ရမယ့်ကိစ္စပဲ လေ၊ သူ့ဘက်က ဖောက်ရင် သူကံဆိုးတာပဲပေါ့"

"ဆရာဒီပါ...စိစဉ်တဲ့နည်းပရိယာယ်ကောင်းပါတယ်"

"ဘယ်တော့စမလဲ"

"မနက်ကိုစမယ်၊ ကိုယ့်ဘက်က တစ်ချက်လေးမဟာသွား ဖို့တော့ ပြင်ဆင်ရမယ်၊ ခုကိစ္စဟာ စွန့်စားမှုတစ်ခုပဲ၊ လူတစ်ယောက်ရဲ့ စိတ်ဆိုတာ ပြောရခက်တယ်၊ ကိုယ့်ဘက်ကမလစ်လပ်တော့ သူ့ဘက် က ချိုယွင်းလည်းအချိန်မီ ဖမ်းဆီးလို့ရတာပေါ့"

"လှမင်းကိုအချော့တစ်မျိုး၊ ခြောက်လှန့်တာတစ်မျိုးနဲ့ တော့ စည်းရုံးရမှာပဲကွာ"

"လှမင်းဆိုတဲ့ကောင် သူ့လုပ်ရပ်ပေါ်မှာ သွေးဟက်နေပါပြီ လွတ်အောင်ပြေးဖို့ကြံစည်ရင် ကြံစည်ပါစေ၊ သူ့ထက်ဒို့က ညှံ့ရ ခံလိုက်ရုံပဲပေါ့ကွာ"





"ဟုး..."

ရာဇာဒီပါတို့(၃)ယောက်လုံးသက်ပြင်းချလိုက်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ◄◄ ၈ ►►

လှမင်းကို ထောက်လှမ်းရေးတပ်ဖွဲ့မှ ကားဖြင့် အိမ်ကို ပြန်
ပို့လိုက်ပြီးအိမ်သို့ရောက်သည်နှင့်လှမင်းနံရံတွင်ချိတ်ထားသော ဇ
နှင့် သမီးဓာတ်ပုံကို ကြည့်ကာ ရင်ထဲမှာ ကြေကွဲဝမ်းနည်းမိတေ
သည်။ သူ့ဇနီးနှင့်သမီးအတွက် ဘဝမှာ တစ်ခါမှ မကျူးလွန်ဘူးသေ
ပြစ်မှုကြီးကိုကျူးလွန်ရပြီမဟုတ်လား၊ သူ့ဘဝ စတေးခံရတာထက် သူ့
ဇနီးနှင့်သမီး လွတ်မြောက်ရေးကိုသာ မျှော်လင့်နေလေသည်။

"တောက်..."

ထောင်ထွက်ဘသန်း အမည်ကလေး ရင်ထဲရောက်သ





နှင့် ခံပြင်းမှုက ရင်ထဲသို့တိုးဝင်လာနေသည်။

"မင်းကို သတ်ခွင့်ရရင် သတ်ကိုသတ်မယ်ဘသန်း၊ မင်းတို့
ကြောင့်ငါ့ဘဝ ခုလိုဖြစ်ခဲ့ရတာ၊ မင်းကိုတစ်သက်မကျေဘူးမှတ်"

"တီ...တီ...တီ..."

လှမင်း ဧည့်ခန်းခုံပေါ်တွင် ထိုင်နေစဉ် တယ်လီဖုန်းခေါ်သံ
ကြောင့်ဖုန်းဆီသို့လျှောက်လာပြီးကိုင်လိုက်သည်

"ဟဲလို...လှမင်းစကားပြောနေပါတယ်"

"လှမင်းပြန်ပြီးလွတ်လာပြီလား"

"ဟုတ်တယ်၊ သူ တို့ဘက်က သက်သေမခိုင်လုံလို့ ပြန်ပြီး
လွှတ်ပေးလိုက်တာ ဘသန်း၊ မင်းတို့ဘက်က ကတိ ခုထိ မတည် ပါ
လားကွ၊ ငါ့ဇနီးနဲ့သမီးကိုဘာလို့မလွှတ်ပေးသေးတာလဲ"

"လွှတ်ပေးမှာပေါ့ကွာ၊ ဖြည်းဖြည်းပေါ့၊ မင်းဇနီးနဲ့သမီး
အတွက် ဘာမှစိတ်မပူစမ်းပါနဲ့၊ ကောင်းကောင်းမွန်မွန်ထားပါတယ်၊
ငါတို့ဆီကို ပြန်ပြီးလွှတ်ပေးဖို့ အကြောင်းမကြားသေးလို့ပါ၊ မင်းနဲ့
စကားပြောချင်တယ်"

"မင်းတို့ဘယ်မှာရှိမယ်ဆိုတာကိုပြော၊ ငါလာခဲ့မယ်"

"ကောင်းပြီ ( × × × × × ) ခြံကိုလာခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း...ဒါပဲမဟုတ်လား"

လှမင်း ဖုန်းချလိုက်ပြီးမှ ရာဇာဒီပါတို့ဆီကို ချက်ချင်း အကြောင်းကြားလိုက်တော့သည်။

"လှမင်း မင်းသွားစရာရှိတာကိုသွား၊ မင်းနောက်မှာ ငါတို့ အနီးကပ်ရှိနေမယ်"

"ဟုတ်ကဲ့"

"သူတို့နဲ့တွေ့ရင် ကိုယ့်ဘက်က စကားပြောဆိုတာ မများစေ နဲ့"

"စိတ်ချပါဆရာ"

"အပြင်မှာ အငှားကားတစ်စီးနဲ့ ငါတို့လူရှိတယ်၊ သူ့ကားကို ငှားပြီးသွားလိုက်"

"ဟုတ်ကဲ့"

လှမင်းအိမ်ပြင်သို့ထွက်ပြီး ထောက်လှမ်းရေးတပ်ဖွဲ့မှ ဖျက်ပြီးမောင်းသော အငှားကားကို တားပြီးတက်လိုက်သည်။

"××××××× ခြံကိုသာမောင်း၊ သူတို့အဲဒီမှာစောင့်နေ ကြမှာ"

"ကောင်းပြီကိုလှမင်း"





အငှားကားလေး(×××) ခြံဘက်သို့မောင်းထွက်လာခဲ့ တော့သည်။

ထိုခြံနားတွင် ရာဇာဒီပါတို့တပ်ဖွဲ့တွေက ပုံစံမျိုးစုံနှင့် ပိတ်ဆို့ ထားလိုက်ကြပြီဖြစ်သည်။

"လှမင်း...လာကွာ"

ဘသန်း၏တပည့်ဖြစ်သူ မြေကျားဆိုသူက အိမ်ပေါက်ဝမှ ဆီးကြိုနေလေသည်။

"မင်းကိုဒို့ခေါင်းဆောင်ကြီးက ကျေးဇူးအထူးတင်နေတာ"

"ကျေးဇူးတင်တာထက် ငါ့ဖနီးကို လွှတ်ပေးဖို့က အရေး ကြီးတယ်"

"လွှတ်ပေးမှာပါ၊ မင်းငါနဲ့လိုက်ခဲ့ရမယ်"

"ဘယ်ကိုငါက လိုက်ရဦးမှာလဲ"

"ငါတို့ခေါင်းဆောင်ဆီကို"

"ဘသန်းဆီလား"

"ဘသန်းအဆင့်လောက်က စကားထဲထည့်ပြီးပြောမလား ကွ"

"ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမျိုးသမီးတစ်ဦး၊ နာမည်တော့ မသိဘူး၊ ငါတို့နဲ့ ဆက်ဆံ
တာက သူ့လူယုံတော်နဲ့ပဲ ဆက်ဆံတာ၊ ဦးကြာအောင်တဲ့"

"မန္တလေးကားစက်မှုဇုန်က မန်နေဂျာမဟုတ်လား"

"ဟုတ်တယ်၊ သွားကြရအောင် သူတို့စောင့်နေကြမှာ"

"ကောင်းပြီ"

မြေကျားက အိမ်ရှေ့မှမထွက်ဘဲ နောက်ဘက်အပေါက်မှ ဆိုင်ကယ်နှင့် ထွက်ခဲ့လေသည်။ ရာဇာဒီပါ တို့ တပ်ဖွဲ့ဝင်တွေက ဆိုင်ကယ်နောက်ကို ပုံစံအမျိုးမျိုးနှင့် လူချင်းလဲကာ လိုက်ခဲ့ကြသည်။ ခေါ်ဆောင်သွားတဲ့နေရာမှာ မန္တလေးမြို့စွန်တစ်နေရာက တိုက်ပျက်ကြီးတစ်ခုဆီသို့ဖြစ်သည်။

မြေကျား ဆိုင်ကယ်ရပ်ပြီး တိုက်ပျက်ကြီးထဲသို့ ဝင်လာခဲ့သည်နှင့် တိုက်ပျက်ကြီးထဲမှာ ဦးကြာအောင်ကိုတွေ့လိုက်ရသည်။

"တွေ့ရတာ ဝမ်းသာပါတယ် လှမင်း"

"ခင်ဗျား နိုင်းတာကို ကျုပ်ဘက်က တာဝန်ကျေပြီ၊ ခင်ဗျားတို့ဘက်က တာဝန်ကျေဖို့တော့ လိုအပ်ပြီနော်"

"ကျေရမှာပေါ့ကွာ မင်းကို ထောက်လှမ်းရေးတပ်ဖွဲ့က ခေါ်တွေ့မေးတယ်ဆိုတာကို ပြောပြပါဦး"





"ဦးကျော့နိုင် အသတ်ခံရတာနဲ့ပတ်သက်ပြီး နည်းမျိုးစုံနဲ့ မေးတာပေါ့၊ ကျုပ်ဘက်က သဲလွန်စတစ်ခုမှ မရှိတော့ ဘာမှဆက်ပြီး မမေးနိုင်တော့ဘူးလေ၊ စစ်ကြောရေးမှာ တစ်ညသိပ်ပြီးပြန်လွှတ်ပေးလိုက်တာ"

"ဟား...ဟား...ဟား.... လှမင်း... မင်းကို ထောက်လှမ်းရေးက လွယ်လွယ်လေးနဲ့လွှတ်ပေးလိုက်တာ အံ့သြစရာပဲ... ဘာသန်း"

"ဗျာ...ဆရာ..."

"သူ့ဇနီးနဲ့ သမီးကို ခေါ်ခဲ့စမ်း"

"ဟုတ်ကဲ့..."

"ဖေဖေ"

"မောင်..."

"တား...၊ သမီး..."

လှမင်းဇနီးနဲ့သမီးကို ခေါ်ထုတ်လာပြီးနောက် ဦးကြာအောင်မှ သေနတ်နှင့် လှမင်း သမီးကို ချိန်လိုက်သည်။

"ခင်ဗျား...ဒါ...ဘာလုပ်တာလဲ"

"လှမင်း... ငါတို့ကို မပတ်နဲ့၊ မင်းနဲ့ ထောက်လှမ်းရေးက ကောင်တွေ အပေးအယူလုပ်လာတာ မဟုတ်လား"



www.burmeseclassic.com

"မဟုတ်ဘူး၊ ကျုပ်ကိုပြန်ပြီးလွှတ်ပေးလိုက်တာ"

"မင်း လိမ်လို့မရဘူး လှမင်း၊ မင်းအမှန်အတိုင်းမပြောရင် မင်းသမီးရဲ့နောက်ဆုံးနေ့ကိုရောက်ပြီမှတ်"

"ခင်ဗျားတို့ လူယုတ်မာတွေပဲဗျာ၊ အပြစ်မဲ့တဲ့ ကျုပ်တို့ မိသားစုဘဝကိုဖျက်ဆီးတယ်"

"မင်း စကားဖော်ွ အပိုမပြောနဲ့၊ ငါတို့သိချင်တာ ထောက်လှမ်းရေးဘက်ကမင်းကိုဘာတွေပြောတယ်ဆိုတာပဲ"

"ကျုပ်ကို ဘာမှမပြောဘူး၊ ဦးကျော့နိုင် အသတ်ခံရတာကို ပဲမေးတာ"

"မင်းကို နာရီဝက်အချိန်ပေးမယ်၊ မင်းစဉ်းစားပေါ့ကွာ၊ ဟော့ကောင် မြေကျား"

"ဗျာ..ဆရာ"

"မင်းနောက်က ဘယ်သူတွေ လိုက်လာတဲ့ အရိပ် ယောင် တွေ့ခဲ့သေးလဲ"

"မတွေ့ခဲ့ဘူးဆရာ ၊ နောက်ပေါက်ကနေ ထွက်ခဲ့တာ၊ ဒီကောင်တွေစောင့်မယ်ဆိုရင် ရှေ့ပေါက်ကပဲစောင့်ကြမှာ၊ ဆိုင်ကက် နောက်ကိုဘယ်သူမှမလိုက်တာတော့သေချာတယ်"





ဦးကြာအောင်ထိုင်ခုံပေါ်တွင်ထိုင်ကာတစ်ဖက်သို့ဖုန်းဆက် ပြန်သည်။

"မမရောက်နေပြီ"

× × × × × × × × × ×

"ခုထိတော့ ဘာမှမေးလို့မရသေးဘူး"

× × × × × × × × × × × ×

"ဟုတ်ကဲ့....ဟုတ်ကဲ့..."

ဦးကြာအောင်ဖုန်းချပြီးလှမင်းနားသို့လျှောက်လာကာ

"လှမင်း...ငါတို့အချိန်မရှိဘူး၊ ပြောမလား မပြောဘူးလား"

"ကျုပ်မသိဘူး"

"ဘသန်းခေါ်သွားစမ်းကွာ"

"ဖေဖေ.."

"သမီး..."

ရာဇဒီပါတို့အပြင်မှလူဆိုးတွေကိုပိပိရိရိရှင်းပြီးတိုက်ပျက်ကြီးထဲသို့ဝင်ပြီးလှမင်းသမီးကိုသတ်ဖို့ပြင်ဆင်နေသောဦးကြာအောင်ကို အမြန်ဆုံးဝင်ပြီးလုံးထွေးလိုက်ရသည်။

"ဖြောင်း..."

www.burmeseclassic.com



"ဟင်...ဟာ.."

နယ်မြေခံ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေနဲ့ ထောက်လှမ်းရေး တပ်ဖွဲ့ဝင်တွေ ချိန်ကိုက်ပြီး ဘသန်းတို့အဖွဲ့ကို မိနစ်ပိုင်းအတွင်း ဖမ်းဆီးစဥ် ဦးကြာအောင်မှာ ဖမ်းဆီးထားတဲ့ကြားမှ ပြတင်းပေါက်မှ ခုန်ချပြီး ပြေးဖို့ကြိုးစားသော်လည်း

"ဝုန်း.."

"ဟာ.."

ဦးကြာအောင် ကံဆိုးစွာပြတင်းပေါက်ပေါင်နှင့် ခြေထောက် တိုက်မိပြီး ဇောက်ထိုးကျသွားသည်။

"ဗိုလ်ကြီးဖေယျာ ဦးကြာအောင်ကို ဆေးရုံပို့ဖို့အမြန်လုပ်ပါ သူသေလို့မဖြစ်ဘူး"

ကားတစ်စီးဖြင့် ဦးကြာအောင်ကိုတင်ပြီး ဆေးရုံသို့ မောင်း ထွက်သွားကြလေသည်။

"လှမင်း.."

"ဗျာ..ဆရာ"

"ကျုပ်တို့တာဝန်ကျေပြီနော်"

"ကျေပါပြီ ဆရာ"





"မောင်.."

"ထား... ကိုယ်ကတော့ ကိုယ်ကျူးလွန်ခဲ့တဲ့ အပြစ်ဒဏ်ကို ခံရတော့မှာပါ..တစ်နေ့ ထားတို့သားအမိဆီကို မောင်ပြန်လာခဲ့မှာပါ"

"ဖေဖေ.."

"သမီးလေး.."

ရာဇာဒီပါ ... လှမင်းတို့မိသားစုကိုကြည့်ပြီး စိတ်မကောင်း ဖြစ်မိသည်။ မိုက်မဲသူတွေရဲ့အသုံးချမှုကြောင့် သာယာလှပနေခဲ့တဲ့ မိသားစုဘဝကလေးက ဝမ်းနည်းစရာတွေနဲ့ကြုံခဲ့ရပြီဖြစ်သည်။

"ဘသန်း...ကဲကွာ"

"ဖြောင်း...ဖြောင်း.."

"ကျော်စွာ...လက်လွန်မယ်"

ကျော်စွာ စိတ်ထဲမှ ခံပြင်းလှသဖြင့် ဘသန်းမျက်နှာကို ဆက် တိုက် ထိုးပစ်လိုက်တော့သည်။

"ငါသာ ဝန်ထမ်းမဟုတ်ရင် မင်းလိုကောင်မျိုးကို အသေ သတ်တယ်"

"မင်းတို့လက်ထဲရောက်နေပြီဆိုတော့ ပြောအားရှိသေးပေါ့ ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ..."

"ကျော်စွာ...တော်တော့၊ ဘသန်း မင်းလို ကောင်မျိုးကို လက်ထိတ် ခတ်ပြီးမှ ထိုးရဲတယ်လို့ မင်းထင်နေလား"

"ဟုတ်တယ်"

"ဗိုလ်ကြီး...ကျွန်တော့်ကို ခွင့်ပြုပါ"

"ဆရာကြည်သောင်း၊ ဘသန်းကို လက်ထိတ်ဖြုတ်ပေး လိုက်"

ဗိုလ်ကြီးဇေယျာမှာ ရာဇာဒီပါ၏လက်ရုံးရည်ကို ကောင်း ကောင်းသိထားသူဖြစ်တာကြောင့် လူဆိုးလူမိုက်တစ်ကောင်ရဲ့မာန်ကို ရိုက်ချိုးစေချင်သော သဘောဖြင့် ယှဉ်ခိုင်းလိုက်သည်။

"လောင်းကြေးက ဘာလဲ"

"ဘသန်း...မင်းငါ့ကိုအလဲထိုးနိုင်ရင် မင်းကိုလွှတ်ပေးလိုက် မယ်"

"သေချာတယ်နော်...ကဲ...စပြီ"

"ဗိုး..."

ဘသန်းက သူတတ်ထားတဲ့ ပညာလေးဖြင့် ရာဇာဒီပါကို အတင်းဝင်ပြီး တိုက်ခိုက်တာကို ရာဇာဒီပါအသာအယာပဲ ရှောင်တိမ်း





ပြီး ပထမဆုံးအချက်တည့်တည့်ကို ဝိုက်လက်သီးတစ်လုံး ပစ်သွင်း လိုက်သည်။

"အု..."

ဘသန်း ရှေ့သို့ ကိုင်းကျသွားသည်နှင့် လက်ကိုဆွဲယူပြီး လမ်းထားလိုက်ကာ ချိုးဖို့ပြင်လိုက်သည်။

"အ...ကျိုး...ကျိုး...ပါပြီ၊ တောင်း... တောင်းပန်ပါတယ် ဆရာ..."

"ခွေးမသားမင်းလောက်အရည်အချင်းမျိုးကို မယှဉ်နိုင်ရင် ရာဇဝင်ရိုင်းတယ်...သွားစမ်းကွာ"

ဘသန်းကို ရှေ့သို့တွန်းလွှတ်လိုက်ပြီး လက်ထိတ်ပြန်ပြီး ခတ်လိုက်သည်။

"သွားကြမယ်"

တိုက်ပျက်ကြီးထဲမှ ပြန်ပြီးထွက်လာခဲ့ကြရင်း

"လှမင်း...သွားကြရအောင်"

"ဟုတ်ကဲ့ဆရာ...ထား...မောင်သွားမယ်နော်၊ သမီးလေးကို ဂရုစိုက်"

"ဟုတ်ကဲ့ပါမောင်"



www.burmeseclassic.com

www.burmeseclassic.com



လုမင်း ဇနီးနဲ့သမီးကို ကားတစ်စီးနှင့်ခေါ်ဆောင်သွားပြီ လုမင်းနှင့်ဘသန်းတို့အဖွဲ့ကို ကားတစ်စီးနှင့်ခေါ်ဆောင်ခဲ့ကြတော့သည်။

"မင်းနဲ့မို့လို့ပေါ့ကွာ၊ ငါနဲ့သာဆို ခွေးမသား ခုလောက်ဆို ဆေးရုံရောက်နေပြီမှတ်.."

"ငါသိတယ် ကျော်စွာ၊ ဒါကြောင့် ငါက မင်းကိုယ်စား ဆုံး လိုက်တာ၊ မင်းကို လွှတ်ပေးရင်ရတယ်၊ မင်းစိတ်က ထိန်းနိုင်တာ မဟုတ်ဘူး၊ တော်ကြာ လက်လွန်ခြေလွန်ဖြစ်သွားမှဖြင့်ကွာ၊ မကောင်း ဘူး၊ ငါတို့က ဝန်ထမ်းဆိုတော့ မကျေနပ်တိုင်း ဒေါသဖြစ်တိုင်း စိတ်ကို ရှေ့တန်းတင်လို့မရဘူး၊ တာဝန်ဆိုတာကို နားလည်ရမယ်"

"ဟူး...ငါတကယ် စိတ်မကောင်းဖြစ်တာပါကွာ"

"တကယ်တော့ လုမင်းဘက်က စိုးရိမ်မှုကြောင့် ခုလိုဖြစ်သွားရတာ၊ သက်ဆိုင်ရာကိုအကြောင်းကြားပြီး ပူးပေါင်းဆောင်ရွက်ရင် ခုလိုအခြေအနေမျိုးထိဖြစ်လာမှာမဟုတ်ဘူးကွ"

"အင်းလေ... သူ့ဘက်က ဇနီးစိတ်နဲ့သမီး ဖောကပ်သွားတော့ ဘာမှမစဉ်းစားမိလိုက်ဘူးနဲ့တူပါတယ်၊ သူ့အတွက် အကောင်းဆုံးဖြစ်အောင်တော့ ကူညီပေးရမှာပေါ့ကွာ"





"ငါတို့တတ်နိုင်တဲ့ဘက်က လုပ်ပေးတာပေါ့ကွာ"

မဂ်ိုပူရဘက်ကြီး အနုကြမ်းစီးမှု ဇာတ်သိမ်းကတော့ နီးကပ်လာနေပြီဖြစ်ပေမဲ့ သိပ်ပြီးမသေချာနိုင်သေး။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ◀◀ ၉ ▶▶

ဦးကြာအောင်တစ်ယောက် ဆေးရုံတွင် သတိမရသေးတာ (၃)ရက်မြောက်ခဲ့သဖြင့် ရာဇာဒီပါတို့အတွက် စိုးရိမ်စရာဖြစ်လာလေပြီ။

ဦးကြာအောင်ဆီက ထွက်ချက်ကို သိမှသာ နောက်ဆုံးတရားခံကို ဆက်ပြီးလိုက်နိုင်မှာဖြစ်သည်။

"ငါတို့နောက်ကျသလိုဖြစ်နေပြီကျော်စွာ"

"အေးကွာ၊ ခုလောက်ဆို တစ်ဖက်က ဒီသတင်းကို ကြား တာနဲ့ ထွက်ပေါက်ကိုရှာပြီး ဘသန်းတို့ဆီက ထွက်ချက်က တစ်ဖက်





ခေါင်းဆောင်ကိုမသိရဘူးလား"

"မသိရဘူး ကျော်စွာ၊ ဘသန်းတို့ကို ဦးကြာအောင်ကပဲ တိုက်ရိုက်ခိုင်းတာ၊ သူတို့သိတာဆိုလို့ အမျိုးသမီးကြီးတစ်ဦးဆိုတာပဲ"

"ဒေါ်ခင်ဖုန်းစောပဲဖြစ်ဖို့များတယ်"

"သံသယအရဆိုရင်တော့ ဒေါ်ခင်ဖုန်းစောပဲ၊ ပစ်မှတ်ဖြစ်ပေမဲ့ ကိုယ့်ဘက်က ခိုင်လုံတဲ့ သက်သေမှ မရှိတာ၊ သူ့ကိုဖမ်းဆီးဖို့ဆိုတာ မလွယ်ဘူး"

"ဟုတ်တယ်သူက၊ လူမှုရေးအဖွဲ့အစည်းတင်မက (NGO) နိုင်ငံတကာအဖွဲ့တွေနဲ့ပါ ဆက်နွယ်နေတဲ့ သူဆိုတော့ ကိုယ့်ဘက်က အထင်တစ်ခုနဲ့ သွားပြီးဖမ်းလို့မရဘူး၊ ဦးကြာအောင် ဒဏ်ရာက သိပ်ပြီး ပြင်းတာ ခေါင်းဒဏ်ရာ နည်းနည်းပြင်းတယ်ဆိုပေမယ့် ဆရာဝန်ကြီးကတော့ သေလောက်တဲ့အထိ မစိုးရိမ် ရဘူးလို့ ပြောတယ်၊ နံရိုးကတော့ ကျိုးသွားတယ်"

"မသေဖို့ဆုတောင်းပေးရမလိုဖြစ်နေပြီ၊ နို့မို့ဆိုရင် ငါတို့ဘဝက တစ်တောင်ဆင်းလို့ တစ်တောင်ပြန်ပြီးတက်နေရတဲ့ဘဝကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ ဗိုလ်ကြီးဇေယျာ လာနေပြီ"

"ဆရာဒီပါတို့(၂)ယောက်လည်း ပင်ပန်းနေကြပါပြီ၊ ဘယ်လိုအခြေအနေရှိလဲ ဆရာဒီပါ"

"ခုထိတော့ သတိမရသေးဘူး၊ ဗိုလ်ကြီးတို့ ဒေါ်ခင်ဖုန်းဆေ... သတင်းဘာရလဲဗျ"

"မနေ့က ယူနီဆက်အဖွဲ့နဲ့ ရန်ကုန်ကိုဆင်းသွားပြီ"

"ဟာ..."

"ဘာဖြစ်လို့လဲ ဆရာဒီပါ"

"ဗိုလ်ကြီးရေ၊ ဌာနချုပ်ကို သတင်းပို့ပေးပါ၊ တရုတ်ပြည်ကို တင်ပို့မယ့် ယူနီဆက်က ဆန်တွေကို ခဏဆိုင်းထားပေးပါလို့"

"ကောင်းပြီ၊ ခုပဲ သတင်းပို့ခိုင်းလိုက်ပါမယ်"

ဗိုလ်ကြီးဇေယျာကိုယ်တိုင် ရဲချုပ်ကြီးဆီကို တယ်လီဖုန်းဖြင့် သတင်းပို့လိုက်တော့သည်။

"ရဲချုပ်ကြီးနဲ့တွေ့လား ဗိုလ်ကြီး"

"တွေ့တယ်၊ သူတို့ တခြားအကြောင်းပြချက်နဲ့ ဆိုင်းထားမယ်တဲ့၊ သိပ်ပြီးရက်တော့ပေးလို့မရဘူး၊ (၃)ရက်လောက်ပဲ ရမယ်"

"ဟူး ...တကယ်ကို အကျပ်အတည်းထဲကို ရောက်နေပြီကွ"





"ဒီပါ.. မင်းဘယ်လို ကောက်ချက်ချထားလို့လဲ"

"ငါ့စိတ်ထင် ယူနီဆက် ထောက်ပံ့ရေးရိက္ခာတွေကို ခုတုံးလုပ်ပြီး စိန်တွေကို ထုတ်သွားနိုင်တယ်"

"ဖြစ်နိုင်တယ်၊ ဒါနဲ့ ဒီပါ၊ ဟို ကောင်းဝီလျံသတင်း ဘာမှ မကြားရပါလား၊ သူလည်း ပြန်ပြီးထွက်သွားပြီလားမသိဘူး"

"မဖြစ်နိုင်ဘူး၊ ကောင်းဝီလျံလည်း ဦးကျော်နိုင်လို ကံကြမ္မာဆိုးတစ်ခုနဲ့ ကြုံနေရလောက်ပြီ"

ရာဇာဒီပါ တွက်ဆပြီး ပြောရင်းလွှဲခဲ့လေသည်။

"ဒီတိုင်းဆိုရင် မဏိပူရ အနုကြမ်းစီးမှုကြီးမှာ ထိပ်တန်းခေါင်းဆောင်တွေ ရှိနေသေးတယ် ဆိုရမှာပေါ့"

"ဟုတ်တယ်၊ အနုကြမ်းစီးမှုကြီးကို အပေါ်ကနေ စနစ်တကျ ကိုင်တွယ်နေတဲ့ လူတွေရှိတယ်၊ ခု မြန်မာပြည်မှာ ရောက်နေတဲ့သူတွေ အဆင့်ထက်မြင့်တာတော့ သေချာတယ်"

"ရန်ကုန်က ဦးကျော်နိုင်အိမ်က ကောင်တွေရော စခန်းသိမ်းလိုက်ပြီလား"

"မနေ့က အားလုံးကို ဖမ်းမိလိုက်ပြီ၊ ဒီကောင်တွေအားလုံးက အနုကြမ်းစီးမှုကြီးမှာ ပါဝင်တဲ့ကောင်တွေပဲ၊ အိမ်က ဦးကျော့မောင်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်တဲ့အိမ်မဟုတ်ဘူး၊ ငှားရမ်းထားတာ"

"မြန်မာပြည်က ကိစ္စတော်တော်များများကတော့ ပြီး သလောက်တော့ရှိနေပါပြီ၊ နောက်ဆုံးအဆင့်ပဲရှိတော့တယ်"

"ဟုတ်တယ်ဗိုလ်ကြီးရေ၊ စိန်တွေဘယ်မှာရှိတယ်ဆိုတာကို သာသိရင် မဏိပူရဘဏ်ကြီးကို အနုကြမ်းစီးမှုက ဖိုင်တစ်ခုအဖြစ်နဲ့ ထားလို့ရပါပြီ"

"ဆရာဝန်ကြီးထွက်လာပြီ"

ဦးကြာအောင်ထားရှိတဲ့ အရေးပေါ်ခန်းထဲမှ ဆရာဝန်ကြီး ထွက်လာပြီးနောက်

"ဆရာတို့လူနာ သတိရလာပါပြီ"

"ဟာ.."

"ဟင်.."

ရာဇာဒီပါတို့အတွက် ဝမ်းသာစရာ သတင်းစကားတစ်ခုကို ကြားလိုက်ရသလိုပင်ဖြစ်၏။

ဦးကြာအောင် ခုတင်ဘေးတွင် ဝင်ထိုင်လိုက်ပြီး.

"ဘယ်လိုလဲ၊ ဦးကြာအောင် သတိရပြီလား"

"ဟုတ်ကဲ့ပါ"





"ခင်ဗျားဆီ သိပ်ပြီးအရေးကြီးတဲ့စကားတွေကိုသိချင်နေပါ တယ်၊ ခင်ဗျားပြောနိုင်ဘယ်လို့ထင်တယ်"

ဦးကြာအောင်ဆီမှ ဘာစကားမှမပြောဘဲ ခေါင်းက ဒဏ်ရာ ကိုအကြောင်းပြုပြီး နာကျင်ချင်ယောင်ဆောင်နေသဖြင့် ရာဇာဒီပါတို့ အခက်တွေ့နေလေသည်။

"အင်းလေ..ခင်ဗျားဒဏ်ရာကြောင့် နားပါဦး"

အခန်းပြင်သို့ပြန်ပြီးထွက်လာခဲ့ကြသည်။

"ဆရာဒီပါ..ဒီအတိုင်းဆိုရင် မလွယ်လောက်ဘူး"

"ဟုတ်တယ်ဗိုလ်ကြီး၊ ခေါင်းမှာမယ့်ပုံပေါက်တယ်၊ ဟူး... အချိန်က သိပ်ပြီးမရှိတော့ဘူး၊ ဦးကြာအောင်က တစ်ဖက်က သင်္ဘော ထွက်ချိန်ထိကို တမင်အချိန်ဆွဲမယ့်ပုံတော့ရှိတယ်"

ဆေးရုံအောက်သို့ဆင်းလာပြီး စားသောက်ဆိုင်ကလေး တွင် (၃)ယောက်သား ဝင်ထိုင်ပြီး ဘယ်လိုလုပ်ရမယ်ဆိုတာကို စဉ်းစားနေတုန်း စခန်းမှူးကြီးကိုကျော်ကျော်နိုင် ရောက်လာသည်။ ကိုကျော်ကျော်နိုင်သည် ထောက်လှမ်းရေးတပ်မှ ရဲတပ်ဖွဲ့ကိုအသွင် ပြောင်းဖြင့် ပြောင်းရွှေ့သွားသူဖြစ်သည်။

"ဘာတွေခေါင်းစားနေကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံးစကားကို ထွက်ဖို့မလွယ်ဘူးဖြစ်နေလို့"

"ဦးကြာအောင်ဆီက ထွက်ချက်လား"

"ဟုတ်တယ်"

"အင်း…သူ့ကို ထွက်ဆိုလာအောင်လုပ်တဲ့နည်း ကျုပ် ဆီမှာ ရှိပါတယ်"

"ဟ…လုပ်စမ်းပါဦး၊ ဒီပ်ကိုအရေးကြီးနေပြီ"

"ဦးကြာအောင် နှလုံးသားကို လှုပ်လိုက်တာနဲ့ မဖြစ်မနေ ထွက်လာမှာပါ"

"ဘယ်လိုလဲ ကျော်ကျော်နိုင်"

"ဦးကြာအောင် သူ့မြေးမလေးကို သိပ်ပြီးချစ်တာ၊ သူ့မြေးမ လေးကို ခုတုံးလုပ်ပြီး မေးရင် အားလုံးထွက်အန်လာမှာပါ"

"ဟုတ်ပြီ"

"ဘာဟုတ်တာလဲ"

"ဦးကြာအောင် ဟန်းဖုန်း ဗိုလ်ကြီးဆီမှာလား"

"ဟုတ်တယ်"

"ကဲ…ကျော်ကျော်နိုင်၊ ငါပြောသလို မင်းအနေနဲ့ တစ်ဖက်က လုပ်ပေး၊ ငါတို့ဘက်က လုပ်တာနဲ့ပြိုင်တူ ပရိယာယ်ဆင်ရမှာပါ၊





လုပ်ရမှာက ဒီလိုကွ × × × × × × × × × × × × × × × ×"

ရာဇာဒီပါ သူလုပ်ဆောင်မည့် အကြောင်းကို အသေးစိတ် ပြောပြလိုက်တော့သည်။

ရာဇာဒီပါနှင့် ကျော်ကျော်နိုင် စီစဉ်ထားတဲ့အတိုင်းကားလေးနှင့်ပြန်ပြီးထွက်သွားလေတော့သည်

ကျော်ကျော်နိုင်ထွက်သွားပြီး တစ်နာရီလောက်ကြာတော့ ဦးကြာအောင်အခန်းထဲသို့ ပြန်ဝင်လာချိန်တွင် ဦးကြာအောင်သည် အိပ်ချင်ယောင်ဆောင်နေသည်။

"တီ…တီ…တီ…"

"ဘယ်သူ့ဖုန်းလဲ ကျော်စွာ"

"ဦးကြာအောင်ဖုန်းက မြည်တာကွ"

"ဟင်…"

ဦးကြာအောင် သူ့ဖုန်းဆိုသောအသံကြောင့် မျက်လုံး ကလေးပွင့်လာတော့သည်။

"ကဲ…ခင်ဗျားဖုန်း နားထောင်လိုက်ပါဦး"

ဦးကြာအောင်လက်ထဲကိုထည့်ပေးလိုက်သည်။ ဦးကြာအောင် သည်ကျော်စွာ့လက်ထဲမှ လှမ်းယူပြီး နားထောင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဟင်း..မင်း...မင်းတို့ငါ့မြေးကို ဘာမှမလုပ်ကြနဲ့နော်"

ဦးကြာအောင်ထိတ်လန့်တကြားပြောလိုက်တော့သည်။

"ခင်ဖုန်းစောခိုင်းခဲ့တာ ဟုတ်လား"

× × × × × × ×

"တောက်....ဒင်းက ငါ့ကိုတောင် ချမ်းသာမပေးဘူး"

× × × × × ×

"မြေးလေး..... ဘာမှမကြောက်နဲ့ ဘိုးဘိုးရအောင် ကယ်မယ်၊ ခင်ဖုန်းစော....."

တစ်ဖက်မှ ကျော်ကျော်နိုင် ဖုန်းပြန်ပြီးပိတ်လိုက်လေသည်။

"ဘယ်လိုလဲ ဦးကြာအောင်၊ ခင်ဖုန်းစောက ခင်ဗျားကို တောင်အလွတ်မပေးတော့ဘူး မဟုတ်လား"

"ဆရာ..ဆရာတို့ရယ်...ကျုပ်ကိုကယ်ပါဦးဗျာ"

"ကျုပ်တို့အလုပ်က ခင်ဗျား အကူအညီ မတောင်းလည်း ကူညီပေးရမှာပါ။ ဒါပေမဲ့ ခင်ဗျားဘက်က ခေါင်းမာနေမယ်ဆိုရင်တော့ ကျုပ်တို့ဘက်ကလည်း မသိချင်ယောင်ဆောင်နေလိုက်ရုံပဲ"

"သူ့ဘက်ကတောင် ကျုပ်အပေါ်မှာ မကောင်းမှတော့ သူ့ကို ကောင်းစရာမရှိတော့ပါဘူး"





ကျော်စွာက အသံဖမ်းစက်ကိုပြင်လိုက်သည်။

"ခင်ဖုန်းစောဟာ မဏိပူရ ဘဏ်ကြီး အနုကြမ်းစီမှုမှာ အရေးပါတဲ့ခေါင်းဆောင်တစ်ဦးပဲ၊ မြန်မာပြည်လှုပ်ရှားမှုတွေကိုသူပဲ ကြိုးကိုင်တာ"

"စိန်တွေကို ဘယ်မှာလဲဆိုတာကို ခင်ဗျားပြောနိုင်လား"

"ပြောနိုင်ပါတယ်၊ စိန်တွေကို ယူနီဆက်က တာဝန်ယူပြီး ပို့မယ့်ဆန်အိတ်တွေထဲမှာထည့်ထားတယ်၊ ဒီကနေ သင်္ဘောနဲ့တင်ပြီး တရုတ်ပြည်ပင်လယ်ထဲမှာ ပြောင်းကြမှာပါ"

"ဆန်အိတ်တွေက အများကြီးဆိုတော့ တစ်အိတ်ချင်းရှာလို့ မရနိုင်ဘူးလေ။ ဘယ်လိုသင်္ကေတ ထားလဲ"

"(AAA) တံဆိပ်ရိုက်ထားတဲ့ ဆန်အိတ်တွေဟာ စိန်တွေ ထည့်ထားတဲ့ ဆန်အိတ်တွေပဲ"

"ခုလို ထုတ်ဖော်ပြောဆိုတာကို အထူးကျေးဇူးတင်တယ် ဦးကြာအောင်၊ ခင်ဗျား မြေးလေးအတွက် မပူပါနဲ့၊ ခင်ဗျားဆီကို ရောက်လာအောင် ပြန်ပြီးပို့နိုင်မှာ၊ ဒေါ်ခင်ဖုန်းစော ထက်မြင့်တဲ့ခေါင်းဆောင်ရှိသေးတယ်ပေါ့"

"ရှိတယ်၊ တရုတ်ပြည် ရှန်ဟိုင်းဘက်မှာ၊ ဘယ်သူ့ဘော်ဝါဆို



www.burmeseclassic.com

www.burmeseclassic.com



တာတော့ ကျုပ်မသိဘူး၊ တကယ်တော့ ခင်ဖုန်းစောဟာလည်း ခင်ဖုန်းစောအစစ်မဟုတ်ဘူး"

"ဘာ.."

"ဟင်.."

"ခင်ဖုန်းစော အစစ်ဟာ ရှန်ဟိုင်းဘက်မှာ အဖမ်းခံထားရတယ်"

"ဒါဆိုသူက ဘယ်သူလဲ"

"သူက ခင်ဖုန်းစောရဲ့အမွှာညီမ ကျင်ဖုန်းစောလို့ခေါ်တယ်၊ အဖေက မြန်မာ၊ အမေက တရုတ်လေ။ သူတို့(၂)ယောက်ကိုမွေးပြီး (၁)နှစ် သမီးအရွယ်မှာ လင်မယားကွဲသွားကြပြီး ခင်ဖုန်းစောဟာ သူ့ဖခင်နဲ့ မြန်မာပြည်မှာ ကျန်ခဲ့ပြီး ကျင်ဖုန်းစောကတော့ သူ့မိခင်ကြီးနဲ့ ပါသွားခဲ့တယ်၊ သူတို့ ညီအစ်မချင်းကတော့ အဆက်အသွယ်မပြတ်ခဲ့ကြဘူး"

"ဘယ်လိုဖြစ်ပြီး ခင်ဖုန်းစောဟာ အဖမ်းခံခဲ့ရတာလဲ"

"ခင်ဖုန်းစောဟာ တရုတ်ပြည် ငလျင်ကယ်ဆယ်ရေး အတွက် ကယ်ဆယ်ရေးအဖွဲ့တစ်ခုနဲ့ လိုက်ပါသွားပြီး အပြန် သူ့ညီမ ကျင်ဖုန်းစောဆီကိုအဝင်မှာ ကျင်ဖုန်းစောဟာ ခင်ဖုန်းစောကိုဖမ်းပြီး





မကိုပူရဘက်ကြီး လုပ်ရှားမှုအတွက်ပြန်ပြီးရောက်လာခဲ့တာပါ"

"ဦးကြာအောင်က ဘယ်လိုလုပ်ပြီးသိခဲ့တာလဲ"

"ကျင်ဖုန်းစောဟာ ခင်ဖုန်းစောပုံစံနဲ့မြန်မာပြည်ကိုရောက်လာတော့ တခြားသူတွေက ဘယ်လိုမှ မသိနိုင်ပေမဲ့ ကျုပ်နဲ့ ခင်ဖုန်းစော ကငယ်ငယ်လေးကတည်းက အတူနေလာတဲ့သူဆိုတော့ သိပ် မကြာ ဘူး သိလိုက်တယ်လေ၊ ကျုပ်လည်းသိရော ကျင်ဖုန်းစောက ကျုပ်ကို ခင်ဖုန်းစော ပိုင်ဆိုင်တဲ့ ကားထုတ်လုပ်ရေးစက်ရုံတစ်ခုကို လွှဲပေးမယ် ဆိုတာနဲ့ ကျုပ်လည်း သူတို့နဲ့အတူ ပေါင်းမိသွားတာပါ"

"ခင်ဗျားလည်း ပြောပြရတာ မောနေပါပြီ၊ ကျုပ်တို့ နောက်ဆုံး သိချင်တာ ကောင်းဇီလျုံဘယ်မှာလဲ၊ ကောင်းဇီလျုံနဲ့ ပတ်သက်ပြီး ခင်ဗျား ဘယ်လောက်ထိ သိထားလဲ"

"ကောင်းဇီလျုံဆိုတဲ့လူကို ကျုပ်က (၃)ကြိမ်လောက်ပဲ တွေ့ဖူးတာပါ၊ သူ့အကြောင်းကိုတော့ မသိဘူး၊ ရှန်ဟိုင်းဘက်ကနေ တိုးရစ်ဗီဇာနဲ့ ဝင်လာတာပဲ"

"သူ ခုဘယ်မှာလဲ"

"ရန်ကုန်မှာ ထိန်းသိမ်းထားတယ်၊ ဦးကျော့နိုင် ငှားထားထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့အိမ်ရဲ့မြေတိုက်ခန်းထဲမှာပါ"

"ဟင်..."

ရန်ကုန်မှတပ်ဖွဲ့ဝင်များဦးကျော့နိုင်အိမ်ကိုဝင်ပြီးဖမ်းစဉ်က ကောင်းဝီလျံကိုတွေ့ရှိခဲ့ခြင်းမရှိတာကြောင့်မြေတိုက်ခန်းကိုမတွေ့ရှိခဲ့လေခြင်းလားဟုထင်မှတ်ကာရန်ကုန်ဌာနချုပ်ဆီကိုသတင်းပြန်ပို့ရတော့မည်ဖြစ်သည်။

"ဦးကြာအောင်ခင်ဗျားနားလို့ရပါပြီ"

"ကျုပ်မြေးလေးကိုကယ်ပါဦးဗျာ"

"မကြာခင် ခင်ဗျားမြေးလေး ရောက်လာတော့မှာပါ ကျော်ကျော်နိုင်ရေ..ခေါ်ခဲ့ကွာ"

"ကျွ်.."

အခန်းတံခါးပွင့်သွားပြီးကျော်ကျော်နိုင်ဦးကြာအောင်မြေး မလေးကိုခေါ်ပြီးဝင်လာခဲ့တော့သည်။

"ဟင်..."

ဦးကြာအောင် သူ့တစ်ပတ်ရိုက်ခံလိုက်ရပြီဆိုတာကို သဘောပေါက်ပေမယ့်ဘာမှမတတ်နိုင်တော့ချေ။

ဍ ဍ ဍ



## အခန်း ◀◀ ၁၀ ▶▶

မန္တလေးမှရန်ကုန်အပြန်ခရီးကိုတော့ကားဖြင့်မပြန်တော့ဘဲရထားဖြင့်သာပြန်ခဲ့ကြတော့သည်။

"ဒါဆိုမစ္စတာကောင်းဝီလျံဘယ်ကိုရောက်သွားပြီလဲ ဒီပါ၊ မြေတိုက်ခန်းထဲမှာမရှိတော့ဘူးဆိုရင်ထွက်ပြေးလွတ်မြောက်သွားတာလား"

"ဌာနချုပ်ကပြောတဲ့စကားအရဆိုရင်တော့မြေတိုက်ထဲက လွတ်မြောက်စရာတော့မရှိဘူး၊ ခေါ်ထုတ်သွားတာကွ"

"ဟိုမိထားတဲ့ကောင်တွေကရော ဘာမှမသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ကောင်မှ သိပုံမပေါ်ဘူး၊ ဒါဟာ ငါတို့ဘက်က တစ်ချက်ဟာသွားတဲ့ပေါ်မှာ အခွင့်အရေးယူသွားတာ"

"မင်းဆိုလိုတာက.."

"သက်ဆိုင်ရာကနေ ဦးကျော့နိုင်အိမ်မှာရှိတဲ့ကောင်တွေကို ထိန်းသိမ်းတဲ့ထဲမှာ ကောင်းဝီလျံ မပါသွားဘူးဆိုတာကို သိတာနဲ့ ဝင်ပြီးခေါ်ထုတ်သွားတာဖြစ်နိုင်တယ်"

"အင်း...ဖြစ်နိုင်တယ်၊ ငါ့အထင်တော့ နောက်ထပ်ကြေးစားကောင်တွေ ဒေါ်ခင်ဖုန်းစော မွေးထားပြန်ပြီနဲ့တူတယ်"

"ကျင်ဖုန်းစော ပါကွာ"

"သြော်...အေး.."

"ဒီအတိုင်းဆိုရင် လူဆိုးလူမိုက်တွေ ရှိသေးတယ်"

"ဒီနဲ့ ထိပ်တိုက်တွေ့ရဦးမှာပေ့ါ၊ မန္တလေးတစ်လှည့်၊ ရန်ကုန်တစ်လှည့် တွေ့နေရတာပဲဟေ့"

"ကျော်စွာ"

"ဘာလဲဒီပါ"

"ငါတို့ရထား ဘူတာရဲ့ထဲကိုဝင်တော့ လူ(၃)ယောက် မယောင်မလည်နဲ့စောင့်ကြည့်နေတာကိုတွေ့ရတယ်"





"ဟင်.."

"သတိတော့ထားဟေ့၊ ငါတို့ကို အပြတ်ရှင်းမယ့်သဘောတော့ရှိတယ်၊ ပွဲကပွဲကြမ်းပဲဟေ့"

"ဝါး..."

ကျော်စွာ အိပ်ချင်လာသဖြင့် နောက်ကို မှီပြီး မှေးနေလိုက်သည်။ ရထားကြီးမှာခုတ်မောင်းလျက်

"ရှပ်..ရှပ်.."

ရာဇာဒီပါတို့သီးသန့်ခန်းဆီသို့လျှောက်လာသောခြေသံကို ကြားလိုက်ရသဖြင့် နားကိုစွင့်ပြီးနေလိုက်စဉ်

"ဒေါက်...ဒေါက်..."

ရာဇာဒီပါတို့အခန်းတံခါးကို ခေါက်သံကြောင့် သော့ပေါက်လေးမှ အပြင်သို့ ကြည့်လိုက်တော့ မီးရထားလက်မှတ်စစ်ဝတ်စုံနှင့် လူ(၂)ယောက်ကိုတွေ့လိုက်ရပေမယ့် စိတ်ထဲမှာ သံသယဖြစ်ပြီး သတိနှင့် တံခါးကိုဖွင့်ပေးလိုက်သည်။ အခန်းတံခါးပွင့်သွားသည်နှင့်

"လက်မှတ်ကလေးတဆိတ်လောက်ပြပါ"

"ရပါတယ်"

ရာဇာဒီပါနောက်သို့လှည့်ပြီး ထွက်မည်အပြု လက်မှတ်စစ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မှ အသံတိတ်တပ်ထားသော သေနတ်ကိုထုတ်ပြီး ပစ်မည်အပြု

"ဖြောင်း...ဝုန်း...ဒုန်း..."

"ဟင်..."

မေးနေသော ကျော်စွာကလည်း နောက်မှတစ်ယောက်ကို ဝင်ပြီးတိုက်ခိုက်လိုက်သည်။ ရာဇာဒီပါနှင့်ကျော်စွာ လက်ရည်ညီစွာ ဖြင့်ပွဲကိုခဏတာအတွင်းမှာပဲ သိမ်းလိုက်သည်။ လုပ်ကြံဖို့ရောက်လာ တဲ့ (၂)ယောက်လုံးကြမ်းပြင်မှာမှောက်လျက်...

"ဘယ်လိုလုပ်မလဲ ဒီပါ"

"ရှေ့ဘူတာဝင်တော့မှသက်ဆိုင်ရာကိုအပ်မယ်၊ လောလောဆယ် တော့ ရှိတာနဲ့ ချည်ပြီး ရထားပေါ်မှာပဲ စစ်ကြောရေးလုပ်ရမယ်"

မှောက်နေတဲ့(၂)ကောင်လုံးကိုအဝတ်စတွေနဲ့ ချည်နှောင် ပြီးမျက်နှာကိုရေနှင့်ပက်လိုက်သည်။

"ဘယ်လိုလဲ အိပ်လို့ဝပြီလား"

"ကျွန်တော်တို့...ကို...ဘာလုပ်မလို့လဲ"

"ဘာမှ မလုပ်ဘူး၊ ရှေ့တံတားကြီးကို ဖြတ်တာနဲ့ ရေထဲကို ပစ်ချပြီး ရေကူးခိုင်းမလို့"





"ဟာ...မလုပ်ပါနဲ့ ဆရာတို့ရယ်"

"မင်းတို့တောင်ငါတို့ကိုသတ်ဖို့ကြံစည်သေးတာ၊ မင်းတို့ကို ငါတို့ကပြန်ပြီးသနားနေရဦးမှာလားကွ"

"ဆရာတို့ရယ်၊ ကျွန်တော်တို့ကို ခိုင်းတဲ့သူရှိလို့ မဖြစ်မနေ လုပ်ရတာပါ"

"ဘယ်သူခိုင်းတာလဲ"

"ဦးမြင့်သိန်းပါ"

"ဘယ်မှာနေတာလဲ"

"ရန်ကုန်မှာနေတာပါ၊ ဆရာတို့ကိုမန္တလေးထိ သူလိုက်ပြပြီး သူက ကားနဲ့ပြန်သွားတာပါ"

မြင့်သိန်းဆိုတဲ့ နာမည်ကိုတစ်ခါမှ မကြားဘူးခဲ့တာ အမှန်။

"သူက တိုက်ရိုက်ခိုင်းတာပေါ့"

"ဟုတ်ပါတယ် ဆရာ..."

"မင်းတို့နှစ်ယောက်တည်းလား"

"နောက်နှစ်ယောက် ကျန်ပါသေးတယ်၊ သူတို့က ခု ရထားပေါ်မှာ ပါလာတယ်၊ ကျွန်တော်တို့နဲ့တော့ အဖွဲ့မတူပါဘူး"

"ဦးမြင့်သိန်း ဘယ်မှာနေတယ်ဆိုတာကို သိတယ် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား"

"သူ့အိမ်တော့မသိဘူး၊ သူ့စက်ရုံတော့ သိတယ်၊ ရန်ကုန်စက်မှုဇုန်က ကားထုတ်လုပ်ရေးစက်ရုံပါ"

"ဟုတ်ပြီ"

ဒေါက်ကျင်ဖုန်းစောဖွင့်လှစ်ထားသောရန်ကုန်ကားထုတ်လုပ်ရေးစက်ရုံကာပင်ဖြစ်နေသည်။

"ဒါလောက်ဆိုရပြီ၊ မင်းတို့ အေးအေးဆေးဆေးနားပြီးလိုက်ခဲ့ကြပေါ့ကွာ"

"ရေထဲကိုပစ်မချပါနဲ့ဆရာ"

"ကောင်းကောင်းမွန်မွန်လိုက်ခဲ့ရင်တော့မရက်စက်ပါဘူး"

ရထားကြီးမှာချောင်းကူးတံတားတစ်ခုကိုစတင်ပြီးဖြတ်ကူးနေလေပြီ။

"ဒေါက်...ဒေါက်.."

အခန်းတံခါးခေါက်သံကြောင့် ကြည့်လိုက်တော့ မိန်းကလေးတစ်ဦး၊ ကျော်စွာတံခါးကိုဖွင့်ပေးလိုက်သည်။

"ဘာကိစ္စလဲမိန်းကလေး"

"ကျွန်မ ဟိုဘက်ခန်းကပါ တစ်ယောက်တည်း အခန်းထဲ





မှာနေရတာကြောက်လာတာနဲ့ အကူအညီလာပြီးတောင်းတာပါ"

"ဒီပါရေ..ဘယ်လိုလဲ"

"ဒုက္ခရောက်လို့ အကူအညီတောင်းတာပဲကွာ၊ နေခွင့်ပြုလိုက်ပါ"

"ကျေးဇူးတင်ပါတယ်အစ်ကို၊ ဟင်...သူတို့က"

"ရထားပေါ်မှာ ရထားဝန်ထမ်းယောင်ဆောင်ပြီး လူသတ်ဖို့ကြိုးစားလို့ဖမ်းထားတာ"

"အစ်ကိုတို့က.စုံထောက်တွေလား"

"ဆိုပါတော့ကွာ၊ ကဲ..လွတ်လွတ်လပ်လပ်သာထိုင်.."

သူမမှာပါလာသော ခရီးဆောင်အိတ်နှင့် စတီးချိုင့်ကွာလေးကို ချပြီး ရာဇာဒီပါတို့ရှေ့တွင် ဝင်ပြီးထိုင်လေသည်။

"အစ်ကို..လက်ဖက်သုပ်လာတာလေးမြည်းပါဦး၊ အိပ်ချင်ပြေတာပေါ့"

"သုံးဆောင်ပါမိန်းကလေး၊ ကိုယ်က ဗိုက်မကောင်းဘူး"

ကျော်စွာက အားနာစွာနှင့်စားဖို့ကြံစည်ပေမယ့် ရာဇာဒီပါ၏အရိပ်အကဲကြောင့် မစားဘဲနေလိုက်သည်။

"အစ်ကိုတို့နှစ်ယောက်က ရန်ကုန်ဌာနချုပ်ကပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မန္တလေးကို ကိစ္စတစ်ခုနဲ့လာကြတာ၊ မင်းက ရော မန္တလေးသူပဲလား"

"ဟုတ်ပါတယ် အစ်ကို၊ မန္တလေးမှာ မနေချင်တာနဲ့ ရန်ကုန်က အဒေါ်တွေဆီကိုသွားပြီးနေမလို့ထွက်ခဲ့တာ"

သူမ ဘဝအစိတ်အပိုင်းတွေကိုစိတ်ဝင်စားအောင်ပြော ပြပြီး စကားဖောင်ဖွဲ့နေသည်။ ရာဇာဒီပါတို့ဖမ်းထားတဲ့နှစ်ယောက်က တော့ ရထားနံရံကိုကျောမှီပြီးအိပ်ပျော်နေလေပြီ။ စကားသံလေးများ တိတ်ဆိတ်သွားပြီး မျက်လုံးလေးမှေးကာ နေလိုက်ကြသည်။ သူမက သူ့အိတ်ထဲမှ ရေမွှေးဘူးလေးတစ်ခုကိုထုတ်ပြီး ကိုယ်ပေါ်တွင် စွတ် ချိန်တွင် ရာဇာဒီပါ သတိပြုမိလိုက်ပြီး အသက်ကိုအောင့်ကာ ပြတင်း ပေါက် ဘက်သို့ ခေါင်းပြုပြီး ထွက်လိုက်ချိန်တွင်

"ချောက်.."

သူမက သေနတ်ထုတ်ပြီး မောင်းတင်မည်အပြု ရာဇာဒီပါ ခုံပေါ်က စတီးချိုင့်ကို သူမဆီသို့ ခြေဖြင့်ခတ်ချလိုက်သည်။

"ဖြောင်း..."

"အင့်.."

သူမရဲ့ သေနတ်ကိုင်ထားသောလက် ဟန်ချက်ပျက်သွား





သည်နှင့် သူမဇက်ကိုခပ်ဆတ်ဆတ်လေးရိုက်ချလိုက်သည်။

"အမေ့.."

သူမ ခုံပေါ်တွင် ခွေခွေလေး ကျသွားမှ သေနတ်ကိုကောက် ယူပြီး

"မင်းသေနတ်က မင်းအတွက်ဖြစ်သွားမယ်၊ ငြိမ်ငြိမ်လေး ထိုင်နေလိုက်တော့..ကျော်စွာ..ကျော်စွာ.."

ကျော်စွာ ပခုံးကိုလှုပ်ပြီးနှိုးလိုက်ရသည်။

"ဘယ်လိုဖြစ်သွားတာလဲကွာ၊ မေ့သလိုလိုဖြစ်သွားတယ်"

"မင်းမြင်တဲ့အတိုင်းပဲ၊ သူ့ရေမွှေးဘူးထဲက မေ့ဆေးငွေ့နဲ့ ငါတို့ကို မေ့အောင်လုပ်ပြီးသတ်ဖို့ကြိုးစားတာ မအောင်မြင်လိုက်ဘူး လေ"

"ဟူး...ခုတ်သေးတာပေါ့ကွာ၊ မင်းသတိကောင်းလို့"

"မိန်းကလေးမင်းလူနောက်တစ်ယောက်ရော"

"အပြင်မှာ သူကစောင့်နေတယ်"

"ကျော်စွာ မင်းထွက်ပြီးရှင်းလိုက်တော့ကွာ"

"အိုကေ.."

ကျော်စွာ တံခါးကိုဖွင့်ပြီး အပြင်သို့ထွက်တော့ သူ့တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်သူ့နောက်က ကပ်ပြီးလိုက်လာတာကြောင့် အနားသို့ရောက်အောင်လုပ်ပြီး

"ဟေ့ကောင်.."

"ဟင်.."

အမှတ်မထင်လှည့်ပြီး ထိုလူကို မျက်နှာချင်းဆိုင်လိုက်တာမို့ နောက်မှလိုက်လာတဲ့သူက အံ့အားသင့်သွားတာကို အခွင့်ကောင်းယူပြီး ကျော်စွာ မျက်နှာကိုဆင့်ကာထိုးချလိုက်သည်။

"ခွပ်..ခွပ်.."

"အား.."

ထိုလူကို လက်ပါချိုးလိမ်ပြီး အခန်းထဲကိုခေါ်ဆောင်လာတော့သည်။

"ကဲ.. မင်းတို့(၄)ယောက်လုံး ရှေ့ဘူတာကျမှပဲ ဆက်ပြီးအနားယူကြတော့ပေါ့ကွာ၊ တကယ်ပဲကွာ၊ ရထားစီးရတာ ကောင်းကောင်းမွန်မွန် မစီးရတဲ့ဘဝပါလားဟေ့"



## အခန်း ◄◄ ၁၁ ►►

ရန်ကုန်ဘူတာကြီးမှ အငှားကားလေးဖြင့် ဌာနချုပ်ကိုလာခဲ့ကြသည်။

"ဟို(၄)ကောင်ကို ရန်ကုန်ကိုခေါ်ဦးမှာလား"

"ခေါ်ရမယ်ကျော်စွာ၊ ဒီမှာမြင့်သိန်းဆိုတဲ့ကောင်ကိုဖမ်းပြီး အရေးယူနိုင်ဖို့က ဒီကောင်တွေက အရေးပါတယ်"

"ခု.. ဘာအရင်စလုပ်မလဲ"

"အရေးကြီးတဲ့တရားခံကို အရင်ရအောင် ဖမ်းရမယ်"

"ဒေါ်ကျင်ဖုန်းစောလား.."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ယူနီဆက်ကလူတွေကြားမှာဝင်ပြီးဖမ်းလို့တော့မကောင်းဘူးနော် ဒီပါ.."

"အခြေအနေကြည့်ပြီး လှုပ်ရှားရမှာပေါ့၊ ငါ့စိတ်ထဲမှာ မကျေနပ်နိုင်တဲ့ကိစ္စတစ်ခုရှိတယ်"

"ဘာလဲကောင်းစီလျံကိစ္စလား.."

"ဟုတ်တယ်၊ ဒီလူပျောက်နေတာကို စိတ်ထဲမှာ မကျေနပ်နိုင်သလိုဖြစ်နေတယ်"

"ဦးမြင့်သိန်းဘက်ကိုရော မင်းတွေးမိသေးလား"

"ဟာ..ဒီတစ်ခါတော့မင်းတော်သွားပြန်ပြီ၊ သိပ်ပြီးသေချာတဲ့ကိစ္စပဲကွ"

"တစ်ခါတလေ ငါတော်ဖို့လည်းထားပါဦးကွာ..ဟား..ဟား..ဟား..ဒါနဲ့ မီးရထားပေါ်က မိန်းကလေးနောက်ကြောင်းကို သိလိုက်ပြီလား.."

"သူ့အကြောင်းကိုလေ့လာဖို့အချိန်မှမရတာ၊ အပ်ပြီးတာနဲ့ ရထားပေါ်ကိုတက်ခဲ့ရတာပဲဟာ"

"နာမည်လေးနဲ့လူက လိုက်ဖက်ပါတယ်၊ ဒါပေမဲ့ အကျင့်





စရိုက်နဲ့တော့ တခြားစီပဲ"

"မင်းက နာမည်ကိုတောင် မှတ်မှတ်ရရရှိသားပဲ၊ ဘယ်သူတဲ့လဲပြောပါဦး"

"ပန်းသီရိတဲ့"

"မာယာလောကသားတွေထဲမှာ သိပ်နမြောဖို့ကောင်းတဲ့ အလုပ်ပိုင်ရှင်တွေရှိနေတာပဲကွာ"

ထောက်လှမ်းရေးဌာနချုပ်သို့ရောက်တော့ ရဲချုပ်ကြီး စောင့်နေတာကြောင့် ရဲချုပ်ကြီးအခန်းသို့ တစ်ခါတည်းဝင်လာခဲ့ကြသည်။

"ထိုင်ကြကွာ"

"ဟုတ်ကဲ့"

ရဲချုပ်ကြီးကို အရိုအသေပေးပြီး ရှေ့တွင် ဝင်ထိုင်လိုက်ကြသည်။

"ခု..ငါတို့လှုပ်ရှားရမယ့် ဖမ်းဆီးရေးဟာ နည်းနည်းတော့ အခက်အခဲရှိနေတယ်ကွ"

"ဟုတ်ကဲ့..အမိန့်ရှိပါ ရဲချုပ်ကြီး"

"နိုင်ငံတကာ ထောက်ပံ့ရေးပစ္စည်းတွေကို စစ်ဆေးပြီး လှုပ်ရှားရမှာဆိုတော့ အမှားအယွင်းမရှိအောင် လုပ်ရမယ်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ကုလသမဂ္ဂဆိုင်ရာ လူသားချင်းစာနာမှုအဖွဲ့က တာဝန်ရှိသူတွေပါ ရှိနေ မှာဆိုတော့ ရုတ်ရုတ်သဲသဲနဲ့ လှုပ်ရှားလို့မဖြစ်ဘူး၊ သိက္ခာရှိရှိ နဲ့ လုပ်ဆောင်ရမှာဖြစ်တယ် ဆရာဒီပါ၊ ကျုပ်ကိုယ်တိုင်လိုက်ပြီး ဆောင်ရွက်မှာပါ။ပြင်ဆင်စရာရှိတာပြင်ဆင်ထား၊အဓိကတရားခံကို ဖမ်းတဲ့နေရာမှာ ကိုယ့်ဘက်က ယဉ်ကျေးစွာနဲ့ဖမ်းဆီးပါ"

"စိတ်ချပါရဲချုပ်ကြီး"

"ကဲ... လုပ်ဆောင်ရမယ့်အစီအစဉ်တွေ လုပ်ကြပါ"

"ဟုတ်..."

ရာဇာဒီပါတို့ ရဲချုပ်ကြီးအခန်းမှ ပြန်ထွက်လာပြီး သီလဝါ ဆိပ်ကမ်းသို့ ထောက်လှမ်းရေးတပ်ဖွဲ့မှ အရာရှိတချို့နှင့်လာခဲ့ကြ သည်။ သီလဝါဆိပ်ကမ်းကိုရောက်တော့ ရှာဖွေရေးပုံစံနဲ့အတူ ကုန်ပစ္စည်းတွေကိုတင်ချနေတဲ့အတွက် အသင့်စောင့်ကြည့်နေကာ (AAA) တံဆိပ်တွေကိုရှာဖွေနေကြသည်။

"ဒီပါ..ဟို..အတွဲမှာ (AAA)တံဆိပ်တွေ"

"ဟင်...ဗိုလ်ကြီးမင်းသူ၊ ဟိုအိတ်တွေကို သင်္ဘောဝမ်းထဲကို မသွင်းခိုင်းပါနဲ့၊ သီးသန့်ချထားခိုင်းလိုက်ပါ"

"ကောင်းပါပြီ"





ထောက်လှမ်းရေးအရာရှိဗိုလ်ကြီးမင်းသူ ကုန်တင်ကုန်ချ ဝန်ထမ်းတွေကိုလှမ်းပြီးပြောလိုက်သဖြင့် (AAA) ဆန်အိတ်တွေကို သီးသန့်ချထားခိုင်းလိုက်သည်။ စုစုပေါင်း (၅) အိတ်။

"ဒါဘာလုပ်တာလဲ၊ ဆန်အိတ်တွေ သင်္ဘောဝမ်းထဲကို ချလေ"

"ဟင်..."

သင်္ဘောပေါ်သို့တက်လာပြီးပြောလိုက်သူကဒေါ်ကျင်ဖုန်းစော

သူ့နောက်တွင် ယူနီဆက်မှ တာဝန်ရှိသူတွေ၊ ကုလသမဂ္ဂ အဖွဲ့မှ ကိုယ်စားလှယ်တွေအပြင် (NGO) နိုင်ငံတကာအဖွဲ့မှပုဂ္ဂိုလ် တွေပါရှိနေသည်။

"ကျွန်တော်တို့ဒီဆန်အိတ်တွေကိုစစ်ဆေးစရာရှိလို့ပါ"

"ဘာ... ဘာပြောတယ်၊ ဒါပုဂ္ဂလိက ဆန်အိတ်တွေမဟုတ် ဘူး၊ အားလုံး အခွန်ကင်းလွတ်ခွင့်နဲ့ တင်ပို့ရတဲ့ ထောက်ပံ့ရေးဆန် အိတ်တွေ၊ မင်းတို့သဘောနဲ့ လုပ်ချင်တိုင်းလုပ်လို့မရဘူး၊ လူကြီးတွေ နဲ့လုပ်ထားတဲ့ကိစ္စ"

"ဟုတ်ပါတယ် ဒေါ်ခင်ဖုန်းစော၊ ခုလို စစ်ဆေးဖို့အတွက် သက်ဆိုင်ရာကခွင့်ပြုချက်ကိုလည်းယူထားပြီးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ရဲချုပ်ကြီးကဝင်ပြီးပြောသဖြင့် ဒေါ်ခင်ဖုန်းစော မျက်နှာပျက်ပြီး

"ဒါဆိုလည်းပြီးတာပဲ"

ဒေါ်ခင်ဖုန်းစော ပြန်ပြီးလှည့်ထွက်ဖို့ဖြစ်တာကြောင့်

"ဒေါ်ခင်ဖုန်းစော..အားလုံးရှေ့မှာကြည့်သွားပါဦး၊ ဘာတွေလဲဆိုတာကိုမြင်သွားရတာပေါ့"

ဒေါ်ခင်ဖုန်းစော အားလုံးရှေ့မှာ ရှောင်လို့မကောင်းတာကြောင့် ရပ်ပြီးနေလိုက်သည်။

"ကဲ...ဆန်အိတ်တွေကိုဖွင့်ချလိုက်"

ရာဇဒီပါတို့တပ်ဖွဲ့မှ ရဲဘော်လေးတွေက ဆန်အိတ်တွေကို ဖွင့်ချလိုက်သည်။

"ဝေါ်..."

"ဟင်.."

"ဟာ..."

ဆန်အိတ်ထဲမှာ ရောထွေးပြီးထည့်ထားတဲ့ စိန်ထုပ်တွေကို တွေ့လိုက်ရတော့သည်။ အားလုံးအံ့အားသင့်ပြီး ကြည့်နေချိန်တွင် ဒေါ်ခင်ဖုန်းစော သူ့အနေအထားကို သဘောပေါက်သွားပြီး သဘော်





ကြီးပေါ်မှ ဆင်းရန်ပြင်ဆင်လေတော့သည်။

"ဒီစိန်တွေဟာ မဏိပူရဘက်ကြီးကို ခားပြတိုက်သွားတဲ့ စိန်တွေဖြစ်ပါတယ်၊ ဒေါ်ခင်ဖုန်းစော ခင်ဗျားဘာပြောချင်သေးလဲ၊ ပြောနိုင်ပါတယ်"

"ဒါတော့ ကျွန်မ မသိဘူး၊ ဘယ်သူ့လက်ချက်လဲဆိုတာတော့ ရှင်တို့ဆက်ပြီးစုံစမ်းပါ"

"စုံစမ်းလို့ပြီးပါပြီ"

"ဟင်..."

"ခင်ဗျား အေးအေးဆေးဆေး လိုက်ခဲ့ပါ"

"ဘာပြောတယ်"

"ခင်ဗျားနဲ့ ပတ်သက်ပြီး နိုင်လုံတဲ့သက်သေအထောက်အထားတွေ ရပြီးသားပါ"

ရဲချုပ်ကြီးက ယူနီဆက်မှ တာဝန်ရှိသူတွေနှင့် တခြားသူတွေကိုရှင်းပြပြီး ဒေါ်ခင်ဖုန်းစော (ခေါ်) ဒေါ်ကျင်ဖုန်းစောကို ခေါ်ဆောင်လာခဲ့တော့သည်။

"နင်တို့ ငါ့ကို ထောင်မချနိုင်ပါဘူး"

"စောင့်ပြီးကြည့်ပါဦး ဒေါ်ကျင်ဖုန်းစော"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ..."

ဒေါ်ကျင်ဖုန်းစော နာမည်အရင်းကို ခေါ်လိုက်သောကြောင့် အံ့သြသွားသည်။

"ဒီလောက်ဆို ခင်ဗျားသဘောပေါက်လောက်ပါပြီ"

ဒေါ်ကျင်ဖုန်းစောကတော့ ရာဇာဒီပါစကားကို ခပ်ပြုံးပြုံး လေးနှင့် တုံ့ပြန်ပြီးနောက်.

"ငါ ခင်ဖုန်းစော အစစ်မဟုတ်ဘူးဆိုတာကို လူတစ်ယောက် ထွက်ချက်နဲ့ ဖမ်းမယ်ဆိုရင် သိပ်ပြီးလွယ်နေမလားကွာ၊ မင်းတို့မိထား တဲ့ ကောင်တွေဆီက စကားလောက်နဲ့တော့ မပြည့်စုံသေးဘူးနော်၊ ငါ့ကို မင်းတို့ထောင်ကျအောင်လုပ်ဖို့ကြိုးစားပါဦး"

"စိတ်ချ... ခင်ဗျားကို ထောင်ထဲပို့ဖြစ်အောင်ပို့မယ်၊ ခင်ဗျား ကျူးလွန်ခဲ့တဲ့ပြစ်မှုတွေက သိပ်ကိုရက်စက်လွန်းတယ်"

"ငါကိုယ်တိုင် ဘာပြစ်မှုကိုမှ မကျူးလွန်ခဲ့ဘူး၊ ကျူးလွန် တဲ့သူတွေက တခြားတစ်ယောက်ပဲ"

"အားလုံးကို ခင်ဗျားကြိုးကိုင်ခဲ့တာလေ"

"ဒါတွေကို ငါက အကောင်းဆုံးရှေ့နေ ငှားပြီး ရှန်းထွက်ပြ မယ်"





"ခင်ဗျားပဲ ထွက်နိုင်မလား၊ ကျုပ်တို့ကပဲ ခင်ဗျားကို ထောင် ချနိုင်မလားဆိုတာ စောင့်ကြည့်ရတာပေါ့"

"မင်းဟာ သိပ်ပြီးတော်တဲ့ စုံထောက်တစ်ယောက်ပါ၊ ဒါပေမဲ့ မင်းထက် ငါက ပိုပြီးတော်တယ်၊ ဟား...ဟား...ဟား..."

"ခင်ဗျားဟာ သိပ်ပြီးတော်တာ မှန်ပါတယ်၊ ဒါပေမဲ့ ကောင်း မွန်တဲ့တော်ခြင်းတော့မဟုတ်ဘူး၊ ယုတ်မာကောက်ကျစ်တဲ့ မြေခွေး တစ်ကောင်လိုတော်တာ"

"မင်းစကားက ရိုင်းလှချည်လား"

"ခင်ဗျားရဲ့ယုတ်မာရက်စက်မှုထက်စာရင် ဘာမှ မဟုတ် လောက်ပါဘူး၊ ဒေါ်ကျင်ဖုန်းစော"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ◂◂ ၁၂ ▸▸

ဒေါ်ခင်ဖုန်းစော ပိုင်ဆိုင်သော စက်မှုဇုန်ထဲက ကားစက်ရုံကို ရောက်တော့ ဦးမြင့်သိန်းကို လုံးဝမတွေ့ရပေ။

“မင်းတို့မန်နေဂျာ မလာဘူးလား”

“သူမလာတာ ကြာပြီ”

“ဒါဆို စက်ရုံကို ဘယ်သူဦးစီးလုပ်ကိုင်နေလဲ”

“မချောကလျာဦးပါ”

“သူရှိလား”

“ရောက်မလာသေးဘူး၊ ဆရာတို့စောင့်မယ်ဆိုရင် ဧည့်ခန်းမှာစောင့်ကြပါ”





“ကောင်းပြီ”

ရာဇာဒီပါနှင့်ကျော်စွာ ဧည့်ခန်းတွင် ချောကလျာဦးကို စောင့်နေလိုက်ကြသည်။

“ဒီပါ...မင်း ဒေါ်ကျင်ဖုန်းစောကို ကိုင်တွယ်ဖို့က ခက်မယ်၊ သူနဲ့ပတ်သက်ပြီး လူကြီးတွေဆီကို တခြားအဖွဲ့အစည်းတွေက တောင်းဆိုမှုတွေပြုလုပ်နေကြပြီ”

“ဟုတ်တယ်၊ ဒေါ်ကျင်ဖုန်းစောက မဂ်ဂိပုရဘဏ်ကြီးကိစ္စမှာ သူ မပတ်သက်ဘူးဆိုတာကို ခေါင်းရှောင်ဖို့အတွက် အစားထိုး ပြင်ဆင်မှုတစ်ခုလုပ်ထားတာတော့ သေချာတယ်”

“ဒါက ဘာဖြစ်နိုင်မလဲ”

“ငါ့အထင်တော့ ကောင်းဝီလျံအတုကို သူအသုံးချမှာ သေချာတယ်”

“ဒို့ဘက်က ကောင်းဝီလျံကို အမြန်ဆုံးဖမ်းမိဖို့တော့ လိုပြီပေါ့”

“ဟုတ်တယ်”

စက်ရုံရှေ့တွင် ကားရပ်သံကြားရ၍ ကြည့်လိုက်တော့ ကားထဲမှ ချောကလျာဦး ဆင်းလာတာကို တွေ့လိုက်ရသည်။ ချောကလျာဦး



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရှိတဲ့ဧည့်ခန်းသို့လျှောက်လာပြီး

"ဆရာတို့ ကျွန်မကိုတွေ့ချင်လို့ဆို"

"ဟုတ်ပါတယ်"

"ဘာကိစ္စများရှိလို့ပါလဲ"

"ဦးမြင့်သိန်းနဲ့ ပတ်သက်ပြီး သိချင်လို့ပါ"

"သူ ပေလီဘက်ကို ကျန်းမာရေးအရ အနားသွားပြီး ယူနေပါတယ်"

"သူသွားတာကြာပြီလား"

"ဟုတ်ကဲ့ (၁၀) ရက်လောက်ရှိပါပြီ"

"သူတစ်ယောက်တည်း သွားတာလား"

"သွားတုန်းက ကျွန်မပါလိုက်သွားပါတယ်၊ ဒီစက်ရုံကို ပစ်ထားလို့မရတာနဲ့ ကျွန်မပြန်လာခဲ့တာပါ"

ချောကလျာဦးစကားနှင့် ရထားပေါ်တွင် မိမိတို့အား သတ်ရန် ကြိုးစားခဲ့သော လူပြောတဲ့စကားက လွဲချော်နေလေပြီး ချောကလျာဦး... ဦးမြင့်သိန်းကို ဖုံးကွယ်ပေးထားတာကို သဘောပေါက်ပေမဲ့မသိချင်ယောင်ဆောင်လိုက်ကာနေလိုက်သည်။

"ကျွန်မ ဘာကိစ္စလို့ပြောပေးရမလဲ ဆရာ"





"ပြောလိုက်ပါ ဒေါ်ကျင်ဖုန်းစောကို သက်ဆိုင်ရာက ဖမ်းမိသွားပြီ၊ သူအားလုံးကို ဝန်ခံလိုက်ပြီလို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့ဆရာ...ပြောလိုက်ပါ့မယ်"

"သွားခွင့်ပြုပါဦး"

"ကောင်းပါပြီရှင်..."

ရာဇာဒီပါတို့ပြန်ပြီးထွက်လာကာ စက်ရုံဝန်းထဲ တစ်နေရာမှ စောင့်ပြီးနေလိုက်ကြသည်။

"ငါတို့ ကားချိန်းရင်ကောင်းမယ်"

"ဟိုမှာ အငှားကားတစ်စီး၊ သူ့ကို အသုံးချရမယ်"

"မင်းသွားပြီး စကားပြောလိုက်"

"အေး..."

ကျော်စွာ ထွက်သွားပြီး အငှားကားသမားကို လိုအပ်တဲ့ စကားကိုပြောကာ ကားပြောင်းလိုက်ကြသည်။ ရာဇာဒီပါတို့ ကား ပြောင်းပြီး သိပ်မကြာ၊ ချောကလျာဦး ကားလေး မောင်းထွက်လာလေသည်။

"ကဲ...ငါ့ညီ၊ အဲဒီကားနောက်က လိုက်ပေတော့၊ သိပ်ပြီးကပ် မလိုက်နဲ့၊ မျက်ခြည်မပြတ်ဖို့ပဲ အရေးကြီးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါဆရာ"

ချောကလျာဦး ကားလေးနောက်က လိုက်ခဲ့ကြ၏။ ချောကလျာဦးကားလေးမှာရန်ကုန်မြို့စွန်ဘက်သို့ဦးတည်ပြီးမောင်း နေလေသည်။

"ခရီးလမ်းကြောင်း ရှင်းတော့ ဆက်ပြီးလိုက်နေရင် ရိပ်မိ သွားနိုင်တယ်"

"ဟုတ်တယ်၊ဒီပါ...ဟော...ဟိုမှာ ချောကလျာ ကားရပ်ပြီ"

ချောကလျာဦး ကားလေးကို ရပ်သည်နှင့် ရာဇာဒီပါတို့ ကားက ကျော်တက်ပြီးတခြားအဝေးတစ်နေရာတွင်ရပ်ကာ

"ဆရာ... ဟိုမှာ ရပ်ထားတဲ့ အငှားကားက ကျွန်တော့် ဘော်ဒါကား..."

"အေးကွာ..သူ့ကားနဲ့ ချိန်းမယ်"

ရာဇာဒီပါတို့ အငှားကားသမားလေးကို ကျသင့်ငွေပေးပြီး နောက်ထပ်အငှားကားတစ်စီးပေါ်သို့ပြောင်းပြီးတက်လိုက်ကြသည်။

ချောကလျာဦးရပ်ထားသောနေရာမှာ စားသောက်ဆိုင်တစ်ဆိုင်ရှေ့ ဖြစ်ပြီးပြန်ထွက်လာတော့လက်ထဲတွင်အိတ်တွေဆွဲလာတာကိုတွေ့ လိုက်ရသည်။





"ကဲ..ကားဆရာလေး..အဲဒီကားနောက်က ဆက်ပြီးလိုက် တော့"

"ဟုတ်ကဲ့"

ချောကလျာဦး.... ရာဇာဒီပါတို့ လိုက်လာတာကို ရိပ်မိခြင်း တော့မရှိသေးချေ။ သူမကားက မှော်ဘီခြံဝန်းကြီးဘက်သို့မောင်းဝင် သွားတာကြောင့် အဝေးမှပဲကြည့်ပြီး ကားလိုက်ပြီးဝင်လို့ မဖြစ် သေးပေ။

ထို့ကြောင့်...

"ကဲ...ငါ့ညီကျေးဇူးပဲကွာ"

"ရပါတယ် ဆရာ..."

ကားဆရာကိုပိုက်ဆံရှင်းပြီး ချောကလျာဦးဝင်သွားသော လမ်းကလေးအတိုင်းခြေလျင်လျှောက်ပြီး ဝင်လာခဲ့ကြသည်။

"ဒီပါ ခြံဝမှာ နှစ်ကောင်စောင့်နေတယ်"

"ဒီကောင်တွေကို ခြေရာဖျောက်ပြီးဝင်မှဖြစ်မယ်"

ရာဇာဒီပါအခြေအနေကိုလေ့လာပြီးစနောက်

"ကျော်စွာ..ဟိုဘက်ခြံထဲကဝင်ကြမယ်"

"အေး.."



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ခြံမှာ ခြံလွတ်ကြီးဖြစ်တာမို့ တိုးဝင်လိုက်ကြပြီး တစ်ဖက်ခြံထဲသို့ သစ်ပင်များကွယ်ကာ ဝင်ခဲ့ကြသည်။

"ခြံကြီးက တော်တော်ကိုကျယ်တာပဲကွာ"

"ဒါကြောင့် ဒီကောင်တွေ ခိုအောင်းလို့ကောင်းနေတာ ပေါ့ ကွာ"

အိမ်ကြီးနားတွင် ချောကလျာဦး ကားကလေးရပ်ထား တာကိုတွေ့လိုက်ရသည်။

"ကျော်စွာ..ခြေသံလုံပါစေ"

"စိတ်ချ"

အိမ်ကြီးပြတင်းပေါက်နားသို့ကပ်သွားပြီး အိမ်ထဲကိုကြည့် လိုက်တော့ ဦးမြင့်သိန်း နှင့် ချောကလျာဦးတို့ စကားပြောနေတာကို တွေ့နေရ၏။

"ငါ့ဆီကို ဖုန်းဆက်ပြီး ပြောလိုက်ရောပေါ့"

"ကိုကြီးက အပြစ်ပြောတော့မယ်၊ ကိုကြီးဖုန်းကိုကြည့်ပါဦး ဘက်ထရီက ဒေါင်းနေပြီ"

"ဟုတ်ပါ့ကွာ"

"ဒါကြောင့် ချောကိုယ်တိုင် ထွက်လာရတာပါ"





"နောက်ကနေ နောက်ယောင်ခံပြီးလိုက်မှဖြင့်ကွာ"

"ချော ဒီလောက်မညံ့ပါဘူး ကိုကြီးရာ ချောနောက်မှာ ဘာကားမှ ပါမလာပါဘူး၊ စိတ်ချ၊ ဒီကဖြင့် ကိုကြီးကြိုက်တဲ့ အရက်ကိုတောင် ဝင်ပြီးဝယ်ခဲ့ရတာ"

"အေးပါကွာ၊ ဒါကြောင့် ချောကို ချစ်နေရတာ"

"ချစ်ရမှာပေါ့၊ ခုလို ကိုကြီး ဒုက္ခတွေဖြစ်နေချိန်မှာ ကိုကြီး မယားကြီးက ဘာတွေ ကူညီပေးလို့လဲ"

"ဒီဟာမကြီးအကြောင်း ပြောမနေနဲ့၊ ဘာမှ သုံးစားလို့ရတာ မဟုတ်ဘူး၊ ဒါကြောင့် စက်ရုံကိစ္စတွေကို ချောနဲ့ လွှဲထားရတာပေါ့"

"ကိုကြီး"

"ဘာလဲချောရဲ့"

"ဟို..အဘွားကြီးကို မိသွားပြီဆိုတော့ စက်ရုံကိစ္စတွေကို ဘယ်လိုလုပ်မလဲ၊ သက်ဆိုင်ရာက သိမ်းတော့မှာ သေချာတယ်"

"ကိုကြီးသိတယ် ချော၊ ချောကို ကိုယ်ပေးထားတဲ့ စိန်တွေရှိ တယ်မဟုတ်လား"

"ရှိတာပေါ့၊ ဒီစိန်တွေက ဒေါ်ခင်ဖုန်းစော ပစ္စည်းတွေလား"

"ဘယ်ကလာ ဟုတ်ရမှာလဲ၊ မဏိပူရဘက်ကြီးဆီ ...ပြ



www.burmeseclassic.com

www.burmeseclassic.com



တိုက်တုန်းက ယူလာတဲ့စိန်တွေ၊ ကိုကြီးကိုဆန်အိတ်တွေထဲမှာ ထည့်ခိုင်းတုန်းက ပြောင်ထားလိုက်တာ၊ ဒီစိန်ရဲ့တန်ဖိုးက ကြီးတယ် ချောရဲ့ဒါတွေနဲ့ ချောဘဝကို ကောင်းကောင်းကြီး နေလို့ရတယ်"

"ဟုတ်ပါတယ်၊ ခု ကိုကြီးနောက်ကို စုံထောက်တွေ လိုက်ရှာနေပြီ၊ ဘယ်လိုလုပ်မလဲ"

"နယ်စပ်ဘက်ကို ထွက်ရမှာပေါ့၊ ချောပါ လိုက်ခဲ့ရမယ်"

"နယ်စပ်ဘက်ဆိုတော့ ဘယ်နိုင်ငံဘက်လဲ"

"တရုတ်ပြည်ဘက်၊ ဟိုမှာ အေးအေးဆေးဆေး နေလို့ရတဲ့ အခြေအနေ ရှိတယ်၊ ဒီအဘွားကြီးရဲ့အိမ်တွေ ခြံတွေက ကိုကြီးတို့အတွက် ဖြစ်လာမှာပေါ့၊ လိုက်မယ်မဟုတ်လား"

"လိုက်ရမှာပေါ့ ကိုကြီးရယ်၊ ကဲ...သောက်လိုက်ဦး"

"ချော ပြန်ဦးမှာလား"

"ခု မပြန်သေးပါဘူး၊ အေးအေးဆေးဆေးမှ ပြန်မှာပါ"

ရာဇာဒီပါတို့(၂)ယောက် အိမ်ကြီးထဲသို့ ဝင်ရောက်နေပြီဖြစ်သည်။

အိမ်ကြီးအပြင်ဘက်တွင် စောင့်နေသော နှစ်ယောက်ကတော့ အရက်တစ်လုံးနှင့် အရသာခံနေကြသည်။





"ကဲ...အခန်းထဲကိုသွားကြရအောင်"

"ကိုကြီးကလည်း...ကဲပြီ"

ချောကလျာဦးကို ပွေ့မပြီး ဦးမြင့်သိန်းအခန်းထဲသို့ ခေါ်ဆောင်လာစဉ် ရာဇာဒီပါတို့နှင့် တန်းပြီးတိုးလေသည်။

"ဟင်...မင်း...မင်း...တို့"

"ရှင်..."

"နှစ်ယောက်လုံး လက်ရော ပါးစပ်ပါ ပိတ်ပြီးနေကြ၊ တွေ့လား သေနတ်...၊ မင်းတို့နဲ့ပတ်သက်ပြီး သေအောင် မပစ်ရဲဘူးတော့ မထင်နဲ့နော်၊ ကျော်စွာ ဖုန်းဆက်လိုက်တော့"

"ကျွန်မ...ကျွန်မ...သူ့ကိစ္စတွေထဲမှာ မပါပါဘူး...ဆရာရယ်"

"ပါတယ်..မပါဘူး ဆိုတာ နောက်တော့ ရှင်းသွားမှာပါ၊ ဦးမြင့်သိန်း ခင်ဗျားအတွက် ကျုပ်အခွင့်အရေးတစ်ခုပေးမယ်"

"ဘာအခွင့်အရေးလဲ"

"ကောင်းဗီလျံကို ဘယ်မှာထားတယ်ဆိုတာကိုပြော"

"ကောင်းဗီလျံကိစ္စ ကျုပ်မကိုင်တွယ်ဘူး"

"ခင်ဗျားက သစ္စာစောင့်သိနေတာကိုး၊ ခင်ဗျား မပြောလို့ ခင်ဗျားအတွက် ကျုပ်တို့ဘက်က အခွင့်အရေးကို နောက်ထပ် မပေး



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ဘူး"

"ဆရာ..ကျွန်မသိတယ်"

"ဟင်...မင်း...မင်း..ချော.."

"ဟို...ကောင်းဝိလျှံဆိုတဲ့တရုတ်ကြီးကိုမြေအောက်ခန်းထဲမှာဖမ်းထားကြတယ်ဆရာ"

"ကျေးဇူးပဲချော.."

"မင်းကွာ..သစ္စာဖောက်မ"

"ရှင့်ကိုကပ်နေတာ ကျွန်မဘဝအတွက်ကပ်ခဲ့တာ၊ ရှင်တို့ရဲ့ ဒုစရိုက်မှုထဲမှာ မပါဘူး"

"ဆရာ..ဆရာ..အပြင်မှာ ရဲ..ရဲ...တွေ"

"ဟာ.."

ရာဇာဒီပါတို့ကို တွေ့သွားတာကြောင့် အပြင်မှ ဝင်လာတဲ့ နှစ်ယောက်ပါ အံ့အားသင့်သွားကြသည်။

"မင်းတို့ပါ သက်သက်သာသာလာပြီး ထိုင်နေကြတော့"

"ဟုတ်...ဟုတ်ကဲ့ပါ ခင်ဗျာ.."

ခြံဝမှ နှစ်ယောက်ကိုပါ နယ်မြေခံတပ်ဖွဲ့တွေက ဖမ်းဆီးလိုက်ပြီး ခေါ်ဆောင်လာလေသည်။





"စခန်းမှူးရေ... ခင်ဗျားရဲဘော်တွေနဲ့မြေအောက်ခန်းကို ဖွင့်ရအောင်"

"ဟုတ်ကဲ့ ဆရာဒီပါ"

"ကျွိ...ကျွိ....ဝုန်း.."

ရဲဘော်(၃)ယောက်အားနှင့် မြေအောက်တံခါးချပ်ကြီးကို ဖွင့်လိုက်ကြသည်။

"ဟာ.."

မြေအောက်ခန်းကြီးထဲတွင် ကောင်းဝိလျှံမေ့မျောနေလေသည်။

"ဆေးရုံကိုခေါ်သွားဖို့ပြင်ကြတော့"

ကောင်းဝိလျှံကို ပွေ့မပြီး ကားပေါ်သို့တင်ကာ ခေါ်ဆောင်ခဲ့လို ဦးမြင့်သိန်း၊ ချောကလျာဦး အပါအဝင် ဦးမြင့်သိန်းတပည့် (၂) ယောက်ကိုပါ ခေါ်ဆောင်ခဲ့ကြတော့သည်။

"မြန်မာပြည်က ပွဲကတော့ ဖာတ်သိမ်းသွားပြီထင်တာပဲ ဒီပါ"

"မြန်မာပြည်ပွဲက ပြီးပေမဲ့ တခြားပွဲတော့ ရှိသေးတယ်"

"ဘယ်မှာလဲ"

"ဒါတော့ မသိနိုင်သေးဘူးကွာ၊ အရေးကြီးတာ ကောင်းဝိလျှံ



www.burmeseclassic.com

www.burmeseclassic.com



ဆီက သိသင့်သလောက်တွေကို သိရပြီဆိုရင်တော့ သတင်းစာရှင်းလင်းပွဲကိုရဲချုပ်ကြီး လုပ်လို့ရပြီလေ"

"ဟို..မဏိပူရဘက် ပိုင်ရှင်ကြီးတောင် မြန်မာပြည်ကိုရောက်နေပြီဆို"

"ဟုတ်တယ်"

"သူ့စိန်တွေပြန်ပြီးရလို့ဝမ်းသာနေမှာပေါ့ကွာ"

"စိန်တွေက သူ့စိန်တွေမှမဟုတ်တာ"

"ဘယ်သူ့စိန်တွေလဲ"

"မြန်မာနိုင်ငံမှာ နိုင်ငံတော်က စိန်ပြပွဲလုပ်ဖို့အတွက် နိုင်ငံပေါင်း(၂၀)ကျော်က ပို့ထားတဲ့စိန်တွေကွ"

"အားပါးပါး...ပျောက်ရရင် မသက်သာဘူးနော်"

"သူချမ်းသာတဲ့ငွေကြေးထက် (၁၀) ဆလောက် လျော်ရမှာ"

❧ ❧ ❧



## အခန်း ◂◂ ၁၃ ▸▸

"ဘာပြောတယ် ဒီပါ၊ ကောင်းဝီလျံရဲ့လျှာကို ဖြတ်ထားကြတယ်ဟုတ်လား"

"ဟုတ်တယ်၊ နှုတ်ပိတ်ပြီး တရားခံလုပ်ဖို့ပြင်ဆင်ထားတာ"

"ခု ဘာဆက်ပြီးလုပ်မလဲ"

"မဏိပူရဘက်ကြီး အနုကြမ်းစီးမှုကို သတင်းစာရှင်းလင်းပွဲလုပ်မယ်ဆိုရင် အဓိကတရားခံဟာ ကောင်းဝီလျံအတုကိုပဲ ခေါင်းစဉ်တပ်ရမှာ"

"ဒေါ်ကျင်ဖုန်းစောတို့ကရော"

"လက်ရှိ သက်သေစကားလောက်နဲ့ပဲပြောလို့ရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ခက်နေတာက ဒေါ်ကျင်ဖုန်းစောဆိုတာကို ထုတ်ဖော်ပြောဖို့ ခက်နေ တော့ ဘယ်လိုလုပ်မလဲ၊ ဒေါ်ခင်ဖုန်းစော အဖြစ်နဲ့ ထောင်ထဲကို ပို့ရင် တစ်ဖက်မှာ အဖမ်းခံထားရတဲ့ ဒေါ်ခင်ဖုန်းစောအတွက် အရမ်းကို နစ်နာမယ်ကွ”

“ဟုတ်တယ်ဒီပါ၊ ဟူး... ပွဲကပြီးတော့ မလိုလိုနဲ့ မပြီး ဖြစ်နေ ပါလားကွာ၊ ငါ သတိရပြီ၊ ကောင်းဝီလျံကို ပါးစပ်နဲ့ပြောလို့မရရင် စာနဲ့ရေးနိုင်းရင်ရော..”

“ကျော်စွာရယ်... သူတို့က ခပ်ညံ့ညံ့လူတွေမဟုတ်ဘူးကွာ၊ ကောင်းဝီလျံအတုလက်တွေကိုပါ ရိုက်ချိုးထားတယ်”

“ဟာကွာ.. ရက်စက်လိုက်တာ၊ ဒီလောက်ထိ ရက်ရက်စက် စက် လုပ်နေမယ့်အစား တစ်ခါတည်း ဘာလို့မသတ်လိုက်ကြသလဲ မသိဘူး”

“သူတို့ကို ထိပ်ပိုင်းခေါင်းဆောင်က ခွင့်မပြုသေးလို့ဖြစ် မယ်”

“ဒီပါရေ... မြန်မာပြည်ဘက်က လုပ်ရှားရမယ့်တာဝန်တွေက တော့ ပြီးဆုံးသွားပြီပဲကွာ၊ ရဲချုပ်ကြီး ဘာတွေတာဝန်ပေးဦးမလဲဆို တာကိုပဲ နားထောင်ကြတာပေါ့”





“ငါကတော့ ဒီပွဲစဉ်ကို မကျေနပ်နိုင်ဘူး”

“ဘာလို့လဲ”

“ဒေါ်ကျင်ဖုန်းစောကို ရှန်းမထွက်နိုင်အောင် ဖော်ထုတ်ချင် သေးတယ်ကွ”

“ဒီပါ... ဒေါ်ကျင်ဖုန်းစောကို ဖော်ထုတ်မယ်ဆိုရင် မြန်မာပြည် ထဲမှာ ဖော်ထုတ်လို့မရဘူး၊ တရုတ်ပြည် ရှန်ဟိုင်းထိကို သွားရမှာ”

“ဒါကြောင့် မကျေနပ်ဖြစ်နေတာ၊ မင်းစဉ်းစားကြည့်ရင် ဒို့ဖော်ထုတ်မှုက စိန်တွေကိုပြန်ရအောင်လုပ်ဆောင်ပြီး ကိုယ့်ဘက်က ပါဝင်သူတွေကိုပဲ ဖော်ထုတ်ပေးနိုင်တာ၊ တကယ်တမ်းကျတော့ မဏိပူရ ဘဏ်ကြီးကို အနကြမ်းစီးဖို့ ညွှန်ကြားတဲ့သူ တစ်ယောက်မှ မပါဘူး၊ ကောင်းဝီလျံအတုကိုသာ သိပြီး သူဘယ်သူလဲဆိုတာကို သေသေချာချာ မှမဖော်ထုတ်နိုင်တာ”

“ဒီပါ... စိတ်ကိုလျှော့လိုက်တော့ကွာ..”

“ဆရာဒီပါနဲ့ ဆရာကျော်စွာ၊ ရဲချုပ်ကြီးက ခုချက်ချင်း လာခဲ့ ကြဖို့ ခေါ်နိုင်းလိုက်တယ်”

“အေး... အေး.. လာခဲ့မယ်”

ရာဇာဒီပါတို့ ရဲချုပ်ကြီးဆီသို့ လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲချုပ်ကြီးမှာ သူတို့နှစ်ယောက်ကို စကားမပြောသေးဘဲ တစ်ခုခုကိုလေးလေးနက်နက်စဉ်းစားနေလေသည်။

"ဆရာဒီပါတို့ နှစ်ယောက်ကို ကျေးဇူးတင်ပါတယ်၊ ခုလို မဏိပူရဘဏ်ကြီးအနှောင့်အယှက်ကို အမြန်ဆုံးဖော်ထုတ်ပေးနိုင်တာ ဟာ နိုင်ငံရဲ့ဂုဏ်သိက္ခာပိုင်းကိုပါ ပြန်ပြီး မြှင့်တင်ပေးလိုက်တာပါ။ ဒါပေမဲ့ ခက်နေတာက သတင်းစာရှင်းလင်းပွဲလုပ်လိုက်တာနဲ့ ဒေါ်ကျင်ဖုန်းဇော်ကို လွှတ်မြောက်ဖို့အခွင့်အရေးပေးလိုက်သလိုဖြစ် နေမှာသေချာတယ်"

"ဟုတ်ပါတယ် ရဲချုပ်ကြီး၊ အမှုကိုဆက်ပြီး ဖော်ထုတ်ဖို့ဆို တာကလည်း ကိုယ့်နိုင်ငံထဲမှာ မဟုတ်တော့ ကျွန်တော်တို့ဘက်က ဘယ်လိုမှကြိုးစားလို့မရနိုင်ဘူး"

"အင်း... ကျုပ်လူကြီးတွေနဲ့စကားပြောပြီး တရုတ်ပြည်ဘက် ကိုဆက်ပြီး သွားနိုင်ဖို့ကို ကြိုးစားကြည့်ချင်သေးတယ်"

"ရဲချုပ်ကြီး ခွင့်ပြုမှုရအောင်လို့ကြိုးစားကြည့်ပါ၊ ကျွန်တော် တို့ဘက်က ဘယ်လိုနေရာဖြစ်ဖြစ် သွားဖို့ဝန်မလေးပါဘူး"

"ကျုပ်လူတွေရဲ့သတ္တိနဲ့အရည်အချင်းကိုယုံပါတယ်၊ လူကြီး တွေဆီက ခွင့်ပြုချက်ကိုရအောင်ကြိုးစားရမှာပဲ၊ ဪ... ဆရာဒီပါတို့





နှစ်ဦးကို မဏိပူရဘဏ်ပိုင်ရှင် ဟောင်ကောင်ပိုင်က ဂုဏ်ပြုပွဲလုပ်ဖို့ ဖိတ်ထားတာ သွားလိုက်ပါဦး"

"ဟုတ်ကဲ့ ရဲချုပ်ကြီး"

ရဲချုပ်ကြီး ရုံးခန်းထဲမှ ထွက်လာကြပြီးနောက်

"ဒီဂုဏ်ပြုပွဲကို သိပ်ပြီး ဘဝင်မကျဘူး"

"ဘာဖြစ်လို့လဲ"

"ငါတို့က အဓိကကျတဲ့ ခေါင်းဆောင်တွေကို မဖော်ထုတ် နိုင်သေးဘူး"

"ဘယ်လိုပဲဖြစ်ဖြစ်၊ သွားရမှာ ဒို့တာဝန်ပဲ၊ တစ်ခါတည်း သွား မလား"

"သွားမယ်ကွာ"

ဌာနချုပ်ထဲမှ ကားတစ်စီးနှင့်ထွက်လာခဲ့ကြတော့သည်။

"ငါ့အထင် တစ်ခု ပြောရရင် တရုတ်ပြည်ဘက်က ငါ တို့ ဝင်ရောက်မှုကို ခွင့်ပြုမှာတော့ မဟုတ်ဘူးကွ"

"သိပ်ပြီးသေချာတာပေါ့ကွာ၊ သူတို့ထောက်လှမ်းရေးတပ်ဖွဲ့ ကပဲ ဆက်ပြီးဖော်ထုတ်ချင် ဖော်ထုတ်မယ်၊ ကောင်းဝီလျံအတွက်တွေ ပေးဖို့ကလည်း သူ့ကို ဘယ်လိုပုံစံနဲ့ လွှဲပေးရမလဲ မသိဘူးဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူ့ရဲ့နောက်ကြောင်းက ပျောက်နေပြီ"

"စိတ်ဝင်စားဖို့ကောင်းတာက ကောင်းဒီလုံအစစ်မဟုတ်ဘဲ ဘာလို့ ဘဏ်တိုက်တံခါးကြီးကို ဖွင့်လို့ရတာလဲ၊ ဒီအဖြေကို ခုထိ ငါတို့ မသိရသေးဘူး"

"ငါမကျေနပ်ဆုံးကိစ္စတွေထဲမှာ ဒါတွေလည်းပါတယ်၊ မဏိပူရဘဏ်ကြီးအမှုကို ဖော်ထုတ်လို့ရတယ်သာ ပြောတာ၊ တကယ် အဓိကကျတဲ့ကိစ္စတွေကို မဖော်ထုတ်နိုင်သေးဘူး"

"ဟူး..."

မဏိပူရဘဏ်ဝန်းထဲသို့ ကားမောင်းဝင်လာခဲ့လေသည်။

"လာကြကွာ..ဆရာဒီပါတို့ကို စောင့်နေတာ"

မန်နေဂျာချုပ် ဦးလက်ျာခေါင်က လာရောက်ပြီး ဆီးကြိုကာ ဧည့်ခံပွဲရှိရာသို့ ခေါ်ဆောင်သွားကြသည်။

"သူဌေး...သူတို့က ဘဏ်အနုကြမ်းစီးမှုကို ဖော်ထုတ်ပေးခဲ့ကြတဲ့ စုံထောက်ရာဇာဒီပါနဲ့ ကျော်စွာ"

"တွေ့ရတာ ဝမ်းသာပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်၊ ဒါပေမဲ့ ဘဏ်တိုက်တံခါးမကြီးကို ပွင့်အောင်ဖွင့်နိုင်တဲ့ ဖော်ထုတ်မှုကို မသိရတာ စိတ်မကောင်းပါဘူး"





"ဟင်.."

ဘဏ်တိုက်ပိုင်ရှင်ဟောက်ရှီပိုင်ရဲ့စကားက ရာဇာဒီပါတို့ကို ခပ်လှောင်လှောင်ကလေး ပြောလိုက်သလိုဖြစ်သွားသည်။

"မြန်မာပြည်က အနုကြမ်းစီးတဲ့ကောင်တွေကလည်း ခပ်ညံ့ညံ့ထင်တာပဲ၊ တစ်ယောက်မိရင် အကုန်မိသလိုဖြစ်နေတာ၊ ဘယ်လိုပဲ ဖြစ်ဖြစ် မင်းတို့နှစ်ယောက်ရဲ့ စွမ်းဆောင်ချက်ကကောင်းပါတယ်၊ သုံးဆောင်လိုက်ပါဦး..မန်နေဂျာချုပ်"

"ပြောပါသူဌေး"

"သူတို့နှစ်ယောက်အတွက် ဘောက်ဆူးလေး လုပ်ပေးလိုက်ပါဦး၊ ကျုပ်ဟိုဘက်မှာ စကားသွားပြီးပြောလိုက်ဦးမယ်"

"ဟုတ်ကဲ့"

ရာဇာဒီပါ စိတ်ထဲတွင် ခံပြင်းသွားသည်။

"အန်ကယ်ကျွန်တော်တို့ကို ဘာဘောက်ဆူးမှ မပေးပါနဲ့"

"ငါသဘောပေါက်တယ် ဒီပါ၊ ငါက ထောက်လှမ်းရေးတပ်ကနေ လာခဲ့တဲ့ကောင်ပါကွ၊ သက်သက်စော်ကားသွားတာ"

"ပွဲစဉ်က မပြီးသေးပါဘူး"

"ရဲချုပ်ကြီးတော့ ခုမှပိုပြီး ခေါင်းရှုပ်နေပြီကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲအန်ကယ်"

"ဘာဖြစ်ရမလဲ၊ ဟောက်ရှီပိုင်က သတင်းစာရှင်းလင်းပွဲကို သူမပြန်ခင် လုပ်ပေးဖို့တောင်းဆိုနေတယ်"

"ဟာဗျာ.. ရှင်းလို့မှ မရသေးတာကို သူသဘောပေါက်သင့်တာပေါ့"

"ရာဇာဒီပါ အန်ကယ်အမြင်တစ်ခုကိုပြောပြချင်တယ်"

"ဟုတ်ကဲ့ ပြောပါ"

"မဂ်ိပူရဘက်ပိုင်ရှင်က သဘောမပေါက်လို့မဟုတ်ဘူး၊ သဘောပေါက်တာမှ တစ်ဖက်ကိုလွန်နေတယ်။ ဒါတမင် သက်သက် ထောင်ချောက်တစ်ခုထဲကို တွန်းပို့ပေးနေတာကွ"

"အန်ကယ် ဟောက်ရှီပိုင်ဟာ ရိုးသားခြင်းကင်းမဲ့တဲ့ သဘောကိုဆောင်ခြင်းဟာ သူ့မှာ ရည်ရွယ်ချက်တစ်ခုတော့ရှိနေပြီ"

"သိပ်ဟုတ်တာပေါ့ ရာဇာဒီပါရဲ့ ဘယ်လိုရည်ရွယ်ချက်လဲဆိုတာကိုတော့ မသိဘူး၊ မရိုးသားတာတော့ အမှန်ပဲကွ"

"ရှန်ဟိုင်းထဲကို ဝင်ဖို့တော့ ရဲချုပ်ကြီး ကြိုးစားနေတယ်"

"မရနိုင်ပါဘူး"

"ဘာလို့လဲအန်ကယ်"





"ရှန်ဟိုင်းပြည်နယ်အုပ်ချုပ်ရေးမှူးက ဟောက်ရှီပိုင် ယောက်ဖကွ၊ မင်းတို့ကို တရားဝင် ခွင့်ပြုမှုကို သူ့ဘက်က တားဆီးမှာပဲ၊ အေးမင်းတို့ဝင်ရင်တော့ တခြားနည်းနဲ့ပဲ ဝင်ရမယ်၊ ကိုယ့်ဘက်က အကောင်အထည်ဖော်နိုင်ပြီဆိုမှ တရားဝင် သတင်းစာရှင်းလင်းပွဲကို လုပ်ပြလိုက်"

"ရဲချုပ်ကြီး ခွင့်ပြုရင်ကောင်းမယ်"

"ခွင့်ပြုမှာပါ... ရာဇာဒီပါ"

"ဟုတ်ကဲ့.. ပြောပါအန်ကယ်"

"မင်းတို့ရှန်ဟိုင်းဘက်ကိုဝင်တော့မယ်ဆိုရင် အန်ကယ့်ကို ယုံကြည်စွာနဲ့ အသိပေးပါ၊ မင်းတို့ကို ကူညီနိုင်မယ့်ကိစ္စတွေကို အန်ကယ်ကူညီမယ်"

"ကျေးဇူးတင်ပါတယ်"

"ကျေးဇူးစကားမပြောနဲ့ ရာဇာဒီပါ၊ ကိုယ့်တိုင်းပြည်ပေါ်မှာ အထင်သေးတဲ့ တခြားတိုင်းတစ်ပါးသားတွေကို ငါတို့ ဘာလဲဆိုတာ သိအောင်တော့ လုပ်ပြရမှာပေါ့ကွာ.."

ဟောက်ရှီပိုင် ဧည့်ခံသော စားသောက်စရာတွေကို အားမက်တဲ့ ကျော်စွာတစ်ယောက် တစ်ဇွန်းမှ မစားဘဲ ပြန်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျော်စွာ မင်းရော ဘယ်လိုသဘောရလဲ"

"မင်းသွားတဲ့ခရီးမှာ ငါမလိုက်ရင် ရာဇဝင်ရိုင်းသွားမှာပေါ့၊ ခုတော့ ဟိုလူ ပောက်ရှိုပိုင်ရဲ့အပြုအမူကို ပြန်တွေးပြီး ဒေါသတွေ ထွက်မိတယ်ကွ"

"ပွဲသိမ်းတော့မှ စကားပြောကြတာပေါ့ကွာ"

* * *

## အခန်း ◀◀ ၁၄ ▶▶

တရုတ်ပြည် ရှန်ဟိုင်းလေဆိပ်သို့ လေယာဉ်ကြီး ဆိုက်ပြီးနောက်ရာဇာဒီပါနှင့်ကျော်စွာတို့လေယာဉ်ကြီးပေါ်မှဆင်းလာခဲ့ကြသည်။

လေယာဉ်ကွင်းမှ အပြင်သို့ထွက်ပြီး အငှားကားတစ်စီးနှင့် ဟိုတယ်တစ်ခုသို့လာခဲ့ကြရင်း ရဲချုပ်ကြီးပြောလိုက်သောစကားတွေကိုပြန်ပြီးကြားယောင်မိသည်။

"ကျုပ် လူကြီးတွေနဲ့ စကားပြောတော့ ရှန်ဟိုင်းထဲကိုဝင်ပြီး လှုပ်ရှားဖို့ခွင့်မပြုဘူး၊ ခွင့်မပြုတာကလည်း သူတို့တိုင်းပြည်ထဲက



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စကို သူတို့ကိုပဲ တာဝန်ပေးချင်တဲ့သဘောသာဖြစ်တယ်၊ ကိုယ့်ဘက်ကဝင်ပြီး လှုပ်ရှားတာဟာ သူတို့ဂုဏ်သိက္ခာကို စော်ကားသလို မဖြစ်စေချင်ဘူး၊ ကိုယ့်တိုင်းပြည်ဘက်က ဖော်ထုတ်ပေးနိုင်တာကို ဖော်ထုတ်ပေးပြီးပြီ၊ ကျန်တာတွေကို သူတို့ဘက်ကပဲ ဆက်ပြီးဖော်ထုတ်ခိုင်းလိုက်တယ်၊ ဒါက လူကြီးတွေရဲ့ဆန္ဒ... ကျုပ်အနေနဲ့ သိပ်ပြီး ဘဝင်မကျဘူးဆိုတာက ဟိုမှာ အဖမ်းခံထားရတဲ့ ကိုယ့်မြန်မာပြည်သားတစ်ယောက်နဲ့ ကျုပ်တို့လက်ထဲမှာရှိနေတဲ့ကောင်းဗီလျံအတုကို ဆက်ပြီးဖော်ထုတ်ပေးချင်တယ်လေ၊ ဒါမှ ကိုယ့်ဘက်က ရှင်းလင်းပွဲကို ဝံ့ဝံ့ကြွားကြွားလုပ်နိုင်မယ်ဆိုတာကိုတော့ တင်ပြခဲ့တယ်၊ ဒီတော့မှ လူကြီးတွေဆီက အလွတ်သဘော ခွင့်ပြုမှုတစ်ခုကို ရတယ်၊ ဒါက ဘာလဲဆိုတော့ ဆရာဒီပါတို့ နှစ်ယောက်ကို တရုတ်ပြည် ရှန်ဟိုင်းကို တိုးရစ်ဗီဇာနဲ့ အလည်သက်သက်သွားပြီး လှုပ်ရှားဖို့ပဲ။ ရက်က သိပ်ပြီး မရဘူး (၃) ရက်အတွင်း လှုပ်ရှားရမှာ...နော်"

"ဟုတ်ကဲ့... ကျွန်တော်တို့ရတဲ့ (၃) ရက်အတွင်းမှာ အစွမ်းကုန် ကြိုးစားခဲ့ပါ့မယ်"

"တစ်ခုတော့ သတိထားရမှာက ကိုယ့်ဘက်က အမှားအယွင်းတော့မဖြစ်စေကြနဲ့နော်"





"စိတ်ချပါရဲချုပ်ကြီး"

ရဲချုပ်ကြီးရဲ့ယုံကြည်မှုတွေနဲ့ တိုင်းပြည်ရဲ့ဂုဏ်သိက္ခာပိုင်းအတွက် ရာဇာဒီပါတို့တရုတ်ပြည် ရှန်ဟိုင်းပြည်နယ်သို့ရောက်ရှိခဲ့ရပြီဖြစ်သည်။ ရှန်ဟိုင်းပြည်နယ်ထဲကိုရောက်ခဲ့ပေမဲ့ နယ်မြေနဲ့ ပတ်သက်ပြီး ဘာကိုမှ မကျွမ်းကျင်ကြပေ။

တည်းခိုမည့်ဟိုတယ်ထဲသို့အငှားကားမောင်းပြီးဝင်လာစဉ် နောက်ဘက်မှ ဆိုင်ကယ်တစ်စီးလိုက်လာတာကိုတွေ့လိုက်ရသည်။

ဟိုတယ်ကောင်တာတွင် တည်းခိုဖို့အတွက် စကားပြောနေစဉ် ဆိုင်ကယ်သမားက ရာဇာဒီပါတို့နှစ်ယောက်ကိုအနီးကပ်ကြည့်ပြီးနောက် ဟိုတယ်ဝန်ထမ်းကောင်လေးကို စကားကပ်ပြီး ပြောတာကို သတိပြုမိလိုက်ကြသည်။ ဟိုတယ်အခန်းသို့ရောက် သည်နှင့်

"ကျော်စွာ... မင်းငါတို့ဟိုတယ်ထဲကို ဝင်တုန်းက သတိပြုမိလိုက်တယ်မဟုတ်လား"

"ပြုမိလိုက်တာပေါ့ကွာ၊ ဆိုင်ကယ်သမားလိုက်လာပြီး လေ့လာတာလေ"

"ဒီကောင်က ရှန်ဟိုင်းပုလိပ်တစ်ဦးကွ"

"မင်းဘာကိုသတိပြုမိလိုက်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတယ်ဝန်ထမ်းကောင်လေးရဲ့ ဆက်ဆံပုံကိုကြည့်ပြီး ပြောနိုင်တာ"

"ငါတို့ရှန်ဟိုင်းကိုလာတာကိုဘယ်သူမှမသိနိုင်ပါဘူး၊ သိတဲ့သူဆိုလို့ဦးလက်ျာခေါင်ပဲရှိတာ"

"သတင်းပေါက်သွားလို့ သိတာမဟုတ်ဘူးကွ၊ ဒီကောင် မြန်မာနဲ့ပတ်သက်ပြီးတစ်ခုခုကြောင့်သံသယနဲ့လိုက်လာတာဖြစ်မယ်"

"ဒေါက်...ဒေါက်..ဒေါက်.."

"ဟင်.."

အခန်းတံခါးကိုလာပြီးခေါက်တာကြောင့်ကျော်စွာ အခန်းတံခါးကိုဖွင့်ပေးလိုက်တော့ရှန်ဟိုင်းပုလိပ်အရာရှိနှင့်ထောက်လှမ်းရေး အရာရှိတွေကိုတွေ့လိုက်ရသည်။

"ဘာကိစ္စများလဲ"

"ခင်ဗျားတို့ပတ်(စ်)ပို့တွေကိုစစ်ချင်လို့ပါ"

"ရပါတယ်"

ရာဇာဒီပါ သူတို့ပတ်(စ်)ပို့တွေကို ထုတ်ပြလိုက်သည်။

"စိတ်မရှိပါနဲ့ဗျာ၊ သိပ်မကြာခင်က နယ်စပ်ကနေ ရှန်ဟိုင်းကို မြန်မာနှစ်ဦး ခိုးဝင်လာလို့ပါ၊ တောင်းပန်ပါတယ်"





"ရပါတယ်"

ပြန်ပြီးထွက်သွားပြီးနောက်တွင်

"ကျော်စွာ"

"ဘာများလဲဒီပါ"

"သူတို့ပြောတဲ့စကားတွေကိုမင်းယုံလား"

"မင်းကရော"

"ငါကမယုံဘူး"

"ဒါဆိုဘာသဘောလဲ"

"ငါတို့ဘယ်သူတွေဆိုတာကိုလာပြီးကြည့်တာကွ၊ ကျော်စွာရေ ငါတို့နှစ်ယောက်တော့ အန္တရာယ်နယ်မြေကိုရောက်နေပြီဆိုတာ တော့ သဘောပေါက်လိုက်တော့ဟေ့၊ ခုဖြစ်ပေါ်နေတဲ့ကိစ္စတွေဟာ မဏိပူရဘဏ်ပိုင်ရှင် ဟောက်ရှီပိုင်ရဲ့လက်ချက်တွေကွ"

"ငါတို့လာတာကိုသူသိသွားတယ်ပေါ့"

"သိလို့မဟုတ်ဘူး၊ ငါတို့ ရှန်ဟိုင်းကိုလာမယ်ဆိုတာကို သူက တွက်ချက်ထားတာကွ၊ ငါတို့ဓာတ်ပုံတွေကို ခိုးရိုက်ပြီး ပို့ထား တာဖြစ်ဖို့များတယ်၊ ဒါကြောင့် သူ့ယောက်ဖပြည်နယ် အုပ်ချုပ်ရေးမှူး ကိုအကြောင်းကြားပြီးထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီပါ.. ဒါဆို ငါတို့ကို အန္တရာယ်ပြုမယ့်သူက ပုလိပ်တွေနဲ့ ထောက်လှမ်းရေးတွေပေါ့"

"ဖြစ်နိုင်တယ်၊ ဘယ်လိုပုံစံမျိုးနဲ့ရှင်းမယ်ဆိုတာတော့ မပြောတတ်ဘူး"

"ဦးလက်ျာခေါင်ဆက်သွယ်နိုင်းတဲ့သူဆီကို ဘယ်တော့ဆက်သွယ်မလဲ"

"ငါတို့အဝင်အထွက်ကို ဒီကောင်တွေ စောင့်ကြည့်မှာသေချာတယ်ကျော်စွာ၊ ရှန်ဟိုင်းထောက်လှမ်းရေးနဲ့ငါတို့က အားပြိုင်ရတော့မှာပဲဟေ့"

"ဘယ်လိုဟိုတယ်က ထွက်မလဲ"

"တစ်ရေးအိပ်ငိုက်ပြီးမှ စဉ်းစားတာပေါ့ကွာ"

"မအိပ်ခင် ရေချိုးလိုက်ဦးမယ်ဟေ့"

"သွားချိုးချည်၊ ငါအောက်ကို ခဏဆင်းလိုက်ဦးမယ်"

ကျော်စွာကို ထားခဲ့ပြီး ရာဇာဒီပါ အောက်ကို ဆင်းလာခဲ့သည်။ အောက်ထပ်တွင် ရာဇာဒီပါတို့ကို စောင့်ကြည့်နေတဲ့သူ (၃)ယောက်လောက်ကိုတွေ့နေရပေမယ့် မသိကျိုးကျွန်ပြုပြီး အပြင်ဘက်သို့ ထွက်လာခဲ့သည်။ အပြင်ဘက် စတိုးဆိုင်တစ်ဆိုင်ထဲသို့





ဝင်တော့ နောက်မှ နှစ်ယောက် လိုက်ပြီးဝင်လာသည်။ စတိုးဆိုင်ကြီးမှာ ခန်းမကြီးတစ်ခုလို အခန်းများစွာနှင့်ဖွင့်ထားသော စတိုးဆိုင်ကြီးဖြစ်၏။ စတိုးဆိုင်ထဲတွင် တယ်လီဖုန်း၊ အဝတ်အထည်နှင့် ကက်ဆက်တီဗီ မျိုးစုံကို ရောင်းသောဆိုင်ကြီးဖြစ်သည်။ ရာဇာဒီပါ စတိုးဆိုင်ကြီးထဲကို လာရတဲ့အကြောင်းက ကတ်နှင့်ဆက်ရသော ဟန်းဖုန်းကို ဝယ်ဖို့ ဖြစ်သည်။ နောက်မှ လိုက်လာသူတွေက ထက်ကြပ်မကွာ လိုက်နေတာကြောင့် မျက်ခြည်ဖြတ်ဖို့ကိုတွေးလိုက်သည်။

"ဟုတ်ပြီ"

ကလေးအရုပ်မျိုးစုံ ရောင်းသောအခန်းထဲသို့ ဝင်လိုက်ပြီး အရုပ်တွေကြားထဲမှာ ပုန်းနေလိုက်သည်။ နောက်မှ လိုက်လာသူနှစ်ယောက် အရုပ်တွေကြားထဲကိုဝင်ပြီး ရှာဖို့လုပ်တော့ ရာဇာဒီပါ ပုန်းနေသောနေရာတွင် လျှပ်စစ်မီးကြိုးနှစ်ခုကို ဖြတ်ပြီး အနီးကပ် ကလေးထားကာ အရုပ်ကြားထဲမှ ထွက်လာသည်။ ဒီတော့မှ နောက်ကလိုက်နေတဲ့ နှစ်ယောက်တွေ့သွားပြီး မသိချင်ယောင်ဆောင် ကာနေလိုက်ကြသည်။

"ဖျတ်...ဖျတ်.."

"ဟာ...ဟင်...အို.."



www.burmeseclassic.com

www.burmeseclassic.com



ခတ်ကြိုး(၂)ချောင်းကို ရှော့ရိုက်ပြီးအခန်းထဲမှ မီးချောင်းတွေ မှိတ်လိုက်ပွင့်လိုက်ဖြစ်ကုန်သလို ဈေးဝယ်သူတွေ ရုတ်ရုပ်သဲသဲ ဖြစ်ကာ အော်ဟစ်ပြေးလွှားကုန်ကြသည်။ ရာဇာဒီပါ လူတွေကြားထဲမှ တိုးဝှေ့ပြီး အပေါက်ဝဆီသို့ ဦးအောင်ထွက်ကာ နောက်မှလိုက်နေသူတွေကို လူတွေကြားထဲမှာ ထားရစ်ခဲ့တော့သည်။

ကတ်နှင့်ဟန်းဖုန်းဆိုင်ဘက်တန်းကို အမြန်ဆုံးလာခဲ့ပြီး နာရီနှင့်သုံးရသော ဟန်းဖုန်းတစ်လုံးကို ဝယ်ယူကာ စတိုးဆိုင်ကြီးထဲမှ ခပ်အေးအေးပဲ ထွက်လာသည်။ ရာဇာဒီပါ ဟိုတယ်ဘက်သို့ရောက်မှ နောက်က လိုက်တဲ့နှစ်ယောက် သွက်လှသော ခြေလှမ်းတွေဖြင့် လိုက်လာကြတော့သည်။ ရာဇာဒီပါ အခန်းသို့ပြန်ရောက်တော့

"မင်းဘယ်ကိုသွားတာလဲ"

"ဒီမှာ ဟန်းဖုန်းသွားပြီး ဝယ်တာကွ"

"ဒီကောင်တွေ မသိလိုက်ဘူးလား"

"သိလို့မဖြစ်ဘူးလေ၊ နည်းနည်းလောက် ပညာပေးပြီး ဝယ်ခဲ့တာကွ"

"မင်းကတော့ ရောက်တာနဲ့ ပညာခန်းကသုံးပြီ"

"မသုံးလို့မရဘူး ကျော်စွာရေ၊ နောက်ဆို ဒီထက်ပိုပြီး သုံးရ





မှာပဲ၊ ရေချိုးလိုက်ဦးမယ်ဟေ့.."

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ◀◀ ၁၅ ▶▶

ဦးလက်ျာခေါင် ဆက်သွယ်နိုင်းသော ဝီလိုင်ဆိုသူထံကို ဖုန်းဖြင့်ဆက်သွယ်လိုက်ပြီး သူတို့အခြေအနေကို ပြောပြလိုက်သည်။

"ဘာမှမပူနဲ့၊ ဆရာခေါင်က ခုလေးတင်ကျုပ်ဆီကိုဖုန်းဆက်ပြီး ခင်ဗျားတို့ကို ကူညီဖို့ပြောထားတယ်၊ ခင်ဗျားတို့ ထွက်တာနဲ့ ဒီကောင်တွေ ပါလာမှာ သေချာတယ်၊ ကျုပ်ရအောင် လာခေါ်မယ် စောင့်နေကြ"

ဝီလိုင်ကို သူတို့တည်းခိုတဲ့ ဟိုတယ်နှင့်အခန်းနံပါတ်ကို ပြောပြလိုက်သည်။

"ဝီလိုင်က တရုတ်လူမျိုးဆိုပေမယ့်မြန်မာပြည်ပေါက်ကွ"





"ဦးလက်ျာခေါင်နဲ့ ဘယ်လိုပတ်သက်တာလဲ"

"ဦးလက်ျာခေါင် ထောက်လှမ်းရေးတပ်မှာ တာဝန်ယူတုန်းက နယ်စပ်ဘက်မှာ ဝီလိုင်အသက်ကို ကယ်ပေးခဲ့ဘူးတယ်လေ၊ နောက်ပိုင်း ဝီလိုင်က တရုတ်ပြည်ကို ပြောင်းရွှေ့ပြီး ရှန်ဟိုင်းဘက်မှာ စီးပွားရေးလုပ်နေတာ ခုအ ဆင်ပြေတယ်လို့ပြောတာပဲ၊ တရုတ်ဆိုပေမဲ့မြန်မာလူမျိုးပေါ်မှာ သံယောဇဉ်ကြီးတယ်"

"မြန်မာစိတ်ရှိတယ် ဆိုပါတော့ကွာ"

"ဟုတ်တယ်၊ ဒါကြောင့် ဦးလက်ျာခေါင်က ဝီလိုင်ကို မဖြစ်မနေ ဆက်သွယ်ဖို့မှာလိုက်တာ"

"ဘယ်လိုပုံစံနဲ့ ငါတို့ကိုခေါ်ထုတ်မလဲမသိဘူးနော်"

"စောင့်ကြည့်ရမှာပေါ့ကွာ"

ရာဇာဒီပါတို့ ခုတင်ပေါ်တွင် ဝီလိုင်ဆိုသူကိုစောင့်ရင်း လှဲနေလိုက်ကြပြီး သိပ်မကြာလိုက်

"ဒေါက်...ဒေါက်..ဒေါက်.."

"ဟင်..လာပြန်ပြီ၊ ဘာတွေ စစ်ဆေးဦးမလဲမသိဘူး"

ရာဇာဒီပါ ဟန်းဖုန်းကို သေချာစွာပိတ်လိုက်ပြီး ကျော်စွာ တံခါးဆီကိုသွားကာ ဖွင့်ပေးလိုက်သည်။ ကျော်စွာတွေ့လိုက်ရသူတွေ



www.burmeseclassic.com

www.burmeseclassic.com



ကဟိုတယ်ဝန်ထမ်း(၃)ဦးဖြစ်နေသည်။ အခန်းထဲသို့ဝင်ခဲ့ပြီး

"ဇီလိုင်ဆိုတာကျုပ်ပဲ" ဲ

"ဩော်..ဟုတ်ကဲ့၊ ကျွန်တော်က ရာဇာဒီပါ"

တစ်ယောက်နဲ့တစ်ယောက် အသိအမှတ်ပြုလက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

"ကိုရာဇာဒီပါ၊ ဟိုတယ်သန့်ရှင်းရေး ဝတ်စုံလဲပြီး ကျုပ်နောက်ကလိုက်ခဲ့ကြတော့"

"ကောင်းပြီ"

"မင်းတို့(၂)ယောက်ကတော့ အဆင်ပြေသလို လိုက်ခဲ့ကြတော့၊

ဇီလိုင် သူ့ကောင်တွေကိုမှာပြီးရာဇာဒီပါတို့နှင့်ထွက်လာခဲ့ကြသည်။

"ကျုပ်တို့ကို စောင့်ကြည့်နေကြတယ်၊ ပုံစံမပျက်သွားကြမယ်"

ရာဇာဒီပါတို့ အခန်းထဲတွင် ဇီလိုင် လူတွေနှင့် ဝတ်စုံလဲပြီး ထွက်လာကာကို အပြင်တွင်စောင့်ကြည့်နေကြသူတွေ သတိမပြုမိလိုက်ပေ။ ဟိုတယ်၏ အနောက်ဘက် သန့်ရှင်းရေးပစ္စည်းတွေ





ထားသောနေရာသို့ရောက်တော့မှစွန့်ပစ်စက္ကူပုံးတွေကိုပခုံးပေါ်တင်ပြီး ထွက်လာခဲ့ကြသည်။ သန့်ရှင်းရေးကားဆီသို့ရောက်တော့မှ ကားမောင်းထွက်ခဲ့ကြသည်။ ဇီလိုင် ရာဇာဒီပါတို့ကို ဘယ်ကို ခေါ်ဆောင်သွားသည်ကိုတော့မသိ။

"ကျုပ်တို့အချိန်သိပ်ပြီးမရဘူးဇီလိုင်"

"အရင်ဆုံးဘာလုပ်ချင်လဲ"

"ဒီဓာတ်ပုံထဲက လူရဲ့နောက်ကြောင်းကိုသိချင်တယ်"

ရာဇာဒီပါ သူ့အိတ်ကပ်ထဲမှ ဓာတ်ပုံကိုထုတ်ပြလိုက်သည်။

"ဟင်.. ဓာတ်ပုံထဲက လူကိုတော့မသိဘူး၊ သိ[illegible]ခဲ့လူကိုတော့ကျုပ်သိတယ်။ ကဲပါအပေါ်က သန့်ရှင်းရေးသမား ဝတ်စုံတွေကိုချွတ်လိုက်ပါဦး"

ဇီလိုင်မောင်းလာသောကားလေးမှာ တရုတ်ဘုံကျောင်းတစ်ခုထဲသို့ မောင်းဝင်လာခဲ့ကြပြီးနောက် ဘုံကျောင်းကြီးရှေ့တွင် ထိုးရပ်လိုက်သည်။

"ဟေ့..လူးလူး.."

"ဟာ..ဆရာ"

ဘုံကျောင်းထဲမှ လူငယ်တစ်ယောက်ကို ဇီလိုင် လှမ်းခေါ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး...

"မင်းတို့ဆရာ ချူး..ရှိလား"

"ရှိပါတယ်ဆရာ၊ အထဲမှာ တီဗီဂိမ်းကစားနေတယ်၊ ဆရာ ဝင်သွားလိုက်လေ"

"ဝင်မလာနဲ့ ငါအပေါက်ဝကို ရောက်နေပြီ"

"မှတ်ဆိတ်မွေးအရှည် ဆံပင်ဒေါ့ချောင်ထုံးကြီးနှင့် တရုတ်ကြီးတစ်ယောက်ကို ရာဇာဒီပါတို့တွေ့ ရိုက်ကြသည်။

ဝီ..မင်း...ငါ့ကိုဘာတွေလဲ့ာပြီး အပူကပ်ဦးမလို့လဲ၊ မင်းကို ကြည့်ရတာ သန့်ရှင်းရေးကားကြီးနဲ့၊ မဟုတ်တာတွေ လုပ်လာပြန်ပြီ နဲ့တူတယ်၊ ကဲ...ဧည့်သည်တွေကို ဧည့်ခန်းဘက်ကို ခေါ်ခဲ့ကြ"

တရုတ်အဘိုးကြီး ချူး ရာဇာဒီပါတို့ကို ဧည့်ခန်းတွင် တရုတ်ရိုးရာထုံးစံအတိုင်း အခါးရည်နှင့် ဧည့်ခံလေသည်။ သောက်လေ့သောက်ထ မရှိတာကြောင့် မနည်းပင် မျိုချရသည်။

"ကဲ...ဝီ...ဘာကူညီပေးရမလဲ၊ သူတို့ဘယ်သူဆိုတာကို မိတ်ဆက်ပေးဦး"

ဝီလိုင် ရာဇာဒီပါတို့ကို အမှန်တိုင်းပင် မိတ်ဆက်ပေးလိုက်သည်။





"အင်း...မြန်မာပြည်ရဲ့ သူရဲကောင်းတွေပဲ၊ ကဲ...ဆို.."

ရာဇာဒီပါ.....ကောင်းဝီလျံအတုဓာတ်ပုံကိုထုတ်ပြလိုက်သည်။

"ဒီခွေးကောင်ပဲ၊ သောက်ကျင့်ကောင်းတဲ့ကောင် မဟုတ်ဘူး၊ ပုလိပ်တွေနဲ့ ပေါင်းပြီးလုပ်စားနေကြတာ၊ ဒီကောင့်အမည်ရင်းက ချောင်းဝီလျံ၊ ကောင်းဝီလျံရဲ့ ညီပေါ့၊ အမွှာညီအစ်ကိုတွေတော့ မဟုတ်ဘူး၊ ရုပ်ချင်းဆင်ကြတာပါ၊ ကိုယ်ကျင့်တရားချင်းကတော့ မတူဘူး၊ စရိုက်ချင်းလည်း ကွဲပြားတယ်၊ လူကောင်းနဲ့ လူယုတ်မာပဲလေ၊ ကောင်းဝီလျံက စိတ်ထားကောင်းမွန်ပြီး လူသားချင်း စာနာမှုအလုပ်တွေကို လုပ်ကိုင်တယ်၊ ချောင်းဝီလျံဆိုတဲ့ကောင်ကတော့ ဝိသမလောဘကောင်၊ ကောင်းဝီလျံက ကားချင်းတိုက်မိပြီးသေဆုံးသွားခဲ့တယ်၊ သေတာတောင် သူ့ခမျာ အဂ်ါမစုံဘဲ မြေမြှုပ်ခံခဲ့ရတာ"

"ဘာဖြစ်လို့လဲ ချူး.."

"ဘာဖြစ်ရမလဲကွ၊ ငါက ဒီတုန်းက ကောင်းဝီလျံရဲ့ ဘယ်ဘက်မျက်လုံးကို ရေခဲတိုက်မှာ ထုတ်ပေးခဲ့ရတယ်ဖလ၊ ငါက ငွေပေါပေါရတာနဲ့ မလုပ်သင့်တာကို လုပ်ပေးခဲ့တယ်"

"ဘယ်သူခိုင်းတာလဲ"

"သူဌေးငမွဲပေါက်ရှိပိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့သူ့ကို သူဌေးငမွဲလို့ခေါ်တာလဲ"

"ဒီကောင် မြင်းပွဲတွေ ရှုံးထားတယ်၊ အကြွေးတွေက လည်ပင်းကိုရောက်နေပြီကွ၊ ဒါကြောင့် သူဌေးအမည်ခံ ငမွဲလို့ပြော တာ၊ ဒီကောင့်မယားငယ်တောင် ပျောက်နေတာကြာပြီ"

"ဘယ်သူလဲ"

"ဝီ... မင်းနဲ့ကွာ.. တုံးပါပေ့၊ ဟိုကျင်ဖုန်းစောလေ.."

"ဟင်.."

ရာဇာဒီပါအခြေအနေကိုသဘောပေါက်လိုက်ပြီဖြစ်သည်။

"မင်းတို့က နောက်ဘာသိချင်သေးလဲ၊ ငါသိတာဆိုအကုန် သိရမှာပဲ"

"ကျင်ဖုန်းစောကို ကျွန်တော်တို့ မြန်မာပြည်မှာ မိထားပါ တယ်၊ ကျင်ဖုန်းစောအမည်နဲ့တော့ မဟုတ်ဘူး၊ သူ့အစ်မ ခင်ဖုန်းစော အမည်နဲ့ဖြစ်နေပြီ၊ သူက သူ့ကိုယ်သူ ခုတိ ခင်ဖုန်းစော အမည်နဲ့ပဲ ခေါင်းမာနေလို့သက်သေရှာဖို့ထွက်လာတာပါ၊ ပြီးတော့ ခင်စောဖုန်း ကို သူတို့ဖမ်းထားတယ်"

"ခင်ဖုန်းစောဆိုတဲ့နာမည်ကိုတော့ ကြားဖူးတယ်၊ သူက တရုတ်ပြည်ရေကြီးတုန်းက ကယ်ဆယ်ရေးကိစ္စတွေနဲ့လာခဲ့ဖူးတယ်၊





မင်းတို့ကိုကောင်းဝီလျံရဲ့နောက်ကြောင်းရော၊ ကျင်ဖုန်းစောဆိုတာကို ခွဲထုတ်လို့ရတဲ့သက်သေတွေကိုငါထည့်ပေးလိုက်မယ်၊ ခဏစောင့်ဦး၊ ဝီ... မင်းဆီမှာ ဖုန်းပါလား"

"ပါတယ်"

"ငါ့ကိုပေး"

သူက ဝီလိုင်ဆီက ဖုန်းကိုလှမ်းယူပြီး တစ်ယောက်ဆီကိုဖုန်း စကားပြောလိုက်သည်။ ပြီးမှ

"မင်းတို့မှာ ငွေပါလား"

"ပါ..ပါတယ်..ချူး.."

"ငါ့ကိုဝမ်တစ်သောင်းလောက်ပေး.."

"ဟုတ်ကဲ့"

ကျော်စွာက တရုတ်ငွေကိုထုတ်ပေးလိုက်သည်။ တစ်နာရီ လောက်ကြာတော့ ကားတစ်စီးနှင့်လူတစ်ယောက်ရောက်လာခဲ့သည်။

"ချူး...ခေါ်တယ်ဆို"

"လာကွာ..ကွဲ..မင်းကိုငါက ဘိန်းဖိုးရှာပေးမလို့"

"လုပ်စမ်းပါ၊ ငွေပြတ်နေတာကြာပြီ၊ ဘာမှ ကောင်းတဲ့ အကွက်မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဆီကိုရောက်ရင်မိုးနတ်မင်းဆီကိုရောက်တယ်လို့ မှတ်လိုက်၊ ရော့...ဒီမှာငွေ.."

"ကျုပ်က ဘာလုပ်ပေးရမလဲ"

"မင်းအတွက် ဘာမှ အပန်းမကြီးပါဘူး၊ လူဝင်မှု ကြီးကြပ်ရေးရုံးထဲက လူ(၂)ယောက်ရဲ့နောက်ကြောင်းကို နှိုးထုတ်ပေးဖို့ပဲ ဘယ်လိုလဲဖြစ်နိုင်မလား"

"ကွီ..လောကမှာ မဖြစ်နိုင်ဘူးဆိုတာ မရှိဘူး၊ မနက်ဖြန်ရစေရမယ်၊ ငွေတော့ကြို့ပေး"

"ယူသွားပါကွာ"

"ဗြည်..ကွီ.."

"ဘာလဲဝီ.."

"မင်း ဟောက်ရှိုပိုင်ကောင်တွေရဲ့လှုပ်ရှားမှုကို ဘာတွေ [illegible]ထားလဲ"

"သိချင်ရင်ရတယ်လေ"

ကွီဆိုတဲ့သူက ငွေတောင်းတဲ့သဘောကြောင့် ကျော်စွာက ဝီလိုင်ဆီသို့လက်ကျန်ငွေကို ပေးလိုက်သည်။

"ရော့..မင်းဆိုတဲ့ကောင်က ငွေတော်တော်မက်တာပဲ"





"ဝီ..လူ့လောကကြီးမှာ ငွေမမက်တာဆိုလို့ဘယ်သူရှိလို့လဲကွ"

"ကဲ...ပြောမှာသာပြောစမ်းပါ"

"ဟောက်ရှိုပိုင် ဆိုတဲ့ငမွဲသူဌေးက ဘာတွေမဟုတ်တာလုပ်နေသလဲမသိဘူး၊ သူ့ကောင်တွေက မြန်မာပြည်က ကျင်ဖုန်းစောအစ်မကိုပန်လောတိုက်မှာဖမ်းထားကြတယ်၊ စောင့်နေရတဲ့ခွေးသားတွေတောင် ဘိန်းပြတ်လို့ သူတို့ငမွဲသူဌေးကို မျှော်နေကြ တယ်၊ အပြင်လည်းမထွက်ရ၊ ဘိန်းလည်းမဝယ်ရနဲ့၊ ဒုက္ခရောက်နေကြတာ၊ မနေ့ကတောင် ငါ့ကို ဘိန်းဝယ်ခိုင်းတာ၊ ငါက ဒီကောင်တွေနဲ့ မပတ်သက်ချင်တာနဲ့မသိချင်ယောင်ဆောင်နေတာ"

"ပန်လောတိုက်မှာ ရှိတာသေချာလားကွီ.."

"ခက်နေပြန်ပြီ၊ ကွီဆိုတဲ့ငါက ဘယ်တော့မှ လိမ်မစားဘူး"

"ဒါတော့ငါထောက်ခံတယ်ဟေ့"

"ကဲ.. ဒါပဲမဟုတ်လား၊ ငါလစ်မယ်၊ ခုကတည်းက ဝင်ပြီး လှုပ်ရှားဖို့အတွက်ပြင်ရမှာ၊ သွား...သွားပြီဟေ့"

ကွီထွက်သွားပြီးနောက်

"ဝီ...ကျုပ်တို့အတွက် မနက်ဖြန်ဟာ နောက်ဆုံးနေ့ရောက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဒီပါ…ပန်လောတိုက်ကို ဖောက်ဝင်ချင်လို့လား"

"ဖြစ်နိုင်ရင် ဝင်ချင်တယ်"

"ဒီ…"

"ပြောပါ ချူး"

"ခုနေဝင်ရင် သိပ်ပြီးကောင်းတာပေါ့၊ ဒီကောင်တွေ ဘိန်းပြတ်နေတာကို အသုံးချပြီးဝင်ကယ်ပေါ့ကွ"

"ဟုတ်ပြီ…"

"မင်းဆိုရင်ဒီကောင်တွေက အဝင်ခံမှာမဟုတ်ဘူး၊ လူးလူးကို ခေါ်သွားပြီးကွိက ဘိန်းရောင်းနိုင်းတယ်ဆိုပြီး လှုပ်ရှားကြတော့"

"သွားကြမယ် ကိုဒီပါ"

တရုတ်ချာတိတ်ကလေး လူးလူးကိုခေါ်ပြီး ပန်လောတိုက်ဘက်သို့ထွက်လာခဲ့ကြသည်။

"ပန်လောတိုက်ဆိုတာ ပြည်နယ်အုပ်ချုပ်ရေးမှူးကတော်က ဝယ်ထားတာလေ၊ ဘယ်သူမှ မဝင်ရဲဘူး၊ ဒါကြောင့် ဟောက်ရှီပိုင်တို့က ကောင်းကောင်းအသုံးချနေတာပဲ၊ လူးလူး၊ ငါပြောတာကို နားလည်တယ်နော်…"

"နားလည်ပါတယ် ဆရာ၊ ဒီကောင်တွေကို မင်းအထဲမှာ





ဘိန်းနဲ့မျှားပြီး ထား၊ ငါတို့ရအောင် ဝင်ပြီးကယ်မယ်"

"စိတ်သာချ၊ ဒီကောင်တွေက ဘိန်းသာရှူရရင် ဘာကိုမျှ ဂရုပြုတဲ့ကောင်တွေမဟုတ်ဘူး"

ပန်လောတိုက်မှာ လူတန်းစားအမြင့်တွေ နေထိုင်သော ရပ်ကွက်တစ်ခု ဖြစ်တာကြောင့် ဘေးဘက်တွေတွင် ခြံစည်းရိုးကြီးများနှင့် တစ်ဖက်တွင် ဖြစ်ပါနေမှုတွေကို မသိနိုင်ပေ။ ဝီလိုင်ကားကို ထိုးရပ်လိုက်ပြီး

"လူးလူး…မင်းသွားတော့၊ ငါတို့နောက်ကနေ လိုက်ခဲ့တယ်"

"ဟုတ်ကဲ့ဆရာ"

လူးလူးက ပန်လောတိုက်ရှေ့ခြံဝတွင်ရပ်ပြီး လူခေါ်ဘဲလ်ကို တီးလိုက်သည်နှင့်ခြံဝန်းထဲမှ လူတစ်ယောက်ထွက်လာပြီး လူးလူးနှင့် စကားရပ်ပြောကာ အထဲသို့ခေါ်သွားသည်။ တံခါးကို ပြန်ပြီးပိတ်ဖို့ တောင် မသိမရပေ။ လူးလူးကို ချူးဆီမှပါလာသော ဘိန်းမည်းထုပ်ကို ပေးလိုက်တာကြောင့် ဘိန်းပြတ်နေသော ဟောက်ရှီပိုင်လူတွေ အငမ်းမရ ရှူကြတော့သည်။

"ကိုဒီပါ…ရပြီ…ဝင်ကြမယ်"

တရုတ်ပြည်ကို အင်္ဂလိပ်သိမ်းပိုက်ခဲ့သော ဘိန်းစစ်ပွဲကို



www.burmeseclassic.com

www.burmeseclassic.com



သတိရမိလိုက်တော့သည်။ ရာဇာဒီပါတို့ပန်လောတိုက်ထဲကိုအခက်အခဲမရှိ ဝင်နိုင်ခဲ့ပြီး ဒေါ်ခင်ဖုန်းစောကို ရှာဖွေစဉ် အခန်းတစ်ခုထဲမှ အသံကိုကြားရတာကြောင့် တံခါးကိုဖွင့်ပြီးကြည့်တော့

"ဟင်..မင်းတို့ဘယ်သူတွေလဲ၊ မြန်မာတွေမဟုတ်လား"

"ဟုတ်ပါတယ် ဒေါ်ခင်ဖုန်းစောကို လာပြီးကယ်တာပါ"

"တကယ်ပြောတာလား"

"သွားကြရအောင်"

"ဟိုအစောင့်ကောင်တွေရော"

"အပြင်မှာ သူရှိက္ခာနဲ့သူတို့ ဘာကိုမှ ဂရုမစိုက်နိုင်ကြတော့ပါဘူး"

ရာဇာဒီပါတို့ဒေါ်ခင်ဖုန်းစောကို ဘာအန္တရာယ်မှမရှိဘဲ ကယ်တင်နိုင်ခဲ့ကြတော့သည်။

"မောင်ရင်တို့က မြန်မာပြည်ကနေတောင် လာပြီးကယ်ကြရတာပေါ့"

"ဟုတ်တယ် အန်တီ"

ရာဇာဒီပါ အကြောင်းစုံကိုရှင်းလင်းပြောပြလိုက်သည်။

"မိုက်လုတဲ့ မိကျင်၊ အင်းလေ ခုတော့ သူ့မိုက်ပြစ်ကို သူခံ





ရတော့မှာပါ၊ မောင်ရင်တို့နှစ်ယောက်ကို အန်တီ အရမ်းချီးကျူးပါတယ်ကွယ်၊ ကျေးဇူးလည်းတင်ပါတယ်"

"အန်တီ မြန်မာပြည်ကို ဘယ်လိုထွက်မလဲ"

"ဘာမှမပူနဲ့ သံရုံးကနေ အန်တီပြန်မှာပါ"

"ကိုဒီပါတို့လည်း ဒီညတော့ ကျုပ်အိမ်မှာ လိုက်အိပ်ပြီး မနက်ကျရင် ကွဲဆိက သင်္ဘောသံနောက်ကြောင်းတွေကိုယူပြီး မြန်မာပြည်ကိုပြန်ကြပေါ့"

"ဝီလိုင်"

"ပြောပါကိုဒီပါ"

"ခင်ဗျားနဲ့ ချူးတို့ကျေးဇူးကို မှတ်တမ်းတင်ထားပါ့မယ်"

"မလိုအပ်ပါဘူးဗျာ၊ ခင်ဗျားတို့လုပ်ဆောင်ကြတာ ကောင်းတဲ့ ကိစ္စပဲလေ၊ ကျုပ်က မြန်မာပြည်အတွက် တတ်နိုင်တဲ့ဘက်က ကျေးဇူးပြန်ဆပ်တာပါ"

ရာဇာဒီပါ ကားမောင်းနေတဲ့ ဝီလိုင် ပခုံးလေးကို ဆုပ်ကိုင်လိုက်လေတော့သည်။

၃ ၃ ၃



www.burmeseclassic.com

www.burmeseclassic.com

## ◂◂ ဇာတ်သိမ်းပိုင်း ▸▸

မဏိပူရဘဏ်ကြီးကို မြန်မာပြည်မှ ဖျက်သိမ်းပြီး ထွက်ခွာတော့မည်ဖြစ်သည်။ ထိုအတွက် ဘဏ်ပိုင်ရှင် ဟောက်ရှီပိုင်မှ နှုတ်ဆက်ပွဲတစ်ခုကိုခမ်းနားစွာကျင်းပပြီးရာဇာဒီပါတို့ထောက်လှမ်းရေးဌာနချုပ်မှတာဝန်ရှိသူတွေကို ဖိတ်ကြားထားလေသည်။





ထို့အပြင် သတင်းမီဒီယာတွေကိုလည်းဖိတ်ကြားလိုက်လေသည်။ ရဲချုပ်ကြီးနဲ့ တာဝန်ရှိသူတွေက မဏိပူရဘဏ်ကြီးကို သွားနှင့်ကြပြီဖြစ်သည်။ ရာဇာဒီပါနှင့်ကျော်စွာတို့က နောက်မှပြင်ဆင်စရာတွေကိုပြင်ဆင်ပြီးလိုက်ခဲ့ကြတော့သည်။

ရာဇာဒီပါ ရင်ထဲတွင် ကျေနပ်ခြင်းအပြည့်နှင့်လိုက်ပါလာလေသည်။

မဏိပူရဘဏ်ပိုင်ရှင်ကြီး ဟောက်ရှီပိုင်ကို သူလက်စားပြန်ပြီးချေရတော့မှာဖြစ်သည်။

"ဒီပါ"

"ဘာလဲကွ"

"ဒီတစ်ခါတော့ပွဲကပြီးဆုံးပြီနဲ့တူပါတယ်"

"ပြီးဆုံးပါပြီကွာ"

"ဒါနဲ့ ဒီပါ... ဟောက်ရှီပိုင်က ပြည်တွင်းပြည်ပ သတင်းဌာနတွေကိုဖိတ်ကြားထားတာ ဘာရည်ရွယ်ချက်လဲကွ"

"ရှင်းပါတယ်၊ ငါတို့ထောက်လှမ်းရေးတပ်ကို သိက္ခာချဖို့ကြံစည်ထားတဲ့သဘောပဲ၊ပြီးတော့ သတင်းဌာနတွေရှေ့မှာကျင်းဖို့စောလွှတ်မြောက်ဖို့အတွက်ကြိုးစားမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ခုတော့ သိပ်ပြီး နောက်ကျသွားပြီဆိုတာကို သူမသိသေးဘူးနော်.."

"မသိလို့နေမှာပေါ့ကွာ"

"ဒေါ်ခင်ဖုန်းစော လွတ်မြောက်သွားတာကို သူမသိသေးဘူးလား"

"မသိနိုင်သေးဘူး၊ ဘာလို့လဲဆိုတော့ သူ့ကောင်တွေက သူ့ကို သတင်းမပို့ဘဲ ကြိတ်ပြီးရှာနေကြမှာ"

"ဟုတ်ရဲ့လား ဒီပါ၊ မင်းက ဘယ်လိုလုပ်ပြီး သိလဲ"

"သိတာ မဟုတ်ဘူး ငါနဲ့ ဝီလိုင်က စီစဉ်ခဲ့တာကွ၊ သတင်းလွှင့်ပြီး ဟိုမှာရှိသလို ဒီမှာ ရှိသလို လုပ်ထားနိုင်းခဲ့တယ်၊ ဒါကြောင့် ဒီကောင်တွေ ပောက်ရှိုပိုင်ဆီကို သတင်းမပို့သေးဘဲ သူတို့နည်းသူတို့ဟန်နဲ့ ကြိတ်ပြီးရှာကြမှာ"

"မင်းက အကွက်ကိုစေ့နေတာပဲ"

"မစေ့လို့မရဘူးကျော်စွာ၊ တစ်ချက်လေးဟာသွားလို့မရတဲ့ အခြေအနေကို ရောက်နေပြီကွ"

"ငါတို့ကို ရှန်ဟိုင်းပုလိပ်နဲ့ထောက်လှမ်းရေးတွေကတော့ နည်းနည်းလေးမှ ကျေနပ်မှာမဟုတ်ဘူး"





"သေချာတာပေါ့ကျော်စွာရယ်၊ ဒါပေမဲ့ ငါတို့က သူတို့သိက္ခာကို ထိပါးစေတဲ့ကိစ္စ တစ်ခုမှ မလုပ်ခဲ့ဘူး၊ သူတို့လည်း သိလိုက်မှာ မဟုတ်ဘူးလေ၊ ဒေါ်ခင်ဖုန်းစော လွတ်သွားတာ သူ့နည်းသူ့ဟန်နဲ့ လွတ်မြောက်ခဲ့တယ်လို့ပဲ ထင်နေကြတာ"

"အင်းလေ... တစ်ဖက်နဲ့တစ်ဖက် အမြင်မစောင်းရင်တော့ ကောင်းတာပေါ့ကွာ"

ရာဇာဒီပါတို့ ကားလေးမှာ မဂ်ပူရာဘက်ကြီးထဲသို့ မောင်းဝင်လာနေပြီဖြစ်သည်။ ကားများရပ်သည့်နေရာတွင် ကားကိုရပ်လိုက်သည်နှင့် ဦးလက်ျာခေါင်က အနားသို့လျှောက်လာပြီး

"အောင်မြင်ခဲ့ကြရဲ့လား မောင်ဒီပါ"

"အောင်မြင်ခဲ့ပါတယ် အန်ကယ်"

"အေးကွာ.. မင်းတို့စွန့်စားမှုကို ဂုဏ်ယူပါတယ်"

"အန်ကယ့် ကျေးဇူးတွေလည်း ပါပါတယ်"

"ပောက်ရှိုပိုင်ကတော့ မင်းတို့ကို လူအများရှေ့မှာ သိက္ခာချဖို့အတွက် ပြင်ဆင်ထားတယ်"

"သဘောပေါက်ပါတယ် အန်ကယ်..."

"ကဲ...ကဲ.. သွားပြီး နှုတ်ဆက်လိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟောက်ရှိပိုင် ရပ်နေတဲ့နေရာဆီသို့ လျှောက်သွားကြပြီး အနားသို့ရောက်သည်နှင့်

"မြန်မာပြည်ကြီးက ထွက်ခွာသွားမယ်ဆိုတာ စိတ်မကောင်းပါဘူး ဟောက်ရှိပိုင်"

"ကျုပ်အတွက် မြန်မာပြည်ကရမယ့် အကျိုးအမြတ်ဟာ ဘာမှ မဖြစ်လောက်ပါဘူး"

"ဟုတ်ရဲ့လားဗျာ၊ ဘဏ်ကြီးကိုဆက်ပြီး ရပ်တည်လို့မရတော့လို့များ နောက်ဆုတ်သွားတာလားလို့"

"ဘာ...ပြောတယ်...မင်းက ငါ့ကိုစော်ကားတာလား"

"ကျုပ်စကားထဲမှာ အမှားပါသွားရင် တောင်းပန်ပါတယ်ဗျာ၊ ခင်ဗျားဘက်က ကျုပ်တို့အပေါ်မှာ မကောင်းတဲ့စိတ်တွေ မွေးထားလို့ မကောင်းခြင်းကို တန်ပြန်ရတာပါ"

"သူဌေး သတင်းမီဒီယာသမားတွေ အဆင်သင့်ဖြစ်ပြီ"

"ကောင်းပြီ ခုလာခဲ့မယ်၊ သွားလိုက်ပါဦးမယ်၊ စုံထောက်ကျော်ကြီးတွေရေ... သဟင်းရှင်းလင်းပွဲက ကောင်းချီးပေးသံတွေကို နားစွင့်လိုက်ပါဦး"

"စိတ်ချ...နားစွင့်နေမှာပါ"





သတင်းဌာနများ၊ စာနယ်ဇင်းသမားတွေ ထိုင်နေသောနေရာဆီသို့ ဟောက်ရှိပိုင် လျှောက်သွားပြီးနောက် ရဲချုပ်ကြီးကို မခိုးမခန့်တဲ့အပြုံးလေးနှင့်

"ရဲချုပ်ကြီးက မဏိပူရဘဏ်ကြီး အနုကြမ်းစီးမှုကို အရင်ရှင်းပြစေချင်ပါတယ်"

"ရှင်းပြရမှာပေ့ါဗျာ"

ရဲချုပ်ကြီး ထိုင်နေရာမှ ထသွားပြီး မိုက်ခရိုဖုန်းရှေ့တွင် ရပ်ကာ မဏိပူရဘဏ်အနုကြမ်းစီးမှုတွင် ပါဝင်ပတ်သက်သူတွေကို ပရိုဂျက်တာဖြင့် ပိတ်ကားတွင် ထိုးပြရှင်းလင်းလေသည်။

"ဟင်..."

ဟောက်ရှိပိုင်သည် ရဲချုပ်ကြီး ပရိုဂျက်တာဖြင့် ရှင်းလင်းမည့်အစီအစဉ်ကို လုံးဝမသိလိုက်ပေ။ မြန်မာပြည်တွင် ဖြစ်ပျက်ခဲ့သောနောက်ဆုံးအခြေအနေထိကို ရှင်းလင်းပြလိုက်ပြီး ဒေါ်ခင်ဖုန်းစောအမည်ခံ ဒေါ်ကျင်ဖုန်းစောရဲ့နောက်ကြောင်းတွေကို သက်သေခံပစ္စည်းတွေနဲ့ ရှင်းလင်းပြလိုက်သည်။

"ဟင်..."

"ဒီထက်သေချာတဲ့ သက်သေက ဟိုမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ.."

ဟောက်ရှိုပိုင် မယုံနိုင်အောင်ဖြစ်သွားသည်။ ကား ထဲမှ ဆင်းလာသူက ဒေါ်ခင်ဖုန်းစောပင်...

"သူဟာ တရုတ်ပြည်ပန်လောအိမ်ကြီးမှာ အဖမ်းခံထားရာကနေ မကြာခင်က ပြန်ပြီးလွတ်မြောက်လာသူတစ်ဦးပဲ။ ပြီးတော့ မဏိပူရဘဏ်တိုက်ကြီး စိန်တွေထားရှိတဲ့အခန်းကို ဖွင့်ခဲ့သူ ကောင်းဝီလျံမဟုတ်ပါဘူး။ ကောင်းဝီလျံရဲ့ညီချောင်ဝီလျံဖြစ်ပါတယ်။ ကောင်းဝီလျံသေဆုံးစဉ်က ရေခဲတိုက်မှာ ကောင်းဝီလျံရဲ့မျက်လုံးကိုထုတ်ပြီး တံခါးမကြီးကိုဖွင့်ခဲ့ခြင်းဖြစ်ပါတယ်။

ဟောက်ရှိုပိုင် မျက်နှာတွင် ချွေးစေးများပင် ကျနေလေ

"သိချင်တာများရှိရင် မေးနိုင်ပါတယ်"

ရဲချုပ်ကြီးမှ သတင်းထောက်တွေကို မေးခွန်းမေးခွင့်ပြုလိုက်သည်နှင့် သတင်းထောက်တစ်ဦးမှ

"မဏိပူရဘဏ်ကြီးကိုအနှောက်ယှက်စီးမှုကိုအဓိကခေါင်းဆောင်ကိုဖမ်းမိပါပြီလား"

"ဟုတ်ကဲ့.. မကြာခင်ပဲ ဖမ်းဆီးတော့မှာပါ... မဏိပူရဘဏ်ကြီးကိုအနှောက်ယှက်စီးဖို့ ဦးဆောင်ခဲ့သူဟာ မဏိပူရဘဏ်ကြီး ပိုင်ရှင်





ဟောက်ရှိုပိုင်ပဲဖြစ်ပါတယ်"

"ဟာ... ဟင်.."

"သူဟာ မြင်းလောင်းကြေးတွေရှုံးပြီး နောက်ဆုံး ဘဏ်ကြီးကို ဒေဝါလီခံရတော့မယ့်အပြင် ငွေကြေးပေးဆပ်နိုင်ခြင်းမရှိတာကြောင့် အရေးယူခံရတော့မယ့်အရေးက လွတ်မြောက်နိုင်ဖို့ နိုင်ငံတကာ စိန်ပြပွဲအတွက် အပ်နှံထားတဲ့ စိန်တွေကို တစ်ဖက်လှည့်နဲ့ အနှောက်ယှက်စီးခဲ့တာဖြစ်ပါတယ်။ သူကြိုးကိုင်ဆောင်ရွက်မှုနှင့် ပတ်သက်၍ သက်သေခံပစ္စည်းတွေရှိနေပါတယ်"

ရာဇာဒီပါတို့ ရရှိလာသော အချက်အလက်တွေကို ပြသ ...ာ်တော့မှ ဟောက်ရှိုပိုင် ဘာမှ မပြောနိုင်တော့ဘဲ ထိုင်နေရာမှ ထမည်အပြု

"စိတ်မကောင်းပါဘူး ဟောက်ရှိုပိုင်၊ မြန်မာပြည်စုံထောက်တွေက ခပ်ညံ့ညံ့မဟုတ်ဘူးဆိုတာကို ခင်ဗျားသဘောပေါက်လောက်ပါပြီနော်.."

"ချောက်.."

ဟောက်ရှိုပိုင်ကို ကျော်စွာက လက်ထိတ်ခတ်လိုက်ပြီး ကားဆီသို့ခေါ်ဆောင်သွားလေတော့သည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရာဇာဒီပါကတော့ ကျေနပ်စွာပြုံးရင်းနောက်မှလိုက်ခဲ့လေတော့သည်။

*ပရိသတ်ကြီးကိုအစဉ်လေးစားလျက်*

နှိုင်းမဟာ

BURMESE CLASSIC .com

www.burmeseclassic.com